http://www.dhammadownload.com




# လောက၊ ဓမ္မ၊ ဘဝ
# နီတိပဒေသာ

စိတ်ကူးချိုချိုစာတည်းအဖွဲ့ စုဆောင်းသည်။

http://www.dhammadownload.com

# လောက၊ ဓမ္မ၊ ဘဝ
# နီတိပဒေသာ

http://www.dhammadownload.com

စိတ်ကူးချိုချိုစာအုပ်

# လောက၊ ဓမ္မ၊ ဘဝ နိတိပဒေသာ

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်

http://www.dhammadownload.com



## လောကဓံတရား

ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းသည် လောကဓံတရားဖြစ်၍ မည်သူမျှရှောင်၍ မလွတ်နိုင်။ သို့ပါလျက် အမြဲချမ်းချမ်းသာသာနှင့် အချီးမွမ်းချည်းခံနေလိုသူတို့မှာ လောကဓံတရားကို မဆင်ခြင်နိုင်သူများ ဖြစ်ကြ၏။

http://www.dhammadownload.com



## တရားမပျက်နှင့်

မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်၊ တရားကိုစောင့်က တရားက ပြန်၍စောင့်လတ္တံ့။

●

## မကောင်းလျှင်မြင်

ညအိပ်ရာဝင်တိုင်း မိမိကိုယ်ကျင့်တရားကို ရိုးသားစွာ စစ်ဆေး၍ကြည့်။ မကောင်းသောအလုပ်၊ ယုတ်သောအလေ့ဟူသရွေ့ကို နေ့ညမဆိုင်း အမြန်ပြင်။

●

http://www.dhammadownload.com



## ကိုယ်ချင်းစာတရား

ကိုယ်ချင်းစာတရားကို မိမိသားမယား ဆွေမျိုးများအပေါ်၌သာမဟုတ်ဘဲ လူအများတို့အပေါ်၌လည်း မျှတ၍ထားပါ။

●

## တက်ကြွသောမာန်

ရေမပြည့်သောအိုး ဘောင်ဘင်ခတ်သည့်အလား ပညာဉာဏ်နည်းပါးသူသည် တက်ကြွသောမာန်ရှိ၏။ ဗာလလူညာ၊ ဉာဏ်မဲ့ရာတွင်၊ ငါသာပဏ္ဍိ၊ မိုးထိစိတ်က၊ မြင့်တက်စွ၏။

●

http://www.dhammadownload.com



## မွဲသောအစွမ်းသတ္တိ

အင်း၊ အိုင်၊ ခါးလှဲ့၊ လက်ဖွဲ့ဆေးဝါး စသည်များ ကား အခိုက်အတန့်မျှ အစွမ်းရှိသော်လည်း ရှိရာ၏။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါး ရိုးသားဖြူစင်အောင် ကျင့်ကြံခြင်းသာလျှင် ထာဝစဉ် အစွမ်းသတ္တိရှိစေနိုင်၏။

●

## စိတ်ကောင်းစိတ်မြတ်

အရာရာ၌ တတ်သိနားလည်သော်လည်း ကိုယ်ကျင့်တရားရှိသူနည်း၏။ ကောင်းကျိုးချမ်းသာကို လိုလားသူမှန်သမျှ စိတ်ကောင်းစိတ်မြတ်ကို အစဉ်ထားရာ၏။

●

http://www.dhammadownload.com



## သားကောင်းမိဘ

မိဘကောင်းသား၊ ခံရများ၏။ သားကောင်းမိဘ၊ ခံရခဲ၏။

●

## ယဉ်ကျေးသိမ်မွေ့ခြင်း

ယဉ်ကျေးသိမ်မွေ့ခြင်းသည် နူးညံ့သောမှုပွင့်နှင့် တူ၏။ နူးညံ့သောမှုပွင့်သည် မာကျောသောမြေကြီးကို ဖောက်၍ထွက်နိုင်သည်။

●

http://www.dhammadownload.com



## ဏှ္ခန္ဓြ

ဏှ္ခန္ဓြရသူကို နတ်နှင့်တကွသော လူတို့သည် ကြည်ဖြူမြတ်နိုးကြ၏။ ဏှ္ခန္ဓြဆိုသည်မှာ မျက်နှာ ထားမဟုတ်။ ကိုယ်၊ နှုတ်၊ စိတ် တည်ကြည်ဖြောင့်မတ် ခြင်းပင် ဖြစ်၏။

●

## နှလုံးရည်ပြည့်ဝသူ

ရွှေရတနာခစစ်တို့မည်သည် မီးချလေလေ အရောင် ထွက်၍ အသွေးတက်လေလေဖြစ်၏။ ထို့အတူ နှလုံး ရည်ပြည့်ဝသော သူတို့သည်လည်း ဒုက္ခအခက်အခဲ တွေ့လေလေ စိတ်နှလုံးမြင့်မြတ် ခိုင်မြဲလေလေ ဖြစ်၏။

●

http://www.dhammadownload.com



## အလိုကြီးသူ

အလိုကြီးသူမှာ ဥစ္စာဓနေ မည်မျှပင် ပေါများပြည့်ဝသော်လည်း ကျိုးငှက်ပမာ အဆီအသားမဖြစ်၊ အမြဲဆင်းရဲရ၏။ ရတတ်သရွေ့နှင့် ရောင့်ရဲလွယ်သူမှာ စမ်းရေတွင်းပမာ အမြဲပြည့်လျက် စိတ်ချမ်းသာရ၏။

●

## သေးငယ်သောအကျင့်ဆိုး

သေးငယ်သောမီးပွားသည် ကြီးကျယ်သောမီးတောက် မီးလျှံကြီးများကို ဖြစ်စေနိုင်၏။ ထို့အတူ သေးငယ်သော အကျင့်ဆိုးသည်လည်း ယုတ်မာသော အကျင့်ဆိုးကြီးများကို ဖြစ်စေနိုင်၍ နစဉ်က ပယ်ဖြတ်သင့်၏။

●

http://www.dhammadownload.com



## ဂုဏ်သိက္ခာ

လူတို့ကို မိမိတို့ဂုဏ်သိက္ခာကို စောင့်ထိန်းသည်ဆိုရာတွင် စိတ်ဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း စောင့်ထိန်းခြင်းနှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် စိတ်ဖြင့်စောင့်ထိန်းနိုင်စေကာမူ တကယ့်ကိုယ်တွေ့၌ စောင့်ထိန်းနိုင်သူကား ရှားလှချေ၏တကား။

●

## ကျေးဇူးမဲ့သူ

အသင်က ကျေးဇူးပြုထားသူတစ်ဦးသည် အသင်၏ကျေးဇူးမဲ့ကို ပြုပြောအံ့။ အဘယ်သို့ သဘောထားမည်နည်း။ ကျေးဇူးမဲ့သူမှာ သူ့အပြစ်သူခံလိမ့်မည်ဖြစ်၍ စိတ်မကွက်ဘဲ ဥပေက္ခာပြုခြင်းသည် သူတော်ကောင်းစိတ်ဖြစ်သည်ကို သတိပြုပါ။

●

## အမျိုးသမီးများ

အမျိုးသမီးများသည် ဝတ်မှုစားမှု၊ ဖီးလိမ်းပြင်ဆင်မှုတို့၌ စိတ်အားထက်သန် အတုခိုးလျှင်မြန်ဟဘ်၏။ သို့သော် မိကောင်းဖခင်သမီး ပီသရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် ဟိရိဩတ္တပ္ပရှိရေးတို့၌လည်း အလေးပြု၍ အတုခိုးသင့်၏။

## မိဘတို့ဝတ်

မိခင်ဖခင်တို့သည် သားသမီးများအား ဘုန်းကြီး၍ သက်ရှည်ခြင်းကိုသာ မြင်လိုကြ၏။ ဘုန်းကြီး၍ သက်ရှည်ကြောင်းတွင် မိဘတို့အား သားသမီးတို့က ပြုအပ်သော ဝတ္တရားများမပျက်ဖို့သာ [illegible]

http://www.dhammadownload.com



## စိတ်ကိုမနိုင်သူ

အပြောအဆိုအမူအရာ ဖောက်ပြန်နေသူအား လူကောင်းအခေါ်ခံသူတို့က လူရူးဟု ခေါ်ကြ၏။ လူကောင်းအခေါ်ခံပြီး ဘုရားရှိခိုး တစ်ပုဒ်ဆုံးရုံမျှ စိတ်ကိုမထိန်းနိုင်သူအား အသို့ခေါ်အံ့နည်း။

●

## အကျင့်စာရိတ္တ

ဆင်းရဲခြင်းသည် လူတို့၏ အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေတတ်၏။ ထို့အတူ စည်းကမ်းမရှိခြင်းသည်လည်း လူတို့၏အကျင့်စာရိတ္တကို ပျက်ပြားစေတတ်၏။

●

http://www.dhammadownload.com



## ယောက်ျားမြတ်

ယောက်ျားမြတ် အစဥ်ဖြစ်လိုသောသူတို့သည် သူတစ်ပါးသားမယားကို ဝေးစွာရှောင်ကြဥ်ကြရာ၏။ ခြေဆေးပြီးသောသူသည် ရွှံ့ညွန်ကို ရှောင်ကြဥ်သကဲ့သို့ သူတစ်ပါးသားမယားကို အထူးသဖြင့် ရှောင်ကြဥ်ကြရာ၏။

●

## ငွေနှင့်လူ

ငွေသည် တန်ဖိုးရှိ၏။ အထူးသဖြင့် ငွေမကိုင်ဖူးသူတို့ ငွေကိုင်ရလျှင် စိတ်ဖောက်ပြားတတ်၏။ ကိုးကျပ်၊ တစ်ဆယ်၊ ရှေးဝယ်ကိုယ်ပိုင်၊ မကိုင်ဖူးသူ၊ ကိုင်ရမူကား၊ ထိုလူစိတ်ထား၊ မော်ကြွားတက်ကြွ၊ ရူးတတ်စွ၏။

●

http://www.dhammadownload.com



## လူကောင်းနှစ်မျိုး

သတိတရားရ၍ လူကောင်းဖြစ်လာသူ၊ ဘေးရန်နှင့် မင်းပြစ်ကြောက်၍ လူကောင်းဟန်ဆောင်နေသူ ဟူ၍ လူနှစ်မျိုးရှိရာတွင် ဘေးရန်နှင့် မင်းပြစ်ကြောက်၍ လူကောင်းယောင်ဆောင်နေသူမှာ ရွှေရည်စိမ်နှင့်တူရကား၊ တစ်နေ့သ၌ ဇာတိရုပ်ပေါ်လာတတ်၏။

●

## ကြည်ညိုလောက်အောင်နေပါ

သူတစ်ပါး၏ လေးစားကြည်ညိုခြင်းကို ခံလိုသူမှန်သမျှသည် မိမိဂုဏ်သိက္ခာကို မိမိကျေနပ်လောက်အောင်ပြုလုပ်စောင့်စည်းခြင်းမရှိပါက သူတစ်ပါး၏ လေးစားကြည်ညိုခြင်းကို အဘယ်မှာခံရအံ့နည်း။

●

http://www.dhammadownload.com



## ရစရာရှိလျှင်မမေ့

လူတို့က မိမိတို့ပေးစရာရှိသည့်အခါ သတိမရ လေယောင် မေ့မေ့လျော့လျော့ဖြစ်တတ်သော်လည်း ရစရာရှိသည့်အခါကား နတ်၊ သိကြား နှိုးဆော်လေဟန် မကြာခဏသတိရတတ်၏။

●

## မသူတော်ကြီးများ

ဓားပြ၊ သူခိုး၊ လူဆိုးလူမိုက်ဆိုလျှင် လူကောင်း သူကောင်းမှန်သမျှ စက်ဆုပ်ရွံမုန်း၊ နှလုံးနာကြသည် သာဖြစ်၏။ ထိုထက် စက်ဆုပ်ရွံမုန်းဖွယ်ကောင်းသူ များကား လူကြီးလူကောင်းအခေါ်ခံလျက် စိတ်ယုတ် မာရှိသူ၊ လူမသူတော်ကြီးများ ဖြစ်ကြ၏။

●

http://www.dhammadownload.com



## မြင့်မြတ်သောစိတ်

လူတို့၏အကျင့်စာရိတ္တကို ပျက်ပြားစေနိုင်သော အကြောင်းအမျိုးမျိုးရှိရာတွင် ဆင်းရဲချို့တဲ့ခြင်းနှင့် စည်းကမ်းမရှိခြင်းများလည်း ပါဝင်၏။ သို့ရာတွင် စိတ်နေစိတ်ထား ဖြူစင်မြင့်မြတ်သူတို့ကား ဆင်းရဲချို့တဲ့ခြင်းနှင့် စည်းကမ်းမရှိခြင်းများကြောင့် မိမိတို့၏အကျင့်စာရိတ္တ ဂုဏ်သိက္ခာကို ထိခိုက်ညစ်နွမ်းခြင်း ခံကြလိမ့်မည်မဟုတ်ကုန်။

●

http://www.dhammadownload.com



## အရှက်နှင့်အကြောက်

မကောင်းမှုကို မကောင်းမှုမှန်းသိသဖြင့် ရှက်ကြောက်ရှောင်ကြဉ်ခြင်းထက် လူသိမည်ကိုရှက်သဖြင့် ရှောင်ကြဉ်ခြင်းသာ များ၏။ လောက၌ လူမသိအောင် ပြုလုပ်နိုင်သော မကောင်းမှုတို့သည် မကောင်းမှုသာ ဖြစ်သည်ဟု မျက်ကွယ်မျက်မှောက် ရှောင်ကြဉ်နိုင်မှသာလျှင် အထွတ်အထိပ်မြင့်မြတ်သော ရှက်ကြောက်ခြင်း (ဟီရိဩတ္တပ္ပ) ဖြစ်သည်ကို သိရာ၏။

http://www.dhammadownload.com



## စကျေးရှူးတရား

အမြောက်အမြားသော်လည်းကောင်း၊ အနည်းငယ်သော်လည်းကောင်း မိမိကို ကျေးဇူးပြုဖူးသူများသည် ရှိကြောအံ့။ ထိုကျေးဇူးတရားတို့ကို တုံ့ပြန်ပေးဆပ်နိုင်သည့်အခါ တစ်နည်းနည်းဖြင့် တုံ့ပြန်ပေးဆပ်ပါ။ မတတ်နိုင်သေးလျှင်လည်း နေပါ။ သို့သော် ကျေးဇူးရှင်တို့အား ကျေးစွပ်တတ်သည့် သူယုတ်မာတို့၏ အပြုအမူမျိုးကိုမူ မကြံစည် မပြုလုပ်ပါနှင့်။

http://www.dhammadownload.com



## အကျင့်သိက္ခာ

လိမ်လည်ကောက်ကျစ်ခြင်း၊ ခိုးခြင်း၊ လာဘ်စားခြင်း၊ ချောက်တွန်းခြင်း၊ သောက်စားခြင်း၊ သူ့သားမယားကို ပြစ်မှားကျူးလွန်ခြင်း စသောအမှုဆိုး၊ ဒုစရိုက်တို့ကို အားလုံးဖြစ်စေ၊ အနည်းဆုံး တစ်ပါးမျှဖြစ်စေ ဤတစ်သက်တွင် အသက်သေစေကာမူ မဖောက်ပြန်၊ မလွန်ကျူးပါဟု အဓိဋ္ဌာန်ပြုနိုင်က သင်၏ အကျင့်သိက္ခာ အနိမ့်၊ အမြင့်၊ အဆင့်အတန်းမှန်ကို ကောင်းသိနိုင်မည့်အပြင် အကျိုးထူးတရားကိုလည်း ဒိဋ္ဌခံစားရမည်ဖြစ်၏။

●

http://www.dhammadownload.com



# လူ့သိက္ခာ

သိက္ခာဆိုသည်မှာ အကျင့်ပင်ဖြစ်၏။ လူတို့ ကိုယ်ကျင့်တရားသည် သိက္ခာပင်ဖြစ်၏။ လိမ်လည် ကောက်ကျစ်ခြင်း၊ ဝါကြွားခြင်း၊ အဂတိလေးပါးလိုက် စားလျက် အမည်းကိုအဖြူ၊ အဖြူကိုအမည်းပြုလုပ် ခြင်း၊ ပန်းပြားပင်ကဲ့သို့ တောင်လေလာ တောင်ယိမ်း၊ မြောက်လေလာ မြောက်ယိမ်းပြုတတ်ခြင်း၊ ရသာလျှင် ဘုရားကရွှေကိုပင် ခွာတတ်ခြင်း၊ သူ့သားအိမ်ရာကို ကျူးလွန်တတ်ခြင်း၊ ထိုကဲ့သို့ ပြုမူလေ့ရှိသော လူစား မျိုးကား ကိုယ့်သိက္ခာကိုယ် မရှိသေခြင်းသာမဟုတ်၊ သိက္ခာဟူ၍ပင် မရှိတော့သောလူစားမျိုးဖြစ်၏။

●

http://www.dhammadownload.com



## ကြောက်စရာကောင်းသူ

ပညာရှိခြင်းသည် လိမ္မာခြင်းနှင့်တခြားစီဖြစ်၏။ ပညာရှိတိုင်းလည်း မလိမ္မာ၊ လိမ္မာတိုင်းလည်း ပညာမရှိ။ အလိမ္မာနှင့်ပညာ စွယ်စုံညီညွတ်သူကား ရှားဘိ၏။ ထို့ကြောင့် ဥစ္စာရှိတိုင်း အာဏာတန်ခိုးရှိတိုင်းလည်း ပညာရှိမဖြစ်နိုင်၊ အလိမ္မာမဖြစ်နိုင်ရကား ဓားပြ၊ သူခိုး၊ လူဆိုး လူရှုပ်တို့ထက် ပညာရှိ ဥစ္စာရှိ အာဏာတန်ခိုးရှိသူ လူယုတ်မာတို့ကို ပို၍ကြောက်စရာကောင်း၏။

●

http://www.dhammadownload.com



## အကြမ်းနှင့်အနု

ရန်ကိုရန်ခံရာတွင် ဒေါသနှင့် ခုခံခြင်းများ သလောက် မေတ္တာနှင့်ခုခံခြင်း အလွန်နည်း၏။ ရန်ကို ဒေါသနှင့်ခုခံရာတွင် နိုင်မယောင်နှင့် ရှုံးတတ်၍ မေတ္တာနှင့် ခုခံခြင်းမှာ ရှုံးမယောင်နှင့် နိုင်တတ်၏။ ထို့ကြောင့် (အကြမ်းမှုကို အနုနှင့်သာ အောင်စေရာ သည်။) ဟု ရှေးသူဟောင်းတို့ ဆိုကြကုန်၏။

●

http://www.dhammadownload.com



# ၆

အသက်မွေးဝမ်းကျောင်းအတွက်နှင့် ပတ်သက်၍ ဒုစရိုက်ဆယ်ပါးနှင့် စပ်လျဉ်းသောအလုပ်အကိုင် အကြံအစည်ဟူသရွေ့ကို ဘယ်အခါမှ မကြံစည်၊ မပြု လုပ်ပါနှင့်။ ကြံစည်ပြုလုပ်နေမိလျှင်လည်း အမြန်ဆုံး စွန့်ပစ်ပါ။ အသက်သေမည့်အကြောင်းပင် ဖြစ်လင့် ကစား ဒုစရိုက်ဆယ်ပါးတို့ကို မကျူးလွန်ပါဟူသော ဓိဋ္ဌာန်နှင့် စွဲစွဲမြဲမြဲအဓိဋ္ဌာန်ပြုထားနိုင်လျှင် သင့်အတွက် ထူးမြတ်သောအကျိုးတရားကို မျက်ဝါးထင်ထင် တွေ့ မြင်ခံစားရလတ္တံ့။

●

http://www.dhammadownload.com



## အာဇာနည်စိတ်ထား

နေသည် ထွက်ခါနီးအခါ၌လည်းကောင်း ဝင်ခါနီးအခါ၌လည်းကောင်း ထူးခြားခြင်းမရှိဘဲ အရောင်တစ်မျိုးတည်းကိုသာ ဆောင်လျက်ရှိ၏။ အာဇာနည်ပုဂ္ဂိုလ်သည် မြင့်တက်နေသောအခါ၌လည်းကောင်း၊ နိမ့်ကျနေသောအခါ၌လည်းကောင်း ထူးခြားခြင်းမရှိဘဲ စိတ်သဘောတစ်မျိုးတည်းသာ ထားလေ့ရှိ၏။

●

## အမျိုးယုတ်သူ

အမျိုးယုတ်သူ ထမင်းဝက မာနထန်သည်။ တန်ခိုးနုပ်သူ ကမြင်းထက အကျမြန်သည်။

●

http://www.dhammadownload.com



## ယောက်ျားသိက္ခာ

ရေ၏အတိမ်အနက်ကို ကြာစွယ်ကြာရိုးဖြင့် ချိန်ထိုး၍ကြည့်။ ယောက်ျားတို့၏ သိက္ခာသမာဓိကို မိန်းမ (သို့မဟုတ်) ငွေနှင့်စမ်း၍ကြည့်။

●

## ကာလဝိပါက်

ဝိပါက်ဟူသည်၊ ကြာမရှည်ခင်၊ ပြန်လည်နှောက်ပိုး၊ တက်တတ်မျိုးကြောင့်၊ သူ့ကျိုးကိုယ်ဖျက်၊ ကိုယ်လျှင်ပျက်အံ့။

●

http://www.dhammadownload.com



## ခွေးမြီးကောက်ကျည်တောက်စွပ်

လာဘ်စားသူ၊ လိမ်တတ်သူအား ကြယ်ယုံပင် တရားပြ၍ နားချသော်လည်း အခွင့်သာလျှင် လုပ်မြဲ လုပ်၏။ ကျင့်ညစ်ပါသနှာ၊ ဝမ်းတွင်းပါကျား၊ ဘယ်နည်း မပျောက်၊ ခွေးမြီးကောက်ကို၊ ကျည်တောက်စွပ်သို့ ပမာဟူ၏။

●

## တန်ဆာဆင်မှားသူ

ရွှေငွေ ရကာနှာ၊ ပေါများပါလည်း၊ ချိန်ခါမဟုတ် အနေစုတ်က၊ ဖော်ထုတ်ပြုပြင်၊ မဆင်ယဉ်နှင့်၊ ခမ်း ချင်ကြွားချင်၊ ပန်ရှုံ့လုပ်ချင်၍၊ ဆင်ပြင်ဝတ်စား၊ ပြုမိ မှားက၊ ဆုံးပါးဥစ္စာ၊ ကုန်ခန်းရာ၏။

●

http://www.dhammadownload.com



## သူယုတ်မာနှင့် သူတော်ကောင်း

သူယုတ်မာက မွေးဖွားတိုင်း သူယုတ်မာမဖြစ်နိုင်။ သူတော်ကောင်းက မွေးဖွားတိုင်းလည်း သူတော်ကောင်း မဖြစ်နိုင်။ စင်စစ်အားဖြင့် ယုတ်မာသောအမှုကို ပြုလုပ်၍သာ သူယုတ်မာဖြစ်နိုင်၍ ကောင်းမြတ်သောအမှုကို ပြုလုပ်၍သာ သူတော်ကောင်း ဖြစ်နိုင်သည်။

●

## ကတိ

ကတိကို အပေးမလွယ်ပါစေနှင့်။ ပေးပြီးကတိကို လည်း တည်မြဲပါစေ။

●

http://www.dhammadownload.com



## အမျက်ဒေါသ

အမျက်ဒေါသထွက်နေဆဲအခါ ဟုတ်မှန်ရာအကြောင်းအကျိုး၊ အကောင်းအဆိုးကို ခြားနား၍ မသိမမြင်နိုင်။ သို့အတွက် အမျက်ဒေါသထွက်နေဆဲအခါ တစ်စုံတစ်ရာ ပြုလုပ်ပြောဆိုခြင်းကိုမပြုဘဲ ဆိတ်ဆိတ်နေလျက် အမျက်ဒေါသပြေမှ ပြုလုပ်ပြောဆိုရာ၏။

●

## မျက်နှာလိုမျက်နှာရ

အထက်လူကိုသာ မျက်နှာလိုမျက်နှာရလုပ်ပြီး အောက်လူကို ဖိနှိပ်လေ့ရှိသောသူသည် လူယုတ်မာဖြစ်၏။ အထက်လူများအား နှစ်သိမ့်စေ၍ အောက်လူများနှင့် သင့်မြတ်အောင် ဆက်ဆံလေ့ရှိသောသူသည် သူတော်ကောင်းဖြစ်၏။

●

http://www.dhammadownload.com



## စိတ်သဘောထား

ဥစ္စာကြွယ်ဝသူ၊ အရွယ်နှင့် ရာထူးကြီးသူတိုင်း စိတ်သဘောထား ပြည့်ဝလိမ့်မည်မထင်နှင့်။ စိတ်သဘောထားပြည့်ဝခြင်း၊ သေးသိမ်ခြင်းမှာ ဥစ္စာကြွယ်ဝခြင်း၊ အရွယ်ရာထူးကြီးခြင်းနှင့် တခြားစီဖြစ်၏။

●

## တန်ခိုးအာဏာ

တန်ခိုးအာဏာ အခွင့်အခါကောင်းတို့မည်သည် စိတ်သဘောထား သေးသိမ်သူတို့အား မှောက်မှောက်မှားမှား အမူအကျင့်ကို ပျက်ပြားစေနိုင်၏။ စိတ်သဘောထားပြည့်ဝသူတို့အား အာဏာတန်ခိုးပြည့်ဖြိုးပိုင်သ လက်ဝယ်ရသော်လည်း တက်ကြွခြင်း၊ ဖောက်ပြန်ခြင်းကို မဖြစ်စေနိုင်။

●

http://www.dhammadownload.com



## အမှားနှင့်အမှန်

အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားစုံစမ်းသူ အလွန်ရှား၏။ စုံစမ်းစေကာမူ အမှန်အမှား ခွဲခြားသိမြင်သူရှား၏။ ခွဲခြားသိမြင်စေကာမူ အမှန်အမှားပြောနိုင်သူရှား၏။ ပြောနိုင်စေဦး၊ အမှားကိုစွန့်၍ အမှန်ကိုကျင့်သူရှား၏။

●

## ဟန်မလုပ်နိုင်သောအရာ

စိတ်ခိုင်သူများသည် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းတို့ကို မျက်နှာတွင် မပေါ်အောင်ချုပ်တည်းထားနိုင်၏။ သို့သော် ဆာလောင်ခြင်း၊ ငိုက်မြည်းခြင်း၊ ချစ်ခြင်းတို့ကိုမူကား မည်မျှပင်စိတ်ခိုင်စေကာမူ ဟန်မလုပ်နိုင်။

●

http://www.dhammadownload.com



## တရားသောအလုပ်

ဖြောင့်မတ်မှန်ကန်ခြင်းသည် တရားခြင်းဖြစ်၍ ကောင်းမွန်မြင့်မြတ်ကြောင်းကို မငြင်းနိုင်။ သို့သော် လည်း ကိုယ်ကျိုး၊ ကိုယ့်စီးပွားနှင့် ပတ်သက်လာသည့် အခါ တရားခြင်းကို မြင်နိုင်ခဲဘိတောင်း။

●

## လောဘကြီးသူ

လောဘကြီးသူအား တရားမျှတမှုကို မည်သို့ပင် ဟောကြားသော်လည်း နားမဝင်၊ သဘောမပေါက်နိုင် သဘောပေါက်မည့်အချိန်ကား လောဘကြောင့် သော ဘေးကျွေ့သောအခါ ဖြစ်၏။

●

http://www.dhammadownload.com



## ဝမ်းမြောက်ခြင်း မနာလိုခြင်း

လူတစ်ဦးတစ်ယောက် ချမ်းသာမြင့်မြတ်သော အခြေသို့ ရောက်သွားသည်ကြားလျှင် ဝမ်းမြောက်သလော၊ မနာလိုဖြစ်သလော၊ ဝမ်းမြောက်စိတ်သည် မြင့်မြတ်သူတို့စိတ်ဖြစ်၍ မနာလိုစိတ်သည် သဘောထားသေးသူတို့၏ စိတ်ဖြစ်၏။

●

## သေးငယ်သောအကျင့်ဆိုး

သေးငယ်သောမီးပွားသည် ကြီးကျယ်သော မီးတောက်မီးလျှံကြီးများကို ဖြစ်စေနိုင်၏။ ထို့အတူ သေးငယ်သော အကျင့်ဆိုးသည်လည်း ယုတ်မာသော အကျင့်ဆိုးကြီးများကိုဖြစ်စေနိုင်၍ နစဉ်က ပယ်ဖြတ်သင့်၏။

●

http://www.dhammadownload.com



## လူကပ်ပါးများ

မျက်နှာကြီးများထံတွင် မျက်နှာလို၊ မျက်နှာရ ပလီပလာပြောတတ်သူ၊ မိန်းမယောကျ်ား လူကပ်ပါး များ ရှိမြဲဖြစ်၏။ ထိုလူ့ကပ်ပါးများသည် မျက်နှာရဖို့ အတွက် ကြမ်းပိုးကို လိပ်၊ လိပ်ကို ကြမ်းပိုးဖြစ်အောင် ဖန်တီးပြောဆိုနိုင်စွမ်း၏။

●

http://www.dhammadownload.com



# ကောင်းအောင်ကျင့်

သုဘာသုတ၊ ဝေါဟာရဖြင့်၊ လောကအလို၊ ဟောပြဆိုတိုင်း၊ ထိုထိုအနိဋ္ဌ၊ ဒုန္နိမိတ်လည်း၊ မြဲကြိတ်မုချ၊ မဟုတ်စွတည်း။ ဓမ္မတရား၊ တိမ်းပါးမမူ၊ တည်သောသူအား၊ ဘေးဟူတုံလတ်၊ ဥပဒ်အပြစ်၊ မဖြစ်နိုင်ရာ၊ ကင်းကြစွာ၏။ သမ္မာဉာဏ၊ ပယောဂနှင့်၊ လုံ့လအားထူ၊ ကောင်းစွာယူ၍၊ ကောင်းမှုသဖြင့်၊ ကောင်းအောင်ကျင့်က၊ ယခင့်အတိတ်၊ နိမိတ်တဘောင်၊ တိတ်ရောင်ဥပါ၊ ခိုးဝှန်ဝါတို့၊ ထင်လာသမျှ၊ ကောင်းကြသည်ချည်း၊ မချွတ်တည်းရှင့်၊ လိမ့်လည်းမရှိ၊ မှန်လှဘိ၏။

●

http://www.dhammadownload.com



# လူ့သဘော

လူတို့တွင် အပြောနှင့်အလုပ်၊ အလုပ်နှင့်စိတ်ထား၊ တစ်သားတည်းညီညွတ်ဖြောင့်စင်းသူ အလွန်ရှား၏။ အပြင်တစ်မျိုး အတွင်းတစ်မျိုး၊ မရိုးမသား ကောက်ကျစ်စဉ်းလဲခြင်းသာ များ၏။ တိရစ္ဆာန်တို့ ကား အတွင်းအပြင် ဖြောင့်သောသဘောရှိ၍ မုန်းလျှင် မုန်းသည့်အလျောက်၊ ချစ်လျှင် ချစ်သည့်အလျောက် ပြုမူတတ်ရကား တိရစ္ဆာန်တို့အပြုအမူများကို အလွယ်တကူအားဖြင့်သိနိုင်၏။ လူတို့၏သဘောကိုမူ အလွယ်နှင့် သိနိုင်ရန် ခဲယဉ်းလှချေ၏တကား။

http://www.dhammadownload.com



## သီလစမ်းပွဲ

ခေတ်ပျက် ကာလပျက် ဗရုတ်ဗရက် အချိန် အခါမျိုးသည် တစ်နည်းအားဖြင့် လူတို့၏အကျင့် သီလ၊ သမာဓိကို ချိန်ထိုး၍ပြသကဲ့သို့ ဖြစ်၏။ လူရိုး လူကောင်း သူတော်ကောင်းဟု ခေါ်ဝေါ်သမုတ် ဟန် လုပ်နေစေကာမူ ထိုအချိန်အခါမျိုးတွင် သီလစမ်းပွဲသို့ ဝင်ကြသည့်ပမာ ယုတ်မာသောအကျင့် ယုတ်မာသော အပြုအမူတို့ကို ထိမ်ချန်ဖုံးဖိ၍ မထားနိုင်တော့ဘဲ အိတ် သွန်ဖာမှောက် ခြစ်ခြုတ်ထုတ်ဖော်၍ ပြတတ်ကုန်၏။

●

http://www.dhammadownload.com



# မာန

မာနဆိုသည်မှာ ထောင်လွှားတက်ကြွတတ်၏။ မာနကိုအမှီပြု၍ ကောင်းသောဘက်၌ မဖြစ်မနေကြိုးစားအားထုတ်ခြင်းသည် အဖိုးတန်၏။ သူတစ်ပါးအပေါ်၌ စိတ်ကြီးဝင် မာနရောက်လျက် သွေးမြောက်ခြင်း မာနမျိုးသည် ပစ္စုပ္ပန်၊ တမလွန် အကျိုးနှစ်ပါးကို ပျက်ပြားစေတတ်သည်။ မိမိ၌ရှိသော ပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်သိမ်၊ စည်းစိမ်ချမ်းသာ၊ ပညာဗဟုသုတတို့ကို အစွဲပြု၍ မာနထောင်လွှားခြင်းသည်လည်းကောင်း၊ ရှိသည်ထက် ပိုမို၍အထင်ကြီးကာ မာနထောင်လွှားခြင်းသည်လည်းကောင်း၊ ဘာမျှမရှိဘဲ ရှိသည်ဟုအထင်ကြီးကာ မာနထောင်လွှားခြင်းသည်လည်းကောင်း တစ်နေ့သောအခါ နောင်တကြီးစွာ ရတတ်၏။

●

http://www.dhammadownload.com



## အနှစ်ပြည့်သောသူ

စိတ်နေသဘောထားမြင့်မြတ်၍ အနှစ်ပြည့်သော သူတို့သည် အဆန်ပြည့်သော စပါးနှံနှင့် တူကုန်၏။ စပါးနှံသည် အဆန်ပြည့်လေလေ အောက်သို့ညွတ်လေလေ ဖြစ်သကဲ့သို့၊ ထို့အတူ စိတ်နေစိတ်ထားမြင့်မြတ်၍ အနှစ်ပြည့်သောသူတို့သည် ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာ တိုးလေလေ။ နှိမ့်ချသော နိဝါတတရား ရှိလေလေဖြစ်ကုန်၏။

●

## ထူးမြတ်သောဒါန

ခပ်သိမ်းသောအလှူဒါနတို့ထက် တရားတည်းဟူသော အလှူဒါနကို ပေးလှူရခြင်းသည် မြတ်လှသော မဟာဒါနဖြစ်၏။

●

http://www.dhammadownload.com



## လူပေါ်လူညာ

မိမိကိုယ်၌ရှိသော အရည်အချင်းထက် ပိုမို၍ အထင်ကြီးနေသူမှာ လူပေါ်ဖြစ်၏။ ထိုသို့အထင်ကြီးနေသူကို မီးလောင်ရာလေပင့်သကဲ့သို့ လုပ်နေသူများမှာ လူညာများဖြစ်ကြ၏။

●

## ငွေနှင့်ဇရောင့်ရဲခြင်း

ငွေရှိလျှင် ဘာမဆို လိုတရနိုင်သည်ဟု ထင်မှတ်ကြ၏။ ရောင့်ရဲခြင်းနှင့် စိတ်အေးချမ်းခြင်းကိုမူကား ငွေဖြင့် ဝယ်၍မရနိုင်။

●

http://www.dhammadownload.com



## ဗြဟ္မစိုရ်

ဗြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ၊ သတ္တဝါဟူ၊ ဦးမည်းဖြူတို့၊ ရှင်လူခပင်း၊ ရောဂါကင်းလျက်၊ ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊ ချမ်းသာစည်ကား၊ သက်ရှည်ပွား၏။

●

## ဝယ်၍မရသောအရာ

ကျန်းမာရေးကို ရွှေငွေစိန်ကျောက်တို့ဖြင့် ဝယ်ယူ၍မရနိုင်။ မိမိကိုယ်နှင့် စိတ်ကို ကျမ်းမာအောင် ဂရုစိုက်ပြုပြင်ခြင်းဖြင့်သာ ရနိုင်၏။

●

http://www.dhammadownload.com



## သုခနှင့်ဒုက္ခ

ကျန်းမာခြင်းသည် သုခ။ မကျန်းမာခြင်းသည် ဒုက္ခဖြစ်၍ သုခနှင့်ဒုက္ခသည် နံရံကလေးတစ်ချပ်သာ ခြားသကဲ့သို့ရှိ၏။ မကျန်းမာခြင်းဒုက္ခမှ လွတ်ကင်းစေရန် အသွားအလာ၊ အအိပ်အနေ၊ အစားအသောက်တို့ကို အထူးဂရုပြုရာ၏။

●

## စကားများ အမှားပါ

စကားများလျှင် အမှားပါတတ်သဖြင့် စကားများများပြောခြင်းကို ဆင်ခြင်သင့်၏။ စကားများများပြောခြင်းထက် ဆိတ်ဆိတ်နေခြင်းသည် အကောင်းဆုံးဖြစ်၏။

●

http://www.dhammadownload.com



## အဆင်းတွန်းမချသင့်

ဒုက္ခရောက်နေသူကိုတွေ့လျှင် ကူညီနိုင်က ကူညီပါ။ မကူညီနိုင်ရင်လည်း လျစ်လျူရှုပါ။ ရေနစ်နေသည့်သူကို ဝါးကူ၍နှစ်သလို တိုး၍ဒုက္ခရောက်အောင် မလုပ်ပါနှင့်။

●

## လုပ်ခနိုးနှင့်မျက်နှာ

မျက်နှာလိုချင်သူတို့မှာ မိမိတို့မျက်နှာရမည့်သူ လောက်ကိုသာ ခယဝယ ပြုလုပ်တတ်ကြ၏။ ထိုသူမျိုးတို့ကား အလုပ်တွင်ဖို့ထက် မျက်နှာရဖို့ကိုသာ ဂရုစိုက်သော လူညာများဖြစ်ကြ၏။

●

http://www.dhammadownload.com



## ရန်ငြိုး

ငါ့ကို ညှဉ်းဆဲသောသူ၊ နှိပ်စက်သောသူဟူ၍ ရေသာသည့်အလှည့် ကလဲ့စားချေရန် မကြံအပ်။ ရန်ငြိုးကို ချေပရန်ထားခဲ့သော် မစင်လူးသည်ကို ရေနှင့် မဆေးဘဲ မစင်နှင့်ပင် ဆေးသကဲ့သို့ ဖြစ်ရာ၏။

●

## လူကောင်းနှစ်မျိုး

သတိတရားရ၍ လူကောင်းဖြစ်လာသူ၊ ဘေးရန်နှင့် မင်းပြစ်ကြောက်၍ လူကောင်းယောင်ဆောင်နေသူဟု လူနှစ်မျိုးရှိရာတွင် ဘေးရန်နှင့် မင်းပြစ်ကြောက်၍ လူကောင်းယောင်ဆောင်နေသူမှာ ရွှေရည်စိမ်နှင့် တူရကား တစ်နေ့သ၌ ဇာတိရုပ်ပေါ်လာတတ်၏။

●

http://www.dhammadownload.com



## အမှန်မပြောလို

လူတို့သည် သူတစ်ပါးတို့မှန်ကန်စွာ ပြောဆိုခြင်းကို စင်စစ်နှစ်သက်ကြ၏။ သို့သော် မိမိတို့ကိုယ်တိုင်မူ အခါခပ်သိမ်း မှန်ကန်စွာပြောဆိုခြင်းကို မပြုတတ်ကြကုန်။

●

## အပြောကောင်းနှင့်စိတ်ကောင်း

စကားပြောကောင်းသူနှင့် စိတ်ထားကောင်းသူတို့တွင် စကားပြောကောင်းသူကို လူကြိုက်များတတ်၏။ သို့သော် မည်သူကောင်းသည်ကိုမူ တာရှည်ပေါင်းမှ အကြောင်းကို သိနိုင်မည်ဖြစ်၏။

●

http://www.dhammadownload.com



## များစွာဆိုတတ်၏

လောဘ၊ ရမ္မက်အားဖြင့် တပ်မက်သောသူသည် ဟုတ်သည့်စကား၊ မဟုတ်သည့်စကားများကို များစွာ ဆိုတတ်၏။ ဒေါသအမျက်အားဖြင့် ပြစ်မှားသောသူ သည်လည်း ဟုတ်သည့်စကား၊ မဟုတ်သည့်စကား များကို များစွာဆိုတတ်၏။

●

## ပညာရှိသူတို့သဘော

ကျောက်တောင်ကြီးသည် အရပ်လေးမျက်နှာမှ လာသောလေတို့ကြောင့် မတုန်လှုပ်ဘိသကဲ့သို့ ထို့အ တူ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း စသည်တို့ ကြောင့် မတုန်လှုပ်ကုန်။

●

http://www.dhammadownload.com



## လူညာများ

လင်းနို့ခွန်တောင်းလျှင်ကြွက်၊ ကြွက်ခွန်တောင်း လျှင် လင်းနို့လုပ်နေသူများ လူညာများ ရှိကြ၏။ ထို လူညာများသည် မျက်နှာပြောင်၍ အရှက်နည်းသည့် ပြင် မျက်နှာကြီးများကို မြှောက်၍ပေါင်းတတ်ကြ၏။

●

## တရားသာစွဲ

အများနှင့်ပတ်သက်သော အမှုကိစ္စတို့တွင် သူ့လူ ကိုယ့်လူ သူ့ဆရာ ကိုယ့်ဆရာဟု ပုဂ္ဂိုလ်မစွဲရ။ အပြု အမူ အယူအကျင့် အလုပ်သဘော ဖြောင့် မဖြောင့်၊ အရည်အချင်း ရှိ မရှိ စိစစ်၍ ပုဂ္ဂိုလ်ကိုမစွဲဘဲ တရားကို သာစွဲကြရာသည်။

●

## တကယ့်လူ

မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိတွေ့မှု အာရုံအမျိုးမျိုးတို့ကို မတွေ့မီ စိတ်ဖြင့်ရှောင်ကြဉ်နိုင်စေကာမူ တကယ်တွေ့ကြုံသောအခါ ရှောင်ကြဉ်နိုင်သူ ရှားပေသည်။ မကောင်းမှုနှင့် စပ်လျဉ်းသောအာရုံများကို တကယ်တွေ့ကြုံသောအခါ စိတ်ဖြင့်သာမဟုတ်ဘဲ ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်နိုင်မှသာ တကယ့်လူဟု ဆိုချိမ့်မည်။

http://www.dhammadownload.com



## အညှာလွှယ်ခြင်း

သစ်သီးဝလံများ အညှာလွှယ်ခြင်းသည် ကြွေကျလွယ်ခြင်းဖြစ်၏။ မိန်းကလေးများ အညှာလွှယ်ခြင်းသည် အခိုက်အတန့်မျှ မော်ရကြွားရ သုံးစွဲရသော်လည်း နောက်ဆုံး၌ အရှုံးအဖတ်တင်ပြီးလျှင် အမျိုးပါ ထိခိုက်နစ်နာသည်ကို ကိုယ်တွေ့မျက်မြင်ဖြစ်ကြ၏။ ထို့ကြောင့် မိန်းကလေးများသည် ဝတ်မှု၊ စားမှု၊ မော်ကြွားမှုဖြစ်သော လော်မာမှုများဖြင့် မိမိတို့ကိုယ်နှင့်တကွ အမျိုးဂုဏ်ကို မဖျက်ဆီးမိကြရန် သတိပြုကြရာ၏။

http://www.dhammadownload.com



## ဗေဒင်မေးရန်မလို

လူတစ်ဦးတစ်ယောက် ကြီးပွားတိုးတက်လာသည့်အခါ၊ မိမိနှင့်တန်းတူဖြစ်လာသည့်အခါ မိမိထက်သာသွားသည့်အခါ ဝမ်းသာသလော၊ မနာလို မရှုဆိတ်ဖြစ်သလော၊ ဝမ်းမသာဘဲ မနာလိုစိတ် ဖြစ်နေသေးလျှင် အောက်တန်းစားစိတ်မျိုးရှိသေးကြောင်း ဗေဒင်မမေးဘဲနှင့် မိမိကိုယ်မိမိ အတပ်သိနိုင်မည်ဖြစ်၏။

●

http://www.dhammadownload.com



## ဆေးမစားသောလူနာ

စာပေ ပရိယတ္တိတို့ကို တစ်ဖက်ကမ်းခပ် တတ်မြောက်အောင် သင်ကြားလေ့လာထားပါသော်လည်း ကိုယ်ကျင့်တရားမရှိငြားအံ့၊ ရောဂါပျောက်ကင်းစေနိုင်သော ဆေးဝါးတို့ကို အပြည့်အစုံဖော်စပ်ထားပါလျက် မမှီဝဲ မစားသုံးသော လူနာနှင့်တူ၏။

●

## လှူသမျှအပင်

ရှေးကအကြောင်း ကံဟောင်းထောက်မ၍ ယခုဘဝ ရရှိသည့်ဥစ္စာတွင် စားသမျှမစင်၊ ထားသမျှမသေခင်၊ လှူသမျှအပင်။

●

http://www.dhammadownload.com



# ဝါသနာဆိုး

ဝါသနာဆိုသည်မှာ အရပ်ဒေသ၊ အပေါင်းအသင်း ပတ်ဝန်းကျင်၊ ဝတ္ထုပစ္စည်း၊ အယူဝါဒတို့ကို အကြောင်းပြု၍စွဲသော ဝါသနာဆိုး၊ ဇာတိဘဝအဆက်ဆက်က ပါလာသမျှစွဲသော ဝါသနာဆိုးဟူ၍ အမျိုးမျိုးရှိ၏။ ထိုဝါသနာဆိုးအမျိုးမျိုးတို့သည် အရပ်ဒေသ၊ အပေါင်းအသင်း အားလျော်စွာ စွဲသောဝါသနာမှာ ပြုပြင်၍ရသော်လည်း ဇာတိအဆက်ဆက်ကပါလာသော ဝါသနာဆိုး အကျင့်ဆိုးတို့မှာကား ခွေးမြီးကောက် ကျည်တောက်စွပ်သည့်အလား ပြုပြင်၍ရခဲ၏။

http://www.dhammadownload.com



## မေတ္တာနှင့်တဏှာ

မေတ္တာနှင့် တဏှာမှာ သဘောချင်းနီးစပ်လျက် ရှိသောကြောင့် ဖွတ်မှမိကျောင်းဖြစ်လာသည့်ပမာ မေတ္တာမှ တဏှာသို့ ကူးပြောင်း၍လာတတ်သည်။ မေတ္တာနှင့်တဏှာ ရုပ်ပြောင်းနာမ်ကွာ ပြုလုပ်တတ်သောကြောင့် သူတစ်ပါးသားမယားဆိုလျှင် အလွန်ခင်မင်ရင်းနှီးခြင်း မဖြစ်ရလေအောင် မျက်စိနှင့် စိတ်ကို အထူးသတိထားရာသည်။

http://www.dhammadownload.com



## သတင်းအပုပ်နံ့

လူသေကောင်တို့၏အပုပ်နံ့သည် အနီးအနား လေသင့်ရာလူများကိုသာ နံစော်စေနိုင်သော်လည်း လာဘ်စားခြင်း၊ လိမ်လည်ကောက်ကျစ်ခြင်း၊ သူ့သား မယားကို ဖျက်ဆီးခြင်း၊ အကျင့်ပျက်ပြားခြင်း စသည့် လူတို့၏သတင်းအပုပ်နံ့ကား ပိတ်ပင်ဖုံးဖိ၍မရ။ လေ အောက် လေညာ နေရာမခြား တထောင်းထောင်းပြန့် ပွား နံစော်စေနိုင်၏။

http://www.dhammadownload.com



## အသက်ရှင်နေသူတိုင်း

မျက်စိအောက်၊ နားအောက်တွင် သေကြပျောက်ကြ၊ စည်းစိမ်ဥစ္စာပျက်စီးကြ၊ ဆွေကွဲမျိုးကွဲဖြစ်ကြရသည့် အဖြစ်အပျက်တို့မှာ မျက်လှည့်ပြသည့်ပမာ လွန်စွာလျင်မြန်ရကား အသက်မသေ ကြွင်းကျန်နေသူတိုင်း သတိသံဝေဂအရကြီးရကြဖို့ ကောင်းပါလျက် မရနိုင်ဘဲ အချင်းချင်းပျက်စီးနစ်နာအောင် ကြံစည်အားထုတ်ပြုလုပ်နေကြသည်မှာ ကြက်ခြင်းထဲမှ ကြက်များ အချင်းချင်း ခွပ်ဆိတ်နေကြသည်နှင့် တူလှချေ၏တကား။

http://www.dhammadownload.com



## ပလူးပလဲ

မိတ်ဆွေတု မိတ်ဆွေညာတို့မည်သည် မိုးအခါ ပြီးမြောက်၍ နွေပေါက်လျှင် သေကြသော နွယ်ပင်များ နှင့် တူကုန်၏။ ပေးကမ်းစွန့်ကြဲနိုင်စဉ် ပလူးပလဲလုပ်ခဲ့ သလောက် ဆင်းရဲညှိုးမှိန်နေသည့်အခါ အဖက်မလုပ် ဘဲ နေတတ်၏။

●

## လာဘ်လာဘ

လာဘ်လာဘပေါများခြင်းသည် လူတို့စိတ်ကို ဖောက်ပြန်တက်ကြွ မာန်မာနထောင်လွှားစေတတ်၏။ အကျင့်အာဟာရပြည့်ဝသူတို့သော်လည်း လာဘ် လာဘပေါများလာသည့်အခါ စိတ်ဖောက်ပြား၍ မှောက်မှားစေနိုင်၏။

●

http://www.dhammadownload.com



## အသက်ကြီးလျက် စိတ်မကြီးနိုင်သူ

အသက်အရွယ်ကြီးရင့်လာသည့်တိုင် စိတ်ကြီး၊ စိတ်ကောင်းမရှိသော လူကြီးများရှိ၏။ ထိုလူကြီးမျိုးကား အခွင့်သာလျှင် ယုတ်မာသောအမူအကျင့်ကို ကျင့်ကြံပြုလုပ်လေ့ရှိ၏။

●

## အပြောနှင့်အလုပ်

ပြောတိုင်းလုပ်၍ လုပ်တိုင်းပြောသည့်စိတ်သဘောထား ဖြူစင်သူ အလွန်ရှား၏။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး၊ မရိုးမသား မဖြောင့်မတ်သူ လူမသမာသာ အလွန်များ၏။

●

http://www.dhammadownload.com



## ကျေးဇူး

လူတစ်ဦးဦးအား ချီးမြှောက်ထောက်ပံ့ခြင်းသည် ကျေးဇူးပြုခြင်းမည်၏။ ကျေးဇူးကိုခံယူပြီးနောက် သတိရခြင်းသည် ကျေးဇူးတင်ခြင်းမည်၏။ ကျေးဇူးအတွက် စွမ်းအားရှိသလောက် တုံ့ပြန်ခြင်းသည် ကျေးဇူးဆပ်ခြင်းမည်၏။ ၎င်းတို့ကို စိတ်ထားမြင့်မြတ်သူတို့သာ သိကြ၏။

http://www.dhammadownload.com



## ရိုးသားဖြောင့်မတ်ခြင်း

မင်းပြစ်မင်းဒဏ်လွတ်ရုံမျှလည်းကောင်း၊ သူ ချီးမွမ်းခံရရုံမျှလည်းကောင်း ရိုးသားဖြောင့်မတ်ခြင်း သည် တည်ကြည်နိုင်မြဲသော ရိုးသားဖြောင့်မတ်ခြင်း မဟုတ်။ ထိုရိုးသားဖြောင့်မတ်ခြင်းမျိုးသည် အခွင့် သာလျှင်ဖြစ်စေ၊ အတန်ငယ်ဆင်းရဲဒုက္ခရောက်လျှင် ဖြစ်စေ အကျင့်ဖောက်ပြား၊ ဇာတိရုပ်ဘွားဘွားပေါ် တတ်၏။

http://www.dhammadownload.com



## ငွေစားသူ

ငရုတ်သီးမှန်လျှင် လူမသိအောင်ကြိတ်၍စားစား၊ ပြောင်စားစား စပ်မည်ကားမုချဖြစ်၏။ ငွေစားရာ၌လည်း ကြိတ်၍စားစား၊ ဒလန်နှင့်စားစား မတရားမှု၏ ဒဏ်ကို ခံရမည်မုချဖြစ်၏။

●

## ချစ်ကြောက်နှင့်ရွံ့ကြောက်

အထက်လူကြီးနှင့် အောက်လူငယ်တို့တွင် ချစ်ကြောက်နှင့် ရွံ့ကြောက်ဟူ၍ နှစ်မျိုးရှိရာ အောက်လူငယ်တို့၏ ရွံ့ကြောက်ထက် ချစ်ကြောက်ခံရခြင်းသာ လူကြီးလူကောင်း ဆိုသင့်၏။

●

http://www.dhammadownload.com



## ကတိသစ္စာ

"ကတိသစ္စာ၊ တည်သောခါ၌၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"ဟု ပညာရှိများ စပ်ဆိုခဲ့၏။ လူတို့ သစ္စာမဲ့သောကြောင့် ဆေးမြစ်ဝါးမြစ်များ တန်ခိုးမရှိခြင်းဖြစ်ရသည့်အခါ ဆေးဝါးညံ့ဖျင်း၍ဟု အပြစ်တင်တတ်ကြ၏။

●

## ကိုယ်ကျိုးရှာသူ

မျက်နှာကြီးများနှင့် ကပ်ရပ်ပေါင်းသင်း၍ ကိုယ်ကျိုးရှာနေသူ လူယုတ်မာများလည်း ရှိကုန်၏။ ထိုကိုယ်ကျိုးရှာသမား လူယုတ်မာများသည် ဘုရားနားကနေ၍ ဟောင်နေတတ်သော သတ္တဝါမျိုးနှင့်တူကုန်၏ ။

●

http://www.dhammadownload.com



## လူကြီးလူကောင်း

လူကြီးလူကောင်း (ဝါ) လူရိုးလူကောင်းဆိုသော ဂုဏ်ကို မလိုချင်သူဟူ၍ မရှိ၊ လူတိုင်းလိုချင်ကြ၏။ သို့သော် လူကြီးလူညာ၊ လူယုတ်မာတို့၏ အကျင့်ကို ကျင့်၍ လူကြီးလူကောင်းဆိုသော နာမည်ခံသူသာ များကြ၏။

●

## သားသမီးကောင်း

အမိအဘတို့အား စိတ်ချမ်းသာအောင် ပြုစုစောင့် ရှောက်ရသောအကျိုးသည် အလွန်ကြီးမြတ်ပေ၏။ ထို ကြီးမြတ်လှသော အကျိုးကို သားကောင်းသမီးကောင်း တို့သာလျှင် သိရှိလိုက်နာလျက်ရှိကြကုန်၏။

●

http://www.dhammadownload.com



## သူယုတ်နှင့် သူကောင်း

သူ့ကျေးဇူးကို စိတ်ဖြင့်သိလေ့မရှိ၊ နှုတ်ဖြင့်ပြောကြား၍ ထင်ရှားစွာသိလေ့မရှိသောအဖြစ်ကို သူယုတ်မာတို့လွှန်စွာနှစ်သက်၏။ သူတော်ကောင်းတို့ကား သူ့ကျေးဇူးကို စိတ်ဖြင့်သိပြီးလျှင် အခါအားလျော်စွာ နှုတ်ဖြင့်ပြောကြား၍လည်း ထင်ရှားစွာ သိလေ့ရှိသော အဖြစ်ကို လွန်စွာနှစ်သက်၏။

http://www.dhammadownload.com



## လူတိုင်း၏ဝါဒ

လူတန်းစေ့ ကောင်းကောင်းစားရမှု၊ လူတန်းစေ့ ကောင်းကောင်းနေထိုင်ရမှု၊ ချမ်းသာရမှု၊ ကျော်စောမှု အစရှိသည့် အကောင်းဟူသမျှကို လိုလားခြင်းသည် လူတိုင်း၏ဝါဒဖြစ်၏။ သို့သော် မိမိတစ်ကိုယ် ကောင်း၊ တစ်အိမ်ကောင်း ကောင်းစားမှုလောက်သာ မဟုတ်ဘဲ လူတိုင်းလူတိုင်း မိမိနှင့်ထပ်တူထပ်မျှ သဘောထားနိုင်မှ ထိုဝါဒအောင်မြင်နိုင်မည်ကို သဘောပေါက်သင့်၏ ။

●

http://www.dhammadownload.com



## ကုန်းချောခြင်းအလုပ်

မိမိ၏အကျိုးစီးပွားအလို့ငှာ တစ်ဖက်သားအား ရန်တိုက်ကုန်းချော မကောင်းကြောင်းပြောခြင်း အလုပ်သည် လူညံ့တို့၏အလုပ်သာဖြစ်၏။ မိမိ၏အကျိုးစီးပွားအတွက်ဖြစ်စေ၊ သက်သက်မုန်းတီး၍ဖြစ်စေ၊ ရန်တိုက်ကုန်းချောခြင်းအလုပ်ဖြင့် တစ်ဖက်သားအား နစ်နာဆုံးရှုံး နလုံးပူပန်ခြင်းကို ဖြစ်စေငြားအံ့။ တစ်နေ့သ၌ မိမိတို့ကိုယ်တိုင်လည်း ဒဏ်ပြန်ခံရတတ်သဖြင့် ပစ္စုပ္ပန်တမလွန် ရွံရှာစက်ဆုပ်ဖွယ်အလုပ်ဟု အထူးသဖြင့် ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



# စိတ်ချမ်းသာခြင်း

စိတ်ချမ်းသာခြင်း၏ တန်ဖိုးကို စိတ်မချမ်းမသာ ဖြစ်နေရသည့်အခါမှ သာ၍သဘောပေါက်ကြ၏။ သို့သော် မိမိတို့ကိုယ်တိုင် စိတ်ချမ်းသာခြင်းကို တန်ဖိုးထားသလောက် တစ်ဖက်သား၏ စိတ်ချမ်းသာမှုကို တန်ဖိုးမထားနိုင်ကြဘဲ စိတ်ဆင်းရဲရာ ဆင်းရဲကြောင်း ဖြစ်စေသော ကုန်းချောခြင်းအမှုကို ပြုလွယ်ပြောလွယ် တတ်ကြသည်မှာ ကိုယ်ချင်းစာတရား ခေါင်းပါးခြင်းနှင့် (သူ့အရင်ဖျက်၊ ကိုယ်လျှင်ပျက်) ဆိုသော တရားသဘောကို တွေးတောထိတ်လန့်မဖြစ်ခြင်းသာလျှင် အကြောင်းရင်းရှိလေသည်။

●

http://www.dhammadownload.com



## ချဖျက်ခြင်း

လူတို့အား လောဘရမ္မက်သည် နှိပ်စက်နေ၏။ ထို့ကြောင့်လည်း ဟာစ်စုံတစ်ရာ စောင်မကြည့်ရှု ကူညီထောက်ပံ့ရန်အကြောင်း ဖြစ်ပေါ်လာခဲ့သော် ကိုယ်ကျိုးကို အရင်ရှေးရှုတတ်ကြသည်သာ များ၏။ ကိုယ်ကျိုးမပါလျှင် ဘယ်အရာကိုမျှ ကူညီစောင်မ စွန့်ကြဲလိုသောဆန္ဒမရှိကြ။ တစ်ဖန် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်သည် ပိတ်ပင်တားဆီးလျက်ရှိပြန်ရကား ကျေးဇူးတရားကို မသိတတ်ကြ။ မသိတတ်ကြရုံသာမကသေးသူ့ကျေးဇူးကို ထိမ်မြှုပ်တတ်ကြကုန်၏။ ချေဖျက်တတ်ကြကုန်၏။

●

http://www.dhammadownload.com



# ကိုယ်သာသိ

(ကိုယ့်ဝမ်းနာ ကိုယ်သာသိ) ဆိုသလို မိမိ၏စိတ်နေစိတ်ထားညံ့နေသည်ကို မိမိသာလျှင် အသိဆုံးဖြစ်၏။ သို့သော် စိတ်နေစိတ်ထားညံ့နေပါလျက် ညံ့မှန်းလည်းမသိ။ မသိရုံသာမက အကောင်းထင်နေသူ၊ စိတ်နေစိတ်ထားညံ့နေသည်ကို သိလျက်မပြုပြင်ဘဲ ဇွတ်နှစ်နေသူများလည်း ရှိကြ၏။ မည်သို့ပင်ဖြစ်စေ ညံ့နေသော စိတ်နေစိတ်ထားကိုသိအောင် သတိထား၍အမြန်ပြုပြင်နိုင်ဖို့ အရေးကြီး၏။ သို့မဟုတ် အခြားလူကိုမဆိုထားနှင့် မိမိကိုယ်ကိုပင် မိမိ မကြည်ညိုနိုင်သောဘဝသို့ ရောက်ရတတ်၏။

●

http://www.dhammadownload.com



# လောကဝတ်နှင့်ရဟန်း

သူတော်ကောင်း ရဟန်းတို့မည်သည် သီလ စသော ရဟန်းတရားချွတ်မည်ကိုသာ စိုးသည်။ လောကဝတ်ချွတ်မည်ကို တစိုးတစိမျှမစိုး၊ လူဒါယကာတို့ သဒ္ဓါကြည်ညိုအောင် သစ်သီးပေးခြင်း၊ ဝါးပေးခြင်း၊ ရွာသူသားငယ်တို့ကို ထိန်းရခြင်း၊ ပဲနောက်ဟင်းနှင့် တူသော စကားကိုပြောဆိုခြင်း၊ အိမ်ခင်း၊ လယ်ခင်း၊ ယာခင်း စသော ဝတ္ထုကျမ်းအတတ်ကို ဟောပြောခြင်း၊ အစေအပါးခံ တမန်သည်အမှုကို ပြုခြင်း၊ လူတို့မှာလိုက်သော သတင်းစကားကို ဆောင်ခြင်း၊ လာဘ်ကို ငဲ့၍ တံစိုးပေးခြင်း၊ ဆွမ်းတုံ့ကွမ်းတုံ့ပြန်ခြင်း၊ ဆေးကုခြင်း၊ နွားမွေးခြင်း၊ လယ်လုပ်ယာလုပ်ခြင်း မပြုရာ။

●

http://www.dhammadownload.com



## ထူးမြတ်သောအရသာ

ခပ်သိမ်းသောအရသာတို့ထက် တရားတည်းဟူသော အရသာကို ပညာဖြင့် သုံးဆောင်ခံစားရခြင်းသည် ထူးမြတ်၏။

●

## နည်းလမ်းကောင်း

လူဟူသရွေ့၊ ဒုက္ခတွေ့သော်၊ သိမ်မွေ့ကောင်းစွာ၊ ကုသိုလ်သာလျှင်၊ ချမ်းသာရကြောင်း၊ နည်းလမ်းကောင်း၊ ဒါနဥပုသ်၊ စောင့်ကိုယ်နှုတ်ဖြင့်၊ မယုတ်အားကြိုး၊ ဤကျင့်ရိုးသည်၊ ကောင်းကျိုးချမ်းသာ၊ ကုသိုလ်တည်း။

●

http://www.dhammadownload.com



## ကုသိုလ်နှင့် အကုသိုလ်

ကုသိုလ်သုစရိုက်သည် လှေနှင့်တူ၍ အကုသိုလ် ဒုစရိုက်သည် ကျောက်ခဲနှင့်တူ၏။ အကုသိုလ်တည်း ဟူသောကျောက်ခဲသည် ကုသိုလ်တည်းဟူသော လှေ ထက်လေးက လှေနစ်မြုပ်လတ္တံ့။

●

## ဘုရားသားတော်စစ်

စာသင်စာချအလုပ်နှင့် ဝိပဿနာတရား အား ထုတ်သောအလုပ် နှစ်ခုသာလျှင် ရဟန်းတို့အတွက် ဘုရားရှင် ပြဋ္ဌာန်းထား၏။ ထိုပြဋ္ဌာန်းထားသော အလုပ်နှစ်ခုကို ကျင့်ကြံကြိုးကုတ် အားထုတ်နေသော ရဟန်းများသာ ဘုရားရှင်သားတော်အစစ်ဖြစ်ကြ၏။

●

http://www.dhammadownload.com



## ပစ္စည်းနှင့်ပစ္စည်းရှင်

စိန်ရွှေရတနာ ပစ္စည်းဥစ္စာတို့ကား ပစ္စည်းရှင်တို့ ကသော်လည်းကောင်း၊ ပစ္စည်းကသော်လည်းကောင်း စွန့်လွှတ်၍သွားသော်လည်း သွားရာ၏။ ကုသိုလ်တည်းဟူသော ပစ္စည်းဥစ္စာကား ကုသိုလ်ရှင်ဖြစ်သော သူကို ဘယ်အခါမျှ စွန့်လွှတ်သွားလိမ့်မည်မဟုတ်။

●

## မျက်နှာမလိုက်သောတရား

လမင်းသည် ဆင်းရဲချမ်းသာ၊ မျက်နှာကြီးငယ်မရွေး၊ အလင်းရောင်ကို ပေး၏။ ကုသိုလ်၊ အကုသိုလ်တရားတို့သည်လည်း ဆင်းရဲချမ်းသာ ပျိုအိုမရွေး အကျိုးပေးချိန်တန်က ပေးမည်မုချဖြစ်၏။

●

http://www.dhammadownload.com



## သောကမီး

စီးပွားပျက်သော်လည်းကောင်း၊ ဆွေမျိုးသားချင်းတို့ သေဆုံးသော်လည်းကောင်း၊ ရပ်တည်၍မရနိုင်အောင် သောကမီးတောက်လောင်ကြ၏။ ထိုအခါ မိမိထက်နစ်နာဆုံးရှုံးသူတို့ကိုကြည့်၍ တရားသုံးပါးကို ဆည်းကပ်ခြင်းဖြင့်သာ သက်သာရာရ၏။

●

## သုစရိုက်နှင့် ဒုစရိုက်

ကောင်းမြတ်သော သုစရိုက်တို့ကို မိမိ၏အသက်စည်းစိမ်ထက်ပင် ချစ်ခင်စောင့်ရှောက်ထိုက်၏။ ယုတ်မာသော ဒုစရိုက်တို့ကိုမူကား သေမည့်ဘေးထက် ကြောက်သင့်ကြောက်ထိုက် ရှောင်သင့်ရှောင်ထိုက်၏။

●

http://www.dhammadownload.com



## အကျိုးတရား

အခွင့်သာသည့်နေ့၌ မိမိတို့ပြုခဲ့သော ကောင်းမှု မကောင်းမှု၏အကျိုးကို မုချခံစားရမြဲဖြစ်၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့မည်သည် နှစ်ပေါင်းအသင်္ချေ ကြာသော်လည်း ပျောက်ပျက်သည်မရှိ။

●

## ကိုယ့်အပြစ်ကိုယ်ခံ

မကောင်းပြုကား ငါကား ငါ့ကံ ငါအမွေခံ၏။ ငါ့မိ၊ ငါ့ဖ၊ ငါ့ဆွေမျိုးစွာ၊ ညာတကာတို့၊ ဘယ်မှာနေကြ၊ ကိုယ်စားခံလိမ့်၊ နှစ်သိမ့်ပီတိ၊ ညဏ်ဖြင့်သိ၍၊ မိမိစိတ်၌၊ နှလုံးပိုက်လျက်၊ နှစ်ခြိုက်ကြည်ဖြူ၊ ထိုသည့် သူကား၊ နှစ်ဆူချမ်းသာ ရဖို့တည်း။

●

http://www.dhammadownload.com



## သဒ္ဓါနှင့်ပညာ

သဒ္ဓါလွန်လျှင် မကြည်ညိုသင့်သောသူကို ကြည်ညိုမိသဖြင့် အကျိုးနည်းတတ်၏။ အရှက်တကွဲသော်လည်း ဖြစ်တတ်၏။ ပညာလွန်လျှင် ကောက်ကျစ်စဉ်းလဲတတ်၏။ စိတ်ဖြင့်ကြံကာမျှဖြင့် ကုသိုလ်ရသည်ဟူ၍ ဒါနသီလ မပြုသဖြင့် အပါယ်ကျတတ်၏။

●

## အလှူဒါန

အလှူဒါနပြုလုပ်ကြရာ၌ အဖြူအနက် ရောယှက်ခြင်းမရှိအောင် အလူးသတိပြုရာ၏။ အဖြူအနက်ရောယှက်သောအလှူကား အကျိုးပေးရာ၌ ဘေးဆိုးရန်ဆိုးနှင့် ယှဉ်၍ပေးတတ်၏။

●

http://www.dhammadownload.com



## ကိုယ်ပိုင်ဥစ္စာ

လောကတွင် ရွှေငွေတိုက်တာ လယ်ယာခြံမြေ အစရှိသည်တို့ကို လူတို့၏ကိုယ်ပိုင်ဥစ္စာအစစ်ဟု မှတ်ထင်နေကြ၏။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုသာလျှင် သွားလေရာရာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာအစစ်ဖြစ်သည်ကိုမူ လူတိုင်း မသိကြချေ။

●

## ငါးပါးသီလ

ငါးပါးသီလသည် လူတို့အမြဲတမ်းစောင့်ထိန်းရန် သီလဖြစ်၍ သူတော်ကောင်းတို့အဖို့မှာ ဝန်မလေး။ သူယုတ်မာတို့အဖို့မှာကား ငါးပါးကို မဆိုထားနှင့်။ တစ်ပါး နှစ်ပါးမျှကိုပင် လုံခြုံအောင်စောင့်ထိန်းရန် ခဲယဉ်း၏ ။

●

http://www.dhammadownload.com



## အသံ

တိရစ္ဆာန် ခွေး၊ ကြက်၊ ငှက်သတ္တဝါတို့၏အသံမှာ ပရိယာယ်မပါသဖြင့် လွယ်ကူစွာသိနိုင်၏။ လူတို့၏အသံမှာမူကား ပရိယာယ်အမြေးယှက်သဖြင့် အတွေးခက် အသိခက် အမှန်းရခက်လှချေ၏တကား။

●

## အမွှေးနံ့

ပန်းတို့၏ အနံ့သည် လေအောက်သို့သာလျှင် တကြိုင်ကြိုင်လှိုင်၍ မွှေးနိုင်၏။ သီလတည်းဟူသော အနံ့ကား၊ လေအောက်လေညာ၊ နေရာမရွေး တကြိုင်ကြိုင်လှိုင်၍မွှေးနိုင်၏။

●

http://www.dhammadownload.com



## မချစ် – မလှ

ပုထုဇ္ဇန၊ ထိုမျှပုဂ္ဂိုလ်၊ များလူဗိုလ်တို့၊ မလိုမကောင်း၊ လိုလျှင်ကောင်းရှင့်၊ အဟောင်းအသစ်၊ ပျို့အိုဖြစ်လည်း၊ မချစ် မလှ၊ ချစ်လျှင် လှ၏။ လောကဓမ္မတာ၊ လူ့တံထွာတည်း။

●

## အငတ်များ

ငတ်မွတ်သည်ဆိုရာ၌ အစားအစာငတ်မွတ်ခြင်းလောက်သာ သဘောပေါက်သူများ၏။ ဂုဏ်ငတ်ခြင်း၊ တန်ခိုးငတ်ခြင်း၊ အာဏာငတ်ခြင်း စသည်တို့ကို သဘောပေါက်သူကား ရှား၏။

●

## စိတ်

လောက၌ စိတ်ထက် အကျိုးမဲ့ဆင်းရဲဒုက္ခဖြစ်အောင် ပြုတတ်သော တရားမရှိ၊ ကောင်းကျိုးချမ်းသာဖြစ်အောင် ပြုတတ်သော တရားလည်းမရှိ။

●

## ဩဝါဒနှင့် အနုသာသန

တစ်စုံတစ်ရာပြစ်မှုပေါ်ပေါက်မှ ဆုံးမခြင်းသည် ဩဝါဒမည်၏။ ပြစ်မှုမပေါ်ပေါက်မီ ကြိုတင်၍ဆုံးမခြင်းသည် အနုသာသနမည်၏။

●

http://www.dhammadownload.com



## ပြုအပ်သောကျေးဇူး

သူယုတ်မာတို့အား ကျေးဇူးပြုသဖြင့် ပေါင်းသင်းအကျိုးဆံရခြင်းသည် သဲထဲရေသွန်သောရေပမာ လျင်စွာခန်းခြောက် ပျောက်ပျက်လွယ်၏။ သူတော်ကောင်းတို့အား ကျေးဇူးပြုသဖြင့် အဆွေခင်ပွန်းဖွဲ့ရခြင်းသည် သမုဒ္ဒရာ၌ရှာသောမိုးရေပမာ ကမ္ဘာဆုံးအောင် တည်မြဲ၏ ။

●

## မတိုင်ပင်ကောင်း

အကြင်သူသည် မိန်းမလိုက်စား၊ လောင်းကစားနှင့် သောက်စားမှုးယစ် အပျော်ကြူးလေ့ရှိအံ့၊ ထိုသူအား ရေးကြီးခွင်ကျယ်၊ တိုင်ပင်ဖွယ်တို့ကို မတိုင်ပင်မဆွေးနွေး မပြောကြားရာ။

●

http://www.dhammadownload.com



## အနီးပေါင်းဆိုး

အဝေးပေါင်း ကောင်းသော်လည်း အနီးပေါင်းဆိုးသည့် ဆွေမျိုးဉာတိ မိတ်ဆွေယောင်တို့ အများရှိ၏။

●

## အမြောက်သမား

လူတို့သည် စီးပွားဥစ္စာ ရာထူးဂုဏ်ထူး တိုးတက်လာသည့်အခါ အမြောက်သမား အခြွေအရံများကို ကြပ်ကြပ်သတိပြုအပ်၏။ အမြောက်သမားများက မြောက်သည်ကို မိမိ တကယ်တော်၍ ရိုးရိုးချီးမွမ်းသည်ဟု အထင်မှားတတ်၏။

●

http://www.dhammadownload.com



## ကူးဖော်လောင်းပက်

ရွှေသော ငွေသော၊ ဘယ်လိုပေါလည်း နှမြောစုံ
မက် မလှူရက်က တစ်သက်လျှာ/ မှာ လူဖြစ်နှာ၏။
ဆွေသောမျိုးသော၊ ဘယ်သို့ပြောလည်း၊ စောကြောချင့်
မြော်၊ အရေးပေါ်က၊ ထွက်ပေါ်ကူညီ၊ ရခဲသည်တည့်။

●

## ပညာကိုအသုံးပြုနည်း

အခါအခါ၊ မရောက်ရာဌ၊ ပညာမိမိ၊ ရှိသည်အ
ဖြစ်၊ ကိုယ့်သနစ်ကို၊ ဖွင့်လှစ်ထင်စွာ၊ မပြရာဘူး၊
ကြောင်လက်သည်းဝှက်၊ ပြင်မထွက်ဘဲ၊ ထဲနက်ထား
သို၊ ခါရောက်လိုမှ၊ ပဟိုရ်ရွှေစည်၊ တီးတိုင်းမြည်သို့။

●

## အလိမ္မာစာမှာရှိ

စာမတတ်၍ စာကိုသင်၊ စာကိုမြင်မှ မိုက်မှန်း
အရသာကိုနှိုက်၍ကြည့် တိုး၍မိုက်မှန်းသိ။

●

## ဘုရားအလို

ဤလောကဋ္ဌ၊ မုချတရား၊ မဟုတ်ပြောသည်၊ ဘုရားအလို၊ နက္ခတ်ဂြိုဟ်နှင့်၊ နဂိုရ်ယာယီ၊ လောကီပါ ဟူသမျှကား၊ ဓမ္မမစောင်း၊ သူတော်ကောင်းအား၊ ပျက် ကြောင်းစင်စစ်၊ အပြစ်တစ်ခု၊ မပြုနိုင်ရာ၊ မှန်လှစွာ

●

http://www.dhammadownload.com



## စိတ်ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း

အချို့ ဝင်ငွေအနည်းငယ်မျှရှိသော်လည်း စိတ်ပျော်ရွှင်ချမ်းသာ၍ အချို့ ဝင်ငွေအမြောက်အမြားရှိလျက် စိတ်ပျော်ရွှင်ခြင်းမရှိ။ လူတစ်ဦးတစ်ယောက်၏ စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှုသည် ဝင်ငွေအနည်းအများအပေါ်၌ အခြေပြုသည်မဟုတ်ကြောင်း ထင်ရှား၏။

●

## ဗြဟ္မစိုရ်

ဗြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ၊ သတ္တဝါဟူ၊ ဦးမည်းဖြူတို့ ရှင်လူခပင်း၊ ရောဂါကင်းလျက်၊ ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့် သက်ရှည်ပွား၏။

●

http://www.dhammadownload.com



## အကောင်းဆုံးဆေးနည်း

စောစောအိပ်၊ စောစောထ၊ နေ့စဉ်မှန်မှန် လမ်းလျှောက်။ ကျန်းမာရေးအတွက် ငွေမကုန်ဘဲ အကောင်းဆုံးဆေးနည်းတည်း။

●

## ဆန်ကာတင်မိတ်ဆွေစစ်

စောင်မကြည့်ရှု ပြုစုပေးကမ်းနိုင်စဉ်၊ ရာထူးဂုဏ်သိမ်ရှိနေစဉ်၊ ခေါ်ငင်ခယ ပလူးနေသူမှန်သမျှသည် အားလုံးမှာ မိတ်ဆွေစစ် မမှတ်ယူရာ၊ စီးပွားပျက် ဂုဏ်သတင်းညှိုးမှိန်ဘေးတွေ့သောအခါ ကူညီမှသာလျှင် ဆန်ကာတင်မိတ်ဆွေစစ်ဟု တစ်ထစ်ချမှတ်ယူရာ၏။

●

http://www.dhammadownload.com



## စာချုပ်တိုင်းမခိုင်လုံ

ရိုးသားဖြောင့်မတ်သူနှင့် ဆက်ဆံရခြင်းသည် အဖိုးတန်စာချုပ်များနှင့် ချုပ်ဆိုထားသည်ထက် ခိုင်လုံစိတ်ချရ၏။ မရိုးသားမဖြောင့်မတ်သူနှင့်ကား မည်မျှအဖိုးတန်သောစာချုပ်နှင့်ပင် ချုပ်ဆိုထားစေကာမူ ဆိုလိုအပေါက်ရှာ၍ ကောက်ကျစ်တတ်၏။

●

## မိတ်ဆွေဖောင်း

ကံဟောင်းထောက်မ၍ ကြွယ်ဝချမ်းသာ တန်းမြင့်နေသည့်အခါတွင် မိတ်ဟောင်းဆွေဟောင်း ညှိုးငယ်နေသူအပေါင်းကို မမေ့အပ်။ တတ်နိုင်သမျှ စောင်မကြည့်ရှုရာ၏။ အလှူဒါနပြုသည့်အခါလည်း ပိုမိုဂရုစိုက်သင့်၏။

●

http://www.dhammadownload.com



## မိတ်ဆွေအမျိုးမျိုး

မေးထူးခေါ်ကြား ပေါင်းအပ်သူ၊ ကိုယ်ပေါင်းစိတ်ခွာ ပေါင်းအပ်သူ၊ ရင်းရင်းနှီးနှီးပေါင်းအပ်သူ စသည်ဖြင့် မိတ်ဆွေအမျိုးမျိုးရှိရာ၊ ရင်းရင်းနှီးနှီးပေါင်းအပ်သူကို မေးထူးခေါ်ကြား ခပ်ခွာခွာပေါင်းသင်း၍ စိတ်ပေါင်းကိုယ်ခွာပေါင်းအပ်သူတို့ကို ရင်းရင်းနှီးနှီးပေါင်းသင်းက အကျိုးစီးပွား ပျက်စီးဟတ်၏။

●

## ချစ်လှ၊ လိုကောင်း

အဟောင်းအသစ်၊ ပျို့အိုဖြစ်လည်း၊ မချစ်မလှ၊ ချစ်လျှင်လှ၏။ လောကမြေတာ၊ လူတံထွာတည်း။ ပုထုဇ္ဇန၊ ထိုမျှပုဂ္ဂိုလ်၊ များလူမိုလ်တို့၊ မလိုမကောင်း၊ လိုလျှင်ကောင်းရှင့်။

●

http://www.dhammadownload.com



## အလိမ္မာနှင့်အမိုက်

လူတို့၏စိတ်သည် မကောင်းသည့်ဘက်သို့ လိုက်ပါရမည်ဆိုလျှင် တောင်ပေါ်က စီးဆင်းသည့်ရေပမာ လျင်စွာလိုက်ပါတတ်၏။ လူလိမ္မာနှင့်ကြာကြာ ပေါင်း၍ နည်းကောင်းအလိမ္မာရစေကာမူ၊ လူမိုက်နှင့်ပေါင်းက မိုက်ကြောင်းနိဿယကို ခဏချင်းရလွယ်၏။

●

## မိန်းကလေးတို့၏ နှလုံးသွင်းပုံ

မိန်းကလေးတို့ကို မြင်သည့်အခါ မိမိတို့အရွယ်ဝုဒ္ဓိအလိုက် မြေး၊ သမီး၊ နှမ၊ တူမများကဲ့သို့ မြင့်မြတ်သောစိတ်သဘောကို ထားရာ၏။ သွားရည်တမြားမြားကျမလောက်ဖောက်ပြန်သော စိတ်သဘောထားရှိသူတို့မှာ သူယုတ်မာများ ဖြစ်ကြ၏။

●

http://www.dhammadownload.com



## ချွတ်ယွင်းချက်

လူတိုင်းတွင် ချွတ်ယွင်းချက် အနည်းနှင့် အများရှိမြဲဖြစ်၏။ ချွတ်ယွင်းချက်လုံးဝကင်းသူဟူ၍ မရှိ။ ချွတ်ယွင်းချက်ကင်းသောသူကိုမှ ပေါင်းသင်းမည်ဆိုလျှင် လောက၌ ပေါင်းသင်းရမည့်သူဟူ၍ ရှိတော့မည်မဟုတ်ချေ။

●

## အရိုးကိုရှောင်

အခါကောင်းတွင် လူဖြစ်ခိုက် စိုက်လည်းစိုက်၊ ထားလည်းထား၊ စားလည်းစား၊ အရိုးအရင်းကိုဖယ်၍ စား၊ ကျောက်ခဲကို မဝါးမိစေနှင့်။

●

http://www.dhammadownload.com



## မသင့်တင့်နိုင်

တစ်ကိုယ်ကောင်း ချမ်းသာဖို့လောက်သာ လောဘဖြစ်သူတို့ကား မိမိအိမ်သူအိမ်သားများနှင့် မသင့်တင့်နိုင်၊ မိမိတစ်အိမ်ထောင်လောက်သာ ချမ်းသာဖို့ ကြံသူတို့ကား အိမ်နီးပါးချင်းတို့နှင့် မသင့်တင့်နိုင်။ မိမိဆွေမျိုးလောက်သာ ကောင်းစားဖို့ ကြံသူတို့ကား အခြားလူစိမ်း သူစိမ်းတို့နှင့် မသင့်တင့်နိုင်။ မိမိတို့လူမျိုးလောက်သာ ကောင်းစားချမ်းသာဖို့ ကြံသူတို့ ကား အခြားလူမျိုးများနှင့် မသင့်တင့်နိုင်။

●

http://www.dhammadownload.com



# အိမ်ရှေ့မှုလျှင်

ဘယ်သူဘာပြောပြော ငွေရှိလျှင် ဘာမဆိုရနိုင်သည်၊ အစားလည်းမပူရ၊ အဝတ်လည်းမပူရ၊ ဘာမှမပူရဟု ယူဆနေသူများ ရှိသည်။ ငွေရှိ၍ မိမိတို့အဖို့ တစ်အိုးတစ်အိမ်ထောင် ပြည့်စုံဖူလုံသည် ထားဦးတော့ အိမ်နီးပါးချင်း၊ တစ်ရပ်လုံး၊ တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး၊ ဝပြောသာယာမရှိက အိမ်ရှေ့ပူ၍ အိမ်နောက်မချမ်းသာ ဖြစ်ရတတ်သည်ကိုလည်း သတိပြုသင့်၏။

●

http://www.dhammadownload.com



## အခုံအစာ း

ဂုဏ်တော်၊ ဂါထာတော်နှင့် ပရိတ်တော်တို့ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ကုသိုလ်ကံအကျိုးဆက်ကို လျင်လျင်မြန်မြန် ရစေတတ်၏။ အကုသိုလ်ဘေးရန် ပင် ဖြစ်လင့်ကစား မကျရောက်မကပ်ငြိအောင် ကာကွယ်စေနိုင်သည့် စစ်ကူများကဲ့သို့ တန်ခိုးလည်းရှိ၏။

●

## သောမနဿနှင့် ဥပေက္ခာ

သောမနဿကုသိုလ်ရှင်မှာ သဒ္ဓါနှင့်ပညာတို့တွင် သဒ္ဓါလွန်ကဲရကား လောကဓံတရားနှင့်တွေ့ကြုံလျှင် တုန်လှုပ်လွယ်၏။ ဥပေက္ခာကုသိုလ်ရှင်မှာ သဒ္ဓါနှင့် ပညာတို့တွင် ပညာလွန်ကဲရကား လောကဓံ တရားနှင့်တွေ့ကြုံလျှင် တုန်လှုပ်ခဲ၏။

●

http://www.dhammadownload.com



## မကျန်းမာသူ

ဥစ္စာရှိ၊ ဂုဏ်ရှိ၊ ရဲစွမ်းသတ္တိ မည်မျှပင်ရှိသော်လည်း မကျန်းမာလျှင် အချည်းနှီးသာတည်း။ ကျန်းမာရေးအတွက် ဆေးကိုအားကိုးခြင်းထက် အစားအသောက် အအိပ်အနေ ကျန်းမာအောင် ဂရုစိုက်ခြင်းသည် အကောင်းဆုံးဖြစ်၏။

●

## အာရုံ – အာဂုံ

အပူကြုံသော်လည်း ဘုရားဂုဏ်ကို အာရုံမပျက်နှင့်၊ လူယုံသော်လည်း စကားကုန် အာဂုံမဖွက်နှင့်။

●

http://www.dhammadownload.com



## လူရည်လူကဲ

ရွှေရည်ရွှေကဲ မြောက် မမြောက်ကို မှတ်ကျောက်နှင့်စမ်း၊ လူရည်လူကဲ ရောက် မရောက်ကို ချီးမြှောက်၍စမ်း။

●

## ရွှေအိုးနှင့်မြေအိုး

သူတော်ကောင်းတို့ သဘောကား ရွှေအိုးနှင့်တူ၏။ ကွဲသော်လည်း ဆက်၍ရနိုင်၏။ သူယုတ်မာတို့ သဘောကား မြေအိုးနှင့်တူရကား ကွဲသော်လည်း ဆက်၍မရနိုင်တော့ချေ။

●

http://www.dhammadownload.com



## နားကြားပြင်း

ကောင်းစားကြီးမြင့်နေစဉ် ဆင်းရဲဒုက္ခရောက်ခဲ့ သမျှကိုသာ ချင်းတမျှနားထောင်လိုကြ၏။ ဆင်းရဲနိမ့်ကျနေစဉ် ကောင်းစားခဲ့ဖူးသည်ကို မပြောနှင့်၊ နားကြားပြင်းကတ်တတ်၏။

●

## စာတတ်

ပိဋကတ်သုံးပုံ နှုတ်ငုံရ၍ သုတမယဉာဏ်ဖြင့် သိအပ်သော်လည်း ရုပ်၊ နာမ်နှစ်ပါးကို ဝိပဿနာပညာ မဂ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ မသိအပ်သည်ရှိသော် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ဘီလူး၏ဖမ်းစားခြင်းကိုခံရလျက် အပါယ်လေးပါးသို့ ပို့ဆောင်တတ်၏ ။

●

http://www.dhammadownload.com



## ရွှေအိုးကိုရအောင်

ရွှေအိုးမြှုပ်နှံထားရာဌာနကို ညွှန်ပြသောအားဖြင့်၊ ကျောက်ဖျာတွင် ရေးထားအပ်သော အက္ခရာသည် ပရိယတ္တိသာသနာတော်နှင့် တူ၏။ တူးဖော်အားထုတ်မှုသည် ပဋိပတ္တိသာသနာတော်နှင့် တူ၏။ ကျောက်ဖျာပေါ်က စာအက္ခရာကို နေ့ညမပြတ် ရွတ်ဖတ်နေကာမျှနှင့် ရွှေအိုးကို တွေ့နိုင်မည်မဟုတ်၊ စာအက္ခရာတွင် ညွှန်ကြားအပ်သည့်အတိုင်း၊ အားထုတ်၍ တူးပါမှ ရွှေအိုးတည်းဟူသော မဂ်ဖိုလ်ကို ရရှိနိုင်မည်ဖြစ်၏။

●

http://www.dhammadownload.com



# ရှားခြင်း

လောက၌ အလေ့ကျပေါက်ပွားသော သစ်ပင်တို့ထက် အဖိုးတန်သော သစ်ပင်ရှား၏။ သီလသိက္ခာ အလေးမပြုသော ရဟန်းထက်၊ အလေးပြုသောရဟန်းရှား၏။ အလဇ္ဇီရဟန်းထက်၊ လဇ္ဇီရဟန်းရှား၏။ လောကာမိသ အလေးပြုသော ရဟန်းထက်၊ ဓမ္မအလေးပြုသောရဟန်း ရှား၏။ ပရိယတ်အားမထုတ်သော ရဟန်းထက်၊ အားထုတ်သောရဟန်း ရှား၏။ ပရိယတ် အားထုတ်သောရဟန်းထက် ပဋိပတ်အားထုတ်သောရဟန်း ရှား၏။

http://www.dhammadownload.com



## ငါးနှင့်တူသောသတ္တဝါ

သတ္တဝါတို့သည် ငါးနှင့်တူကုန်၏။ ကိလေသာသည် ရေနှင့်တူ၏။ အဝိဇ္ဇာသည် ကွန်နှင့်တူ၏။ သေမင်းသည် တံငါနှင့်တူ၏။ တံငါသည် ကွန်ဖြင့်ငါးကို ဖမ်းသကဲ့သို့ သေမင်းသည် ကိလေသာရေတွင် ငါးနှင့်တူသော သတ္တဝါတို့ကို အဝိဇ္ဇာနှင့်တူသော ကွန်ဖြင့် ဖမ်း၍စား၏။

●

## လောဘရှုးနာ

နတ်ဆိုင်းသံသည် နတ်ရှူးနာရှိသော သူတို့အား ရိုးတိုးရွတ ထ၍ကချင်စိတ်ကို ဖြစ်စေ၏။ ပစ္စည်းဥစ္စာသည်လည်း လောဘရှူးနာရှိသောသူတို့အား သွားရေတမြားမြားကျစေတတ်၏။

●

http://www.dhammadownload.com



## တရားမရသူ

ဓမ္မသဘော၊ ဘယ်သို့ဟောလည်း၊ လိပ်ကျော ကြောင်ကော်၊ ပြောင်ချော်ချော်နှင့် ပျော်တပြုံးပြုံး မော် မဆုံးဘဲ၊ နလုံးမယဉ်၊ ဉာဏ်မရှင်တည့် ပျိုစင်ယုတ်မာ၊ အိုခါဆိုးဝါး၊ လူအများသည် တရားမရနိုင်ပါတကား။

●

## မသန့်ရှင်းသောပစ္စည်း

သစ်ဆွေး၊ ဝါးဆွေးတို့ဖြင့် ဆောက်လုပ်အပ်သော အဆောက်အအုံသည် မကြာမီ ပြိုကျပျက်စီးမည်ဖြစ် သကဲ့သို့ မသန့်ရှင်းသောပစ္စည်းဥစ္စာတို့ဖြင့် ဖန်တီးထူ ထောင်အပ်သောလုပ်ငန်းသည် အခိုက်အတန့်၌ ကြီးပွား ဖြစ်ထွန်းသလိုလိုရှိသော်လည်း မကြာမီ ယိမ်းယိုင် ပျက်စီးမည် ဧကန်ဖြစ်၏။

●

http://www.dhammadownload.com



## ပီတိသောမနဿ

သီလသီတင်းဆောက်တည်ရာ၌ ပီတိသောမနဿရနိုင်ရန် အလွန်ခဲယဉ်း၏။ သို့ကြောင့်လည်း ဥပုသ်နေ့များ၌ အကြော်အလှော် အဖော်အပေါင်း စားကောင်းသောက်ဖွယ်တို့နှင့် ကူညီ၍ သီလယူကြ၏။

●

## အကုသိုလ်ဒုစရိုက်

ကျောက်ခဲတို့မည်သည် ကြီးသည်ငယ်သည်မဟုတ်၊ ရေသို့ချက ခဏချင်းမြုပ်မြဲဖြစ်၏။ အကုသိုလ်ဒုစရိုက်တို့မည်သည်လည်း ကြီးသည်ငယ်သည်မဟုတ်၊ အပါယ်ဆင်းရဲသို့ ပို့မြဲဖြစ်၏။

●

http://www.dhammadownload.com



## နာဘေး၊ သေဘေး

နာခြင်းနှင့် သေခြင်းဘေးတို့သည် သတ္တဝါမှန် သမျှအား တစ်နေ့ကျလျှင် အချိန်အခါမရွေး နိုပ်စက် ဖိစီးရန် စောင့်လျက်ရှိ၏။ သူဌေးဟူ၍လည်း မညှာ။ မျက်နှာကြီးသူဟူ၍လည်း ဂရုမမူ။ ငယ်သူဟူ၍လည်း တောင်းပန်မရ။ အချိန်ကျလျှင် နှိပ်စက်မည်မလွဲပင်။

●

## သက္ကာစ္စဒါန

ချမ်းသာသူတို့ စွန့်ပစ်အပ်သော အကြွင်းအကျန် သည် ဆင်းရဲသူတို့၌ အကောင်းအမွန်ပင်ဖြစ်၏။ အကြွင်းအကျန်ပင် ဖြစ်လင့်စေကာမူ စေတနာထက် ထက်နှင့် တရိုတသေ သန့်ရှင်းစင်ကြယ်အောင်ပြု၍ လှူဒါန်းအပ်၏။

●

http://www.dhammadownload.com



# ဝဋ်လည်ခြင်း

တစ်ဖက်သား ဆုံးရှုံးပျက်စီးအောင် ပြုလုပ်ခြင်း၊ နစ်နာအောင်ပြုလုပ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ချော ပစ်ကုန်းတိုက်ခြင်း၊ စသည့်မတရားမှုများသည် တစ်နေ့ သ၌ သူတစ်ထူး နစ်နာဆုံးရှုံး နလုံးပူပန်သည်မျှမက အပြစ်ဒဏ်ခံရမည် မုချဖြစ်၏။ ထိုဒဏ်ပြန်ခံရသည့် အခါ (ဝဋ်လည်သည်) ဟု လူတို့ ပြောဆိုကြကုန်၏။ ထိုသို့ဝဋ်လည်ခြင်းမှ လွတ်ကင်းလိုသူတို့သည် အထက် ပါယုတ်မာမှုတို့ကို ကြပ်ကြပ်ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



## ပြောက်ကျားသီလ

မီးပွားစသည်တို့ကြောင့် အပေါက်ပေါက်ဖြစ်နေသော အဝတ်အထည်တို့ကို မည်သို့ပင် ချုပ်လုပ်ဖာထေး၍ထားစေကာမူ နဂိုမူလအတိုင်းလောက် ရှုချင်ဖွယ်မကောင်းသကဲ့သို့ ကျိုးပေါက်ပြောက်ကျားဖူးသော သီလသည်လည်း လူနတ်တို့အလယ်၌ မတင့်တယ်တော့ချေ။

●

## မေတ္တာပွားပါ

နေ့ဥတုအခါ ရေရှားသောအရပ်၌ရေသည် အလွန်အဖိုးထိုက်တန်၏။ ဒေါသတရားများ၍ မေတ္တာတရားလည်း နည်းပါးနေသောအခါ မေတ္တာပွားရန် အလွန်အရေးကြီး၏။

●

http://www.dhammadownload.com



## သူတော်ယောင်

မရှိဆင်းရဲသူကလေးများနှင့် အစေခံမလေးများအား မတရားဖျက်ဆီးတတ်သော လူကြီးလူကောင်းအခေါ်ခံသူ လူယုတ်မာကြီးများ ရှိကြ၏။ ထိုလူယုတ်မာကြီးများသည် လူရှေ့သူရှေ့တွင် လူကြီးလူကောင်း သူတော်ကောင်းယောင်ဆောင်၍ နေတတ်ရကား ဓာတ်သိသူများ နှာခေါင်းရှုံ့ကြ၏။

●

## သမ္မပ္ပဓာန်

မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင်၊ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်အောင်အားထုတ်၍ မဖြစ်သေးသော ကုသိုလ်ကိုဖြစ်အောင်၊ ဖြစ်ပြီးသော ကုသိုလ်ကို ပွားများအောင်၊ အားထုတ်ကြကုန်လော့။

●

http://www.dhammadownload.com



## ကိုယ် နှုတ် စိတ်

လောကဌ် ကိုယ်၊ နှုတ်ကို မနိုင်သူသည် ကိုယ် နှုတ်ဖြင့် ပြုအပ်သောအလုပ်ကို ထိရောက်တွင်ကျယ် အောင် မလုပ်နိုင်။ ထို့အတူ စိတ်ကိုမနိုင်သူသည် စိတ် ဖြင့်ပြုအပ်သောအလုပ်ကို တွင်ကျယ်အောင် မပြုလုပ် နိုင်။

●

## ကုသိုလ်ကို အမြန်ပြု

မဟာကုသလ၊ ပုညဝတ္ထု၊ ကောင်းမှုအရာ၊ ပြု သောအခါလည်း၊ လျင်စွာခဏ ပြုရသည်ချည်း၊ မင့် တည်းနှင့်။ အဓွေဝါသုဝေဝါ၊ နက်ဖြန်ခါသဘက်၊ ဆက်ဆက်မှန်စွာ၊ သတ္တဝါအနန္တ၊ အနိစ္စမျိုး၊ ဒုက္ခမျိုး၊ အစိုးမရ။

●

http://www.dhammadownload.com



## ခဲယဉ်းခြင်း

တောင်ခြေရင်းမှရေသည် တောင်ထိပ်သို့တက်ခြင်းငှာ ခဲယဉ်းသည့်အလား သတ္တဝါတို့၏စိတ်သည် သူတော်ကောင်းတရား မထုံပွားမှု၊ အကုသိုလ်တည်းဟူသော တောင်ခြေရင်းသို့ သက်ဆင်းလျှောကျလျက် ကုသိုလ်တရားတည်းဟူသော တောင်ထိပ်သို့ တက်ခြင်းငှာ ခဲယဉ်းလှသည်။

●

## သူဌေးဖြစ်

လူအများကျပ်တည်းမှ မိမိချမ်းသာမည့်သူဌေးဖြစ်နည်းကို မကြံပါနှင့်။ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်လုပ်၊ ကြီးပွားအောင် အားထုတ်။

●

http://www.dhammadownload.com



## ဆုတောင်း

သူတော်တရားကို မိမိတို့၏ သားမယား၊ စည်းစိမ်ဥစ္စာလောက် မမြတ်နိုး။ စည်းစိမ်ဥစ္စာ သားမယားတို့အပေါ်၌ စုံမက်မြတ်နိုးသည်၏ အပုံတစ်ထောင်ပုံ၌ တစ်ပုံမျှပင် သူတော်တရားကို မမြတ်နိုးမစုံမက်ဘဲ လျက် မဂ်ဖိုလ်ကို ရက်တိုတိုနှင့်ရပါလို၏ဟု နေ့စဉ် ဆုတောင်းနေခြင်းဖြင့် အဘယ်မှာလျှင် မဂ်ဖိုလ်ကို ရနိုင်ပါအံ့နည်း။

●

http://www.dhammadownload.com



## အာသာဆန္ဒကြီး ၄ ချက်

ယောက်ျားကောင်းမှန်သမျှ အာသာဆန္ဒကြီး ၄ ချက်ကို ပန္နက်ရိုက်ထားသကဲ့သို့ ခိုင်မြဲစွာ ထားရှိစေရာ၏။ ထိုလေးချက်ကား (၁) အမျိုးသားကြီးမြင့်ရေး၊ (၂) နိုင်ငံချမ်းသာရေး၊ (၃) သာသနာထွန်းလင်းရေး၊ (၄) မိမိကြီးပွားချမ်းသာရေးများ ဖြစ်ကြသည်။

●

## လောဘမီး

ကိုယ်ဖို့နောင်ဘေး၊ မတွေးမဆ၊ မိုက်ဆန္ဒဖြင့်၊ လောဘအလို၊ လိုက်မပိုနှင့်၊ မတော်လောဘ၊ ရသည့်ဥစ္စာ၊ ခဏတာမျှ၊ မကြာပျက်ဆီး လောင်စာမီးသို့။

●

http://www.dhammadownload.com



## လူဖျင်းလူညံ့

တာဝန်ဝတ္တရား အသီးသီးတို့ကို ထမ်းဆောင်ကြရာ၌ အခက်အခဲဆင်·ရဲ ဒုက္ခအမျိုးမျိုးတို့ကို မုချတွေ့ကြုံ ခံစားကြရပေလိမ့်မည်။ စိတ်ပျက်အားလျော့ကြရန်မဟုတ်။ စိတ်ပျက်ခြင်း အားလျော့ခြင်းတို့ကား လူဖျင်းလူညံ့တို့ အလုပ်တည်း။

●

## အလွယ်ကြိုက်သူ

လူတို့သည် အလွယ်ကိုကြိုက်တတ်ကြ၏။ ခဲခဲယဉ်းယဉ်းလုပ်ကိုင်သွားလာရန်ကို မလိုလားကြ။ နိဗ္ဗာန်ကိုပင် လွယ်လွယ်နှင့် လိုချင်ကြ၏။ နိဗ္ဗာန်ရောက်ကြောင်းအလုပ်ကိုကား မလုပ်ကြချေ။

●

http://www.dhammadownload.com



## ဒုစရိုက် ဆယ်ပါး

သက်သတ် ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ၊ မုသာဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြိမ်းခြောက်၊ အပြိန်းစကား၊ နေ့စဉ်ပွား၊ လေးပါးဝစီကံ၊ သူ့စည်းစိမ်ကို ကိုယ်ပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်ဟူ၊ အယူမှောက်မှား နေ့စဉ်ပွား၊ သုံးပါးမနောကံ။ ဤကား ဒုစရိုက် ဆယ်ပါးတည်း။

●

## သီလတန်ဆာ

ရွှေ၊ ငွေ၊ စိန်ကျောက်တို့ကို ပိုင်စိုးဆင်မြန်းရခြင်းဖြင့် အကျေနပ်ကြီးကျေနပ်နေကြသူများ၏။ သီလဟူသော အဆင်တန်ဆာဖြင့် ကောင်းစွာစိုးပိုင်ဆင်မြန်းရမှန်းသိသူ အလွန်ရှား၏။

●

http://www.dhammadownload.com



## ရတနာအစစ်

လောက၌ စိန်ရွှေစသော ရတနာတို့ကိုသာလျှင် များစွာသော လူတို့သည် အမြတ်တနိုး၊ ပြုလုပ်ဆင်မြန်း သိမ်းဆည်းကြကုန်၏။ ထိုထိုရတနာတို့ထက် အဆပေါင်းများစွာ မွန်မြတ်သော ရတနာသုံးပါးကို အမြဲဆင်မြန်းရမှန်းသိသူကား နည်းလှချေ၏တကား။

●

## ကျေးဇူးတုံ့

ကောင်းစားကြီးမြင့်နေစဉ် အသင်အား ကျေးဇူးပြုဖူးသူတို့ကို မမေ့ပါနှင့်။ ကျေးဇူးတုံ့ပြန်ရာတွင် လောကွတ်မဟုတ်ဘဲ ထိထိရောက်ရောက် တုံ့ပြန်ပေးဆပ်ပါ။

●

http://www.dhammadownload.com



## မဟိစ္ဆတရား

ရတတ်သရွေ့နှင့် မရောင့်ရဲနိုင်ဘဲ အရနည်းသေးသည်ဟု အမြဲထင်မှတ်နေခြင်းသည် မဟိစ္ဆခေါ်တရားဆိုး ဖုံးလွှမ်းနေခြင်းပင် ဖြစ်၏။ ထိုတရားဆိုးဖုံးလွှမ်းနေသူမှာ ထောင်ရလျှင် သောင်း၊ သောင်းရလျှင်သိန်း စသည်ဖြင့် အတောမသတ်နိုင်ရကား ပျက်စီးခြင်းသာလျှင် အဆုံးရှိချေ၏။

●

## အကြီးအကဲ

အေးအတူပူအမျှ ပြောဆိုကြသော်လည်း ကောင်းစားလာသည့်အခါ ပြောဆိုခဲ့သောထိုစကား မေ့သူများသာများ၏။

●

http://www.dhammadownload.com



## သီလရေစင်

သတ္တဝါတို့၏ ရာဂအစရှိသော အညစ်အကြေးတို့ကို သီလတည်းဟူသော ရေဖြင့်သာလျှင် စင်ကြယ်သန့်ရှင်းအောင် ဆေးကြောရာ၏။ ဂင်္ဂါမြစ်ရေ၊ ယမုံနာမြစ်ရေအစရှိသော ရေအမျိုးမျိုးတို့ဖြင့် ဆေးကြောသုတ်သင်ခြင်းငှာ မတတ်နိုင်ချေ။

●

## လူသုံးဦး

လော်လည်သူ၊ ယစ်သသောက်စားလေ့ရှိသူ၊ ပြည်သူတို့နှင့် မသင့်သူ၊ ဤလူသုံးယောက်ကို အကြီးအကဲမခန့်ထားရာ။ အသက်ကို ကယ်ဖူးသူ၊ ဆင်းရဲနေစဉ် မစဖူးသူ၊ မင်းအဖြစ်ရောက်အောင် ပြုလုပ်ပေးသူ၊ ဤသူသုံးဦးကို မင်းတို့မမေ့အပ်။

●

http://www.dhammadownload.com



# ဖွတ်မရှားမဆုံး

မတရားသဖြင့် ရအပ်သောပစ္စည်းကို ပစ္စည်းဆိုးပစ္စည်းယုတ်ဟု ခေါ်၏။ ထိုပစ္စည်းမျိုးသည် လူကိုသွေးကြီး အထင်ကြီးအောင် လှည့်စားတတ်၏။ အခိုက်အတံ့မျှ ဖြစ်ထွန်းယောင်ရှိသော်လည်း အတန်ကြာလျှင် ဖွတ်မရှားမဆုံးဆိုသလို ရှိရင်းပစ္စည်းကိုပါ သွေးဆောင်ဖြုန်းတီးဖျက်ဆီးတတ်၏။

●

http://www.dhammadownload.com



## ငွေ

ငွေသည် အလွန်တန်ခိုးရှိ၏။ စိတ်ထားမြင့်မြတ်သူတို့အဖို့မှာ ငွေကြောင့် တုန်လှုပ်ချောက်ချား စိတ်ပြောင်းခြင်းမရှိသော်လည်း သာမန်လူစား စိတ်ထားသေးသိမ်သူတို့အဖို့မှာကား ငွေကြောင့် စိတ်ကြီးဝင်နားထင်သွေးရောက် အမူအရာဖောက်ပြန်တတ်၏။

●

## မှားသောထင်မြင်ချက်

သူတစ်ဖက်သားတို့ ရှုတ်ချပြောဆိုခြင်းဖြင့် မိမိဂုဏ်တိုးမြင့်လာလိမ့်မည်ဟု ထင်မှတ်တတ်၏။ ထိုထင်မြင်ချက်ကား မှား၏။ မိမိဂုဏ်တိုးမြင့်ရန်မှာ မိမိကိုယ်ကို ကောင်းအောင်ပြုလုပ် ပြောဆိုကြံစည်ဖို့သာဖြစ်၏။

●

http://www.dhammadownload.com



## လူ့သတင်း

အကျင့်သီလရှိသူတို့၏သတင်းသည်အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် ကျော်စောပျံ့နှံ့နိုင်၏။ လူယုတ်မာတို့၏သတင်းသည် အဝီစိငရဲတိုင်အောင် ဖောက်ထွင်းပျံ့နှံ့နိုင်၏။

●

## လောကဓံလေးပါး

မာနတရားသည် လူတို့အား နားထင်သွေးရောက် ခြေဖျားထောက်အောင် ထိုးမြှောက်ပေးတတ်သော သဘောရှိ၏။ လူတို့၌ မာနတရားဝင်နေစဉ် ငွေဝင်ဖြောင့်ခြင်း၊ အခြွေအရံများခြင်း၊ အကျော်အစော ချီးမွမ်းခံရခြင်း၊ ချမ်းသာသုခရှိခြင်း၊ လောကဓံတရားလေးပါးသာ ရှိသည်ဟု မှတ်ထင်၍ နေတတ်၏။

●

http://www.dhammadownload.com



## သူ့တစ်ပါးငွေ

များစွာသောလူတို့သည် မိမိတို့ငွေကို သုံးစွဲရန်ရှိသောအခါ စဉ်းစားချိန်ဆ၍ သုံးစွဲလေ့ရှိကြ၏။ သူတစ်ပါးငွေကိုမူကား ရက်ရက်ရောရော အနှမြောမဖက် သုံးစွဲရက်ကြပေ၏တကား။

●

## စီးပွားနှစ်မျိုး

လောကီစီးပွား လောကုတ္တရာစီးပွားဟူ၍ နှစ်မျိုးရှိရာတွင် စိတ်ကိုထက်ဝက်စီထား၍ ကြိုးစားအားထုတ်နိုင်လျှင် တော်သေးသည်ဟု ဆိုရပေမည်။ လောကီစီးပွား၌သာ စိတ်ဝင်စားနေမှုကား မနုဿတ္တဒုလ္လဘဆိုသော လူ့ဘဝ၏တန်ဖိုးကို သဘောမပေါက်ရာ ရောက်၏ ။

●

http://www.dhammadownload.com



## အတင်းစကား

အတင်းစကားဆိုသည်မှာ လူတစ်ဦး၏မျက်မှောက်၌ ပြောဆို၍မဖြစ်သောကြောင့် မျက်ကွယ်၌ ပြောကြသော စကားမျိုးဖြစ်၏။ လူတစ်ယောက်၏အကြောင်းကို ထိုသူ၏မျက်မှောက်၌ ပြော၍မဖြစ်လျှင် မျက်ကွယ်၌လည်း မပြောဖြစ်အောင် ဆင်ခြင်ပါ။

●

## အကျိုးနှစ်မျိုး

မိမိတစ်ကိုယ်ကောင်း တစ်အိမ်ထောင် ကြွယ်ဝပြည့်စုံလုံလောက်ရေးကိုသာ နေ့ရှိသမျှ ကြံစည်အားထုတ်လုပ်ကိုင်နေကြသူများ၏။ အများချမ်းသာအောင် ကြံဆောင်အားထုတ်ခြင်းဖြင့်လည်း အတ္တ၊ ပရနှစ်ဝ အကျိုးပြီးမြောက်နိုင်ကြောင်း သိရှိအားထုတ်သူရှား၏။

●

http://www.dhammadownload.com



## သုစရိုက်ဆယ်ပါး

သက်သတ်ခိုးမှု၊ ကာမေသု၊ ရှောင်မှုသုံးတန်၊ ကာယကံ။ မုသာဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား၊ ဤလေးပါး၊ ရှောင်ရှား ဝစီကံ။ သူ့စည်းစိမ်ကို တည်စေလိုမှု၊ သူ့သက်ဇီဝေ၊ ရှည်စေချင်ဟူ၊ အယူဖြောင့်ငြား၊ ဤသုံးပါး၊ မှတ်သား မနောကံ။ ဤကား သုစရိုက်ဆယ်ပါးတည်း။

●

## ဗျာဓိနှင့် မရဏာ

မည်မျှလောက် အရေးကြီးသောကိစ္စပင်ဖြစ်စေကာမူ နာရီမိနစ်ခန့်မျှ အားလပ်ချိန်ရလျှင်လည်း ရနိုင်ရာ၏။ ဗျာဓိ၊ မရဏာတည်းဟူသော နာခြင်းသေခြင်းတို့ကား နာရီမိနစ်ခန့်မျှ အချိန်မရ၊ အချိန်ကျလျှင် နာရမည် သေရမည် မုချပင်တည်း။

●

http://www.dhammadownload.com



## ဆင်ခြင်ရာ၏

လူရှေ့သူရှေ့တွင် မြိန်ရေရှက်ရေဖြင့် သုံးဆောင်မှီဝဲခဲ့သော အစားအစာကို စွန့်သည့်အခါ ပုန်းလျှိုးကွယ်ဝှက်၍ စွန့်ကြရ၏။ စားသောက်စဉ် အနံ့အရသာရှိစေကာမူ စွန့်သည့်အခါ ပုပ်သိုးညှီနံ့ အဖိုးမတန်ဖြစ်ရသည်ကို အစာစားတိုင်း အာဟာရပဋိကူလသညာအရ ဆင်ခြင်ရာ၏။

●

## အနဂ္ဃမိဥစ္စာ

သယ်ယူရန် ကူလီခမကုန်၊ တာဝန်မကြီး၊ အဖိုးလည်း အထိုက်တန်ဆုံးဥစ္စာကို ကြိုးစားလျှင် လူတိုင်းရနိုင်၏။ ထိုဥစ္စာကား အခြားမဟုတ်။ ဒါနသီလဘာဝနာပင်ဖြစ်၏။ သူခိုးဓားပြရန်လည်း မစိုးရိမ်ရ။ မည်သူမျှလည်း မဖျက်ဆီးနိုင်။

●

http://www.dhammadownload.com



## အကုသိုလ်ကံ

ရှေးကကောင်းမှုကုသိုလ်ကံ အားကြီး၍ အကျိုးပေးနေသေးသမျှ မည်မျှပင်ဆိုးညစ်ယုတ်မာနေစေကာမူ အကျိုးပေးလျက်ပင် ဖြစ်၏။ ကုသိုလ်ကံမေးမှိန်၍ အကုသိုလ်ကံဝင်လာသည့်အခါ မည်သူမျှမတားဆီးနိုင်၊ မကယ်နိုင်ဘဲ၊ ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ်သွားကြရမည်သာ ဖြစ်၏။ ထို့ကြောင့် အကုသိုလ်စု မကောင်းမှုတို့ကို ဝေးဝေးကကြဉ်ရှောင်၊ မလွန်ကျူးမိအောင် စောင့်ထိန်းရာ၏။

●

http://www.dhammadownload.com



## မွေးကျေးရှုးဆပ်နည်း

အမိအဖတို့အား အစားအစာ၊ အသပြာ၊ ဝတ္ထုတို့ဖြင့် ပြုစုထောက်ပံ့ခြင်းသည် ကောင်း၏။ သို့သော် တစ်ဘဝစာမျှသာ ဖြစ်၏။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့၌ မေ့လျော့နေသောမိဘတို့အား လှူဒါန်းပေးကမ်းချင်စိတ်၊ သီလစောင့်ထိန်းချင်စိတ်၊ ဘာဝနာပွားများချင်စိတ်ဖြစ်ပေါ်အောင် ဟောပြောပြသ တိုက်တွန်းနှိုးဆော်ခြင်းသည် ဘဝများစွာ သံသရာဝယ် ဖူလုံစေနိုင်သဖြင့် မွေးကျေးရှုးကြေကြောင်း မာတာပိတုသုတ်၌ တိုက်ရိုက်ဟောကြားထား၏။

http://www.dhammadownload.com



## မမြဲသောသဘော

လူတို့၏စည်းစိမ်ဥစ္စာများသည် အမြဲတည်တံ့၍ နေလိမ့်မည်ဟု မဆိုနိုင်၊ အိုနာသေဘေးသည်လည်း ဘယ်အချိန်၊ ဘယ်နာရီ၊ ဘယ်မိနစ်မှာ ကပ်ရောက်လာမည်ဟူ၍ မသိနိုင်ရကား ဥစ္စာစည်းစိမ်ရှိခိုက်၊ ကျန်းမာခိုက် ဒါန၊ သီလ၊ ဘာဝနာမှုတို့ကို ပြုစုအားထုတ်ရန် မမေ့ရာ။ လစ်ဟင်းပျက်ကွက်ခဲ့သော် မိမိအဖို့ ဆုံးရှုံးခြင်းမက ဆုံးရှုံးခြင်းဖြစ်ရချိမ့်မည်ကို သတိပြုရာသည်။

http://www.dhammadownload.com



# ဆင်းရဲခြင်း

ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် ဆင်းရဲ၏။ မချစ်မနှစ်သက်သောသတ္တဝါတို့နှင့်အတူ ယှဉ်တွဲနေရခြင်းသည်လည်း ဆင်းရဲ၏။ နှစ်သက်သောသတ္တဝါ၊ သင်္ခါရတို့နှင့် ကွေကွင်းခွဲခွာနေရခြင်းသည်လည်း ဆင်းရဲ၏။ တောင့်တလိုချင်သောအရာကို မရခြင်း၊ မရအပ်သည်ကို တောင့်တခြင်းသည်လည်း ဆင်းရဲ၏။ ငါးပါးသော စွဲလမ်းရာအာရုံဖြစ်သည့် ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏ ။

http://www.dhammadownload.com



## အလုပ်နှင့်ဒုက္ခ

ကြီးကျယ်သော မည်သည့်အလုပ်ကိုစမဆို အောင်မြင်ထမြောက်စေရန်မှာ ဆင်းရဲဒုက္ခနှင့်အခက်အခဲများ အနည်းနှင့်အများ တွေ့စမြဲဖြစ်၏။

●

## မတရားချမ်းသာ

တရားသဖြင့် လုပ်ကိုင်ရောင်းဝယ်စားပါလျက် မချမ်းသာလျှင် ဝမ်းနည်းဖို့မဟုတ်ပါ။ မတရားအမြတ်စား ခိုးတိုက်လာဘ်စား၍ ချမ်းသာခြင်းမျိုးကိုမူ သွားရည်မကျနှင့်။

●

http://www.dhammadownload.com



## ဆန္ဒရှိရုံနှင့် ကိစ္စမပြီး

လူတိုင်းကောင်းကျိုးချမ်းသာကို လိုလားသော အာသာဆန္ဒရှိမြဲဖြစ်၏။ အာသာဆန္ဒရှိရုံမျှနှင့် ကိစ္စ မပြီး၊ ထိရောက်စွာအလုပ်လုပ်မှ ပြီးမည်။

## စည်းမျဉ်း

အလုပ်ကောင်းတစ်ခု ဖြစ်မြောက်ရေးတွင် စည်းမျဉ်းသည် အရေးကြီး၏။ စည်းမျဉ်းပင် ကောင်းလင့်ကစား စေတနာမကောင်းက အလုပ်ကောင်းမဖြစ်နိုင်။

http://www.dhammadownload.com



## ပျာလျှင်မှားတတ်ခြင်း

တစ်စုံတစ်ရာ အခက်အခဲတွေ့သည့်အခါ စိတ်ကို အေးအေးထား၍ကြည့်၊ မပျာနှင့်။ အခက်အခဲတွေ့တိုင်း နစ်နာဆုံးရှုံးမည်မဟုတ်၊ ပျာလျှင်ပျာ၍ မှားတတ်သည်။

●

## မရွေးချယ်နှင့်

ဆင်လိုက်ရာတွင် ဝါကြီးဝါငယ် ရွေးချယ်နေဖို့ မဟုတ်။ အသက်ဘေးမှ ကင်းဝေးအောင်သာ အားထုတ်ရာ၏။ မီးလောင်ရာတွင်လည်း တွင်းရေ ကန်ရေ စစ်ဆေးရွေးချယ်နေဖို့မဟုတ်။ မီးငြိမ်းရန်သာ အရေးကြီး၏။

●

http://www.dhammadownload.com



## ရွှေနားတောင်းကြောင့်ပါးပြောင်

ရွှေနားတောင်းရောင်ကြောင့် ပါးပြောင်နေသည်ကို မိမိချောလှသည်ဟု အထင်ရောက်ပြီး သွေးမြောက်နေသူများရှိ၏။ ထိုသွေးမြောက်နေသူများသည် ရွှေနားတောင်း အရောင်မဟပ်လျှင် ချောင်ကပ်၍ ဒုက္ခတွေ့ရတတ်သည်ကို သတိပြုသင့်၏။

●

## မစင်ကြွယ်သောပစ္စည်း

မစင်ကြွယ်သော ပစ္စည်းဥစ္စာတို့မည်သည် လော်လည်ဖောက်ပြန် အကျင့်တန်သော မိန်းမယုတ်နှင့် တူ၏။ ၎င်းပစ္စည်းဥစ္စာကို သံကွန်ချာခုနစ်ထပ်နှင့် ကြပ်မတ်ဖုံးဝှက်၍ ထားလင့်ကစား ခိုင်မြဲစိတ်ချလုံခြုံလှပြီဟု မမှတ်ရာ။

●

http://www.dhammadownload.com



## ဘုန်းကြီး၍သက်မရှည်

မိမိနှင့်မိမိဆွေမျိုးသားချင်း ကောင်းစားရေးအတွက် သူတစ်ပါးအား နစ်နာဆုံးရှုံးအောင် မပြုလုပ်ပါနှင့်။ ဤနည်းဖြင့် ရအပ်သောကောင်းစားခြင်းမျိုးသည် ဘုန်းကြီး၍ သက်မရှည်၊ သက်ရှည်၍ ဘုန်းမကြီးဖြစ်တတ်၏။ အလုပ်ယုတ်လျော့နေပါက ဘယ်အခါမှ အောင်မြင်မည်မဟုတ်။

●

## ကိုယ့်အပြစ်ကိုယ်ခံ

မယားစားဖို့၊ သားစားဖို့ဟု၊ ကိုယ့်ဖို့နောက်ဘေး၊ မတွေးမဆ၊ မိုက်ဆန္ဒဖြင့်၊ လောဘအလို၊ လိုက်မပိုနှင့် ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး၊ ကိုယ်တာကိုယ်ခံ၊ စာရေးတံသို့။

●

http://www.dhammadownload.com



## ဘောသုံးပါး

လူ့ဌကြီးဘိ၊ သားအမိပင်၊ မချိကယ်ရေး၊ ကိုယ်လွတ်ပြေးသည့်၊ မီးဘေးရေဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏။ အိုဘေးနာဘေး၊ သေခြင်းဘေးဟူ၍ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက် သက်ပင်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ နေရစ္စာရှင့်။

●

http://www.dhammadownload.com



## မုသာဝါဒ

မဟုတ်မမှန် လိမ်ညာလှည့်ဖြား ပြောဆိုသော စကားများသည် မုသာဝါဒဖြစ်၏။ မုသာဝါဒကို ကျူး လွန်တတ်သူသည် သာမန်ကိစ္စ၊ သာမန်အရာဌာနတို့ ကို မဆိုထားဘိ။ ရသာလျှင် တိုင်းပြည်ကိုပင် လိမ်၍ ရမည်ဆိုလျှင်လည်း လိမ်မည်သာဖြစ်၏။ မုသာဝါဒ သည် နှုတ်ဖြင့်သာမဟုတ်။ ကိုယ်အမူအရာဖြင့်လည်း ကောင်း၊ နှုတ်အမူအရာဖြင့်လည်းကောင်း အမျိုးမျိုး လိမ်နိုင်၏။ လှည့်ပတ်နိုင်၏။

●

http://www.dhammadownload.com



## မမြောက်လွန်းနှင့်

အရာမတန်၊ အမြောက်လွန်က ကိုယ့်ကျွန်ကိုယ်ဖျက်၊ ကိုယ်နှိပ်စက်၍ ကိုယ့်ကြက်ကိုယ်သတ် ဖြစ်ရတတ်၏။

●

## အထင်နှင့်အတွေ့

လူတို့၏သဘောကား၊ သားသမီးအခြွေအရံ ပစ္စည်းဥစ္စာ ကြပ်ကြပ်ပေါလေလေ ကြပ်ကြပ်ချမ်းသာလေလေဟု ထင်မှတ်ကြ၏။ ထို့ကြောင့်လည်း ရွှေငွေဥစ္စာတဖြာ သားသမီးအသုံးအဆောင် ပေါများပြည့်စုံအောင် အားထုတ်စုဆောင်းကြကုန်၏။ များလှအချို၊ လူ့လောကီ၌၊ နွားရှိသသူ၊ နွားကြောင့်ပူသို့၊ ဤတူမခြား၊ ပုံအလားဖြင့်၊ သားရှိသသူ သားကြောင့်ပူ၏။

●

http://www.dhammadownload.com



## အလုပ်ကြီးလုပ်သူ

အလုပ်ကြီး တာဝန်ကြီးများကို ထမ်းဆောင်နေသူ ဟူသမျှ ကျန်းမာရေးကို အထူးဂရုပြုရာ၏။ အပျော် အပါး လိုက်စားလိုစိတ် မဝင်စေရာ၊ အပျော်အပါး လိုက်စား ကျူးလွန်သူသည် ကိုယ်၏ကျန်းမာရေး သာမက၊ စိတ်အား ဉာဏ်အားကိုပါ ဆုတ်ယုတ်ခြင်း ကို ဖြစ်စေနိုင်၏။

●

## မကောင်းမှုပြုသူ

မကောင်းမှုပြုကျင့်သူသည် မိမိ၏ပါးနပ်လိမ္မာမှု ကြောင့် လူအများမသိ၊ ပိရိသိပ်သည်းလှသည်ဆိုဦး တော့ တရားကိုကား မည်သည့်နည်းနှင့်မျှ လိမ်လည် လှည့်ဖြား၍ မရနိုင်သည်ကို တစ်ထစ်ချမှတ်ယူရာ၏။

●

http://www.dhammadownload.com



## ကံ၊ ဉာဏ်၊ ဝီရိယ

မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကို ချည်းသာ၊ မကိုးရာဘူး။ ပညာဉာဏ်ဖြင့်၊ သင့်မသင့် ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည်း။

●

## အထက်သန်ဆုံး

မိန်းမတို့၌ အဆင်းသဏ္ဌာန်နှင့်စပ်သော စက္ခု အတွေ့သည် ယောကျ်ားတို့၌ အထက်သန်ဆုံးဖြစ်၏။ ယောကျ်ားတို့၏ အဆင်းသဏ္ဌာန်နှင့်စပ်သော စက္ခု အတွေ့သည်လည်း မိန်းမတို့၌ အထက်သန်ဆုံးဖြစ်၏။

●

http://www.dhammadownload.com



## သူ့ကျေးဇူး

ကျေးဇူးမသိတတ်သူအား အလုံးစုံသော ပစ္စည်းဥစ္စာကိုပင် ပေးငြားသော်လည်း အကျိုးမများ၊ မီးပုံသို့ ပစ်ချအပ်သော မျိုးစေ့အလား၊ တစ်ခါတည်း ပျက်စီး၍သွားလေ၏။ ကျေးဇူးသိတတ်သူအား ပြုအပ်သော ကျေးဇူးကား အနည်းငယ်မျှပင် ဖြစ်လင့်ကစား လယ်ယာမြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့ပမာ လွန်စွာအကျိုးများ၏။

http://www.dhammadownload.com



## ဏ္ဏသာနှင့် မုဒိတာ

ငြုစူခြင်း ဣဿာတရားသည် အလုံးစုံသော စည်းစိမ်ချမ်းသာ ဂုဏ်ကျက်သရေတို့ကို ဖျက်ဆီးတတ်ရကား ကမ္ဘာဖျက်မီးနှင့်တူ၏။ ဝမ်းမြောက်ခြင်း မုဒိတာတရားသည် အလုံးစုံသော စည်းစိမ်ချမ်းသာ ဂုဏ်ကျက်သရေတို့ကို ဖြစ်စေတတ်သောကြောင့် ကမ္ဘာပြုမိုးနှင့်တူ၏။

●

## အကြားအမြင်

လူ့ပြည်၌ လူအဖြစ်ဖြင့် အနေကြာသူတို့သည် အကြားအမြင် အတွေ့အကြုံများသူများဟု ယူဆကြ၏။ လူ့ပြည်၌ အနေကြာစေကာမူ၊ မျက်စိကိုဖွင့် နားကိုစွင့်လျက်နေသူများသာလျှင် အကြားအမြင်များသူများ ဖြစ်နိုင်၏။

●

http://www.dhammadownload.com



## လောကစံလှိုင်း

လူတို့သည် လောကတည်းဟူသော သမုဒ္ဒရာအပြင်၌ လောကဓံတရားတည်းဟူသော လှိုင်းလုံးကြီးများဖြင့် မိ၍နေကြ၏။ လောကဓံလှိုင်းအိ၍လာသော်လည်း ရေလိုက်လှိုင်းလိုက် အလိုက်သင့်နေတတ်ပါမှ သက်သာရာရနိုင်မည် ဖြစ်၏။

●

## ဗျသနတရား

ဆွေမျိုးညာတိတို့ သေကြေပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာ၊ ရာထူးဌာနန္တရ လျောကျပျက်စီးခြင်း၊ အယူဝါဒပျက်စီးခြင်းဟူသော ဗျသနတရားငါးပါးသည် စာတွေ့မဟုတ်တော့ဘဲ ကိုယ်တွေ့အားဖြင့် ထင်ရှားတွေ့ကြုံခဲ့ကြလေပြီ ဖြစ်ရကား ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်၍ သုစရိုက်မှုတို့ကိုသာ ပွားများအားထုတ်ကြရာ၏။

●

http://www.dhammadownload.com



# အရည်အချင်းရှိသူ

မြင်းသည် မိမိကျောပေါ်သို့ ရောက်လာသူအား ဇက်ကို နိုင် မနိုင် စမ်းတတ်၏။ နိုင်သူမှာ မြင်းကိုလိုရာသို့ စိုင်းနိုင်၍ မနိုင်သူမှာ မြင်းဆွဲရာသို့ လိုက်ရတတ်၏။ ထိုအတူ ငယ်သားတို့သည် အကြီးအကဲလုပ်သူတို့အား စမ်းတတ်၏။ အရည်အချင်းရှိသူမှာ လိုရာကို ခန့်ခွဲနိုင်၍ အရည်မချင်းမရှိသူမှာ ငယ်သားတို့လုပ်တိုင်း ခံရတတ်၏။

●

http://www.dhammadownload.com



၅

## သံဝေဂဖြစ်ဖွယ်

မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသော ဗုံးဘေး၊ မီးဘေး၊ ခိုးသားဓားပြဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ ရောဂါဆိုးဘေး၊ စည်းစိမ်ဥစ္စာပျက်စီးခြင်းဘေး၊ ထိတ်လန့်တုန်လှုပ်ဖွယ် ဘေးအန္တရာယ်အမျိုးမျိုးတို့သည် သူတစ်ပါးတို့ တွေ့ကြုံရသော်လည်း ငါတွေ့မည် မဟုတ်သူတစ်ပါးတို့ အိုကြ၊ နာကြ၊ သေကြရသော်လည်း ငါ မအိုနိုင်၊ မသေနိုင်၊ မနာနိုင်၊ မြဲမြံခိုင်ခန့်လှပြီဟု ထင်မှတ်သည့်အလား လူမှုကိစ္စ၊ စီးပွားရေးအဝဝတို့နှင့် နေ့ညမအား လောဘ၊ ဒေါသ၊ မောဟ တွေနှင့်သာ အချိန်ကုန်ကြသည်သာ များ၏။

●

http://www.dhammadownload.com



# ကိုးကွယ်ရာ

ဆင်းရဲလွန်း၊ ချမ်းသာလွန်းသောကြောင့် ရတနာသုံးပါး၌ မေ့လျော့နေကြသော များစွာသော လူအပေါင်းတို့သည် တစ်စုံတစ်ရာ ဘေးအန္တရာယ်တွေ့ကြုံလာသည့်အခါ ကိုးကွယ်ရာကို ရှာကြကုန်၏။ တန်ခိုးအာဏာရှိသူကို ရှာကြကုန်၏။ တန်ခိုးအာဏာရှိသူကို ကပ်ကြကုန်၏။ အချို့ နတ်ကို ကိုးကွယ်ကြကုန်၏။ အချို့ ဆေးဝါး မန္တရားကို ဆောင်ကြ၏။ ရတနာသုံးပါးထက် လုံခြုံသော ကိုးကွယ်ရာဟူ၍ မရှိတော့သည်ကိုမူကား အနည်းငယ်မျှသော သူတို့သာလျှင် သိကြ၏ ။

●

http://www.dhammadownload.com



# ပညာရှင်

လောက၌ ပညာနှင့်ပြည့်စုံသောသူသည် လူတို့ တတ်သင့် တတ်ထိုက်သော အတတ်ပညာတို့ကို ရရာ ရကြောင်း ကောင်းစွာရှာမှီးဆည်းပူးတတ်၏။ ဆည်းပူး သောအခါကာလတို့၌လည်း အို၊ သေ၊ နာရေး ဘေး ဒုက္ခအတွက် အနည်းငယ်မျှ စိတ်မကွက်ဘဲ မိမိ၏ ခန္ဓာကိုယ်ကို မအိုနိုင်၊ မသေနိုင်၊ ကမ္ဘာတိုင်မပျက်မစီး ဘဲ အမြဲတည်လိမ့်မည်ကဲ့သို့ ကြံစည်လျက် စိတ်၌ အစဉ်စွဲလျက် လုပ်ကိုင်တတ်ပေ၏။

●

http://www.dhammadownload.com



## ပညာနှင့် ပြည့်စုံသူ

ပညာဉာဏ်နှင့်ပြည့်စုံသောသူတို့သည် တရားကို အားထုတ်ကျင့်ကြံရာ၌ မိမိ၏ခန္ဓာကိုယ်သည် ခဏမစဲ၊ အမြဲပြောင်းလဲ၍ အိုတတ်၊ နာတတ်၊ သေတတ်သော သဘောရှိခြင်းကြောင့် သူရော ငါပါ သတ္တဝါကို မျက်နှာမလိုက် လွတ်ခွင့်မပေးဘဲ အစဉ်မပြတ် သတ်၍နေသော သေမင်းသည် ချက်ချင်းပင် သတ်တော့မည်နေဘိသကဲ့သို့ ကြံစည်စိတ်ကူး အထူးနှလုံးသွင်းလျက် နေ့စဉ်မပြတ် တရားအားထုတ်နေတတ်ပြန်၏။

http://www.dhammadownload.com



# အတတ်ပညာ

ရှိရှိသမျှသော ရတနာ၊ ရွှေ၊ ငွေ၊ အထွေထွေသော အသုံးအဆောင်မှစ၍ အလုံးစုံသော ဥစ္စာဓနအပေါင်းတို့တွင် အတတ်ပညာသာလျှင် ခိုးသူ၊ ဓားပြ အစရှိသော ရန်သူတို့ ခိုးယူတိုက်ခိုက်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အတတ်ပညာဟူသမျှသည် မည်သည့်ရုပ်ဝတ္ထု၊ မည်သည့်ပစ္စည်းမျိုးနှင့်မျှ နှိုင်းစာ၍မရ အဖိုးအနဂ္ဃထိုက်တန်ခြင်းကြောင့် အကောင်းအဆိုးနှင့် အကြောင်းအကျိုးနှစ်တန်ကို ဝေဖန်သိမြင်ကုန်သော ပညာရှင်တို့သည် အတတ်ပညာတည်းဟူသော ဥစ္စာဒြပ်ကိုသာ အမြတ်ဆုံး၊ အကောင်းဆုံး ဥစ္စာဒြပ်ဟူ၍ မိန့်ဆိုလေ့ရှိ၏။

●

http://www.dhammadownload.com



# သီလ

တောင်ဇလပ်ပန်းအနံ့သည်လည်းကောင်း၊ စန္ဒကူး အနံ့သည်လည်းကောင်း၊ ကြာညိုပန်းအနံ့သည် လည်း ကောင်း၊ မြတ်လေးပန်းအနံ့သည်လည်းကောင်း အ နည်းငယ်မျှသာ မွှေးကြိုင်၏။ လေညာသို့တိုင်အောင် မဆန်တက်နိုင်။ သီလအနံ့သည်ကား ထူးကဲမွန်မြတ် လှ၍ နတ်ပြည်သို့တိုင်အောင် ကြိုင်၏။

http://www.dhammadownload.com



## စာရိတ္တသီလနှင့် ဝါရိတ္တသီလ

စာရိတ္တသီလ၊ ဝါရိတ္တသီလဟူ၍ သီလနှစ်မျိုးရှိ၏။ စာရိတ္တသီလသည် မိရိုးဖလာဓလေ့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိတို့၏ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းခြင်း၊ မိဘ၊ ဆရာသမားတို့အား ရိုသေလေးစားခြင်း၊ ဘာသာရေးသွန်သင်ချက်များကို လိုက်နာကျင့်သုံးခြင်း၊ တရားဥပဒေများကို လေးစားခြင်း စသည်တို့ကို ခေါ်ဆို၏။ ဝါရိတ္တသီလဟူသည် အကန့်အသတ်နေ့ အပိုင်းအခြားဖြင့် မြတ်စွာဘုရားဟောကြားညွှန်ထားသော သိက္ခာပုဒ်များကို စောင့်ထိန်းရှောင်ကြဉ်ခြင်းကို ခေါ်၏။

ထို့ကြောင့် စာရိတ္တ၊ ဝါရိတ္တသီလနှစ်မျိုးလုံးကို စောင့်ထိန်းနိုင်ရာ၏။

●

http://www.dhammadownload.com



# မြစ်

တသွင်သွင်စီး၍နေသော မြစ်တို့သည် တော၊ တောင်စိမ့်စမ်းနှင့် နိမ့်ဝှမ်းသောအရပ်တို့မှ မိမိ၏အတွင်းသို့ မပြတ်စီးဆင်း၍နေသော ချောင်းရေတို့ကို အခြားအရပ်တို့ကျရောက်သောရေကဲ့သို့၊ တောတောင်အရပ်တို့၌သာလျှင် အချည်းနှီးမပျောက်ပျက်မကုန်ခန်းစေဘဲ အလွန်တရာမှ ရောက်နိုင်ခဲလှသော အဏ္ဏဝါသမုဒ္ဒရာကြီးထဲသို့ ခရီးရောက်အောင် ချီးမြှောက်ဆောင်ကြဉ်းပေးပြီး မဟာသမုဒ္ဒရာအဖြစ်သို့ ပြောင်းလဲစေကုန်၏။

●

http://www.dhammadownload.com



# ပညာရှာခြင်း

အိုးသည် ရွှံ့စေး၊ မြေစေးတို့ကို အိုးထိန်းစက်၌ တင်ပြီး အိုးခွက်အဖြစ်သို့ ရောက်စေ၏။ မဖုတ်မကျက်မီ အစိမ်းသက်သက်ဖြစ်သော အိုးခွက်တို့၌ အပြောက်အစက်၊ အကွက်တံဆိပ်တို့ကို လက်ခတ်ဖြင့် ရိုက်နှိပ်ပြီး မီးဖြင့်ဖုတ်လျက် ရင့်ကျက်ခြင်းသို့ရောက်စေရာ ထိုလက်ခတ်ဖြင့် ရိုက်နှိပ်အပ်သော အပြောက်အစက်တို့သည် မည်သည့်အခါ၌မျှ မပျောက်မပျက်စေဘဲ အစဉ်စွဲလျက် အမြဲတည်သကဲ့သို့ လူတို့၌လည်း အတတ်ပညာကို အသက်အရွယ်နုနယ်စဉ် သင်ကြားမှသာလျှင် တစ်သက်လုံးမပျောက်မပျက်ဘဲ နှလုံး၌အစဉ်စွဲပြီး အမြဲတည်လျက်ရှိတတ်၏။

●

http://www.dhammadownload.com



## စာပေကျေးဇူး

ဤအရာသည် ဤကဲ့သို့မှ ဟုတ်ပါ၏လော၊ ထိုကဲ့သို့ပင်ဖြစ်ပါသလော၊ မှန်မှ မှန်ပါ၏လော၊ အမှားပင်ဖြစ်လေသလော စသည်ဖြင့် ယုံမှားသံသယဒွိဟဖြစ်ခြင်းကို စာပေကျမ်းဂန်အတတ်သည် အလျှဉ်းပယ်ဖျောက်နိုင်၏။ လောက၌ ရှိရှိသမျှလူအားလုံးတို့သည် ကောင်းမှု၊ မကောင်းမှုအစုစုကို ကြည့်ရှုသုံးသပ်ရန် စာပေကျမ်းဂန်အတတ်ကို အသက်အရွယ်နုနယ်စဉ် အရေးထားလျက် အားထုတ်သင်ကြားထိုက်၏။

http://www.dhammadownload.com



## သားမိုက်

သားတို့သည် မမွေးဖွားရသေးသောသား၊ သေလေပြီးသောသား၊ အသက်မသေဘဲ အမြဲဆိုးပေမိုက်မဲ၍ တေလေစာရင်းသွင်းခံရသောသားဟူ၍ သုံးမျိုး သုံးစားရှိပေသည်။ ထိုသုံးမျိုးသောသားတို့တွင် ပထမဖြစ်သော မမွေးဖွားရသေးသောသားနှင့် ဒုတိယ သေလေပြီးသောသားတို့သည် မြတ်သော သားရတနာတို့ ဖြစ်ပေသည်။ နောက်ဆုံးတတိယသားဖြစ်သော တေလေလူစား မိုက်မဲသောသားသည်ကား မမြတ်သောသားဖြစ်ပေသည်။ အကြောင်းမူ ပထမနှင့် ဒုတိယသားတို့တွင် မမွေးရသေးသောသားသည် မွေးဖွားသန့်စင်မျက်နှာမြင်သည့်အခါသာ မိဘတို့အား မျက်နှာမြင်ရသောဒုက္ခကို တစ်ကြိမ်သာပေးလေ၏။ ဒုတိယသားသည်ကား သေစဉ်အခါသာ မိဘတို့အား သေခြင်းကြောင့် စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်းရခြင်းတည်းဟူသော ဒုက္ခကို တစ်ကြိမ်သာပေးလေ၏။ နောက်ဆုံးတတိယဖြစ်သော ဆိုးပေမိုက်မဲတေလေစာရင်း သွင်းခံ

http://www.dhammadownload.com



ရသောသားသည်ကား မိဘနှစ်ပါးတို့အား နေ့စဉ်အမြဲ မသေမချင်း ဆင်းရဲဒုက္ခကို ပေးတတ်သောကြောင့် မမွေး ရသေးသောသားနှင့် သေပြီးသောသားတို့က မိုက်မဲ သောသားထက် မြတ်ပေ၏ဟူ၍ ရှေးဟောင်းသူတို့က ဆိုစမှတ်ပြုကြပေ၏။

http://www.dhammadownload.com



# လူနှင့် တိရစ္ဆာန်

အစာအာဟာရ စားသောက်သုံးဆောင်ခြင်း၊ အိပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ မေထုန်မှီဝဲခြင်းတည်းဟူသော ဤလေးပါးသောအရာတို့သည် တိရစ္ဆာန်နှင့် လူတို့ အတူတူသာဖြစ်ကြ၏။ တရားကိုတတ်သိခြင်း၊ ကျင့်ကြံခြင်းဟုဆိုအပ်သော ကုသိုလ်ကောင်းမှုတရားသည်သာလျှင် လူတို့က တိရစ္ဆာန်ထက် သာလွန်ထူးမြတ်၏။ ထို့ကြောင့် ထိုတရားမှ ဆုတ်ယုတ်ခဲ့ပါမူကား လူပင်ဖြစ်သော်လည်း တိရစ္ဆာန်နှင့်မခြား အလားတူပင် ဖြစ်ပေသည်ဟူ၏။

●

http://www.dhammadownload.com



## အကျိုးမဲ့သောက

တစ်စုံတစ်ခုသော ဘေးဥပဒ်အရာသည် ဖြစ်ပေါ်လိမ့်မည်လော၊ မဖြစ်ဘဲနေမည်လောဟု ကြံစည်တွေးတောလျက် စိုးရိမ်သောကဖြစ်ရန်မလို။ အကြောင်းဆိုသော် မိမိ၏ပကတိသဘောအတိုင်း မဖြစ်ရမည့်အရာသည် မည်သည့်အခါမှ ဖြစ်လိမ့်မည်မဟုတ်ပေ။ ဖြစ်ရမည့်အရာသည်လည်း မဖြစ်ဘဲနေလိမ့်မည်မဟုတ်။ စိုးရိမ်ပူဆွေးခြင်းသည် အချည်းနှီးသာဖြစ်ပေသည်။ ထို့ကြောင့် ကြံစည်တွေးတောလျက် စိုးရိမ်သောကဖြစ်ဖို့ရန် မလိုပေ။

●

http://www.dhammadownload.com



# အလုပ် လုပ်ပါ

ကံတော်လျှင်တစ်ချက်၊ ကံတက်လျှင် တစ်ကော်၊ ကံပေါ်လျှင် လောကမှာ လိုသမျှပြီးနိုင်သည်ဟူ၍လည်းကောင်း၊ ကံမပေးက မရ၊ ကံမကျွေးက မဝ၊ ကံပေးမှရနိုင်သည်၊ ကံကျွေးမှဝနိုင်သည်ဟု ကံကိုသာ လုံးလုံးပုံပြီး မယုံသင့်ပေ။ လက်၌ကိုင်ထားသော နှမ်းအစုကိုလုံ့လပြု၍ မကြိတ်မဖွပ်လျှင် အဘယ်မှာ ဆီကိုရနိုင်ပါအံ့နည်း။ ဆီဆုံ၌ သွတ်သွင်း၍ ကြိတ်မှ ဖွပ်မှသာလျှင် မလွဲဧကန် ဆီကို ရနိုင်ရာ၏။ ကြိုးပမ်းအားထုတ်ပြုလုပ်မှသာ အတိတ်ကံအခွင့်သာသဖြင့် လိုသမျှအကျိုးကို ဖြစ်နိုင်ပေမည်။

●

http://www.dhammadownload.com



## အသက်ရှည်သော်လည်း

အသက်ရှည်ခြင်းသည် အကြောင်းအကျိုး လူနတ်ချမ်းသာ နိဗ္ဗာန်တို့၏ ပြီးပြည့်စုံသောအကြောင်းတစ်ခု၊ သူတော်ကောင်းတို့၏ အသက်ရှည်ခြင်းသည် ခပ်သိမ်းသောသတ္တဝါတို့အတွက် ချမ်းသာအံ့သောအကြောင်းတည်း။ သူယုတ်တို့၏ အသက်ရှည်ခြင်းသည်ကား ခပ်သိမ်းသော သတ္တဝါတို့အတွက် ဆင်းရဲအံ့သောအကြောင်းပင်ဖြစ်၏။

http://www.dhammadownload.com



## မစွန့်ခြင်းတရား

ကြံသည် ကြံကြိတ်စက်ထဲသို့ရောက်သော်လည်း ချိုမြိန်သောအရသာကိုမစွန့်။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်သို့ရောက်သော်လည်း တင့်တယ်ခြင်းကို မစွန့်။ စန္ဒကူးနံ့သာပင်သည် ခြောက်သွေ့သွားသော်လည်း မွှေးကြိုင်မြဲကြိုင်လျက် အနံ့ကိုမစွန့်။ ထို့အတူ ပညာရှိသည် ဆင်းရဲခြင်းသို့ရောက်သော်လည်း သူတော်ကောင်းတရားကိုမစွန့်။ ချမ်းသာသောကာလဆိုလျှင် အဘယ်မှာ တရားကို စွန့်ဘိအံ့ပါမည်နည်း။

●

http://www.dhammadownload.com



## သူတော်ကောင်းနှင့် သူယုတ်မာ

ပညာရှိသူတော်ကောင်းတို့သည် နေ့စဉ်နှင့်အမျှ ကျမ်းဂန်စာပေများကို ရေးသားပြုစုရင်း အချိန်တို့ကို ကုန်လွန်တတ်၏။ သူယုတ်မာတို့မှာမူ နေ့စဉ်နှင့်အမျှ ပျက်စီးရာပျက်စီးကြောင်းအမှုတို့ကိုပြုရင်း ကုန်လွန်တတ်ကြ၏။ သူတော်ကောင်းတို့သည် သီလသမာဓိဂုဏ်ကို အလိုရှိကုန်၏။ သူယုတ်မာတို့သည်ကားအပြစ်ကိုသာ အလိုရှိကုန်၏။

●

http://www.dhammadownload.com



## သူတော်ကောင်းနှင့် သူယုတ်မာတို့၏ ဥစ္စာ

သူတော်ကောင်းတို့၏ဥစ္စာသည် အနည်းငယ်မျှ ဖြစ်သော်လည်း တစ်ပါးသူတို့ မှီခိုစရာဖြစ်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူ တွင်းရေနှင့်တူ၏။ သူယုတ်တို့၏ပစ္စည်းဥစ္စာသည် များသော်လည်း သူတစ်ပါးတို့ မှီခိုရာမဖြစ်။ အဘယ်ကဲ့သို့နည်းဟူမူ သမုဒ္ဒရာရေနှင့် တူနေ၏။ တွင်းရေသည် ချိုမြိန်၍ လူတို့သောက်သုံးနိုင်၏။ သမုဒ္ဒရာရေသည်ကား ငန်၍ လူတို့မသောက်သုံးနိုင်သောကြောင့်တည်း။

●

http://www.dhammadownload.com



## သူတော်ကောင်းနှင့် သူယုတ်မာတို့၏အမျက်

မကောင်းသောစိတ်ဖြင့် ရန်ငြိုးဖွဲ့သော သူယုတ်၏ အမျက်ဒေါသထွက်ခြင်းသည် ကျောက်၌ရေးအပ်သော အက္ခရာကဲ့သို့ မြဲမြံနေ၏။ သူတော်ကောင်း၏ အမျက်ထွက်ခြင်းသည် ရေ၌ရေးအပ်သော အက္ခရာကဲ့သို့ ကြာမြင့်စွာမတည်နိုင်။

●

## သူယုတ်လက္ခဏာ

သူယုတ်တို့သည် သူတစ်ပါး၏အပြစ်ကို မြင်တတ်ကုန်၏။ မိမိတို့၏အပြစ်ကို မမြင်တတ်ကြ။ နှမ်းစေ့မျှသော သူတစ်ပါးအပြစ်ကို မြင်တတ်ကြကုန်၏။ မြင့်မိုရ်လောက်ကြီးသော မိမိအပြစ်ကိုမူ မမြင်တတ်ကြပေ။

●

http://www.dhammadownload.com



## မရောင့်ရဲခြင်း

မင်းတို့သည် ဥစ္စာဖြင့်မရောင့်ရဲနိုင်။ ပညာရှိသည်လည်း စကားကောင်း၌မရောင့်ရဲနိုင်။ သမုဒ္ဒရာသည်လည်း ရေများခြင်း၌ မရောင့်ရဲနိုင်။ ထို့အတူ မျက်စိသည်လည်း ချစ်သောသူကိုကြည့်ခြင်း၌ မရောင့်ရဲနိုင်။

●

## မြတ်ခြင်း

အနာမရှိခြင်းသည် မြတ်သောလာဘ်လာဘမည်၏။ ရောင့်ရဲခြင်းသည်လည်း မြတ်သောဥစ္စာမည်၏။ အကျွမ်းဝင်ခြင်းသည် မြတ်သောဆွေမျိုးမည်၏။ နိဗ္ဗာန်သည်ကား မြတ်သောချမ်းသာမည်ပေ၏ဟူလို။

●

http://www.dhammadownload.com



## ချီးမွမ်းခြင်း

စစ်မြေသို့သွားသော သူရဲကောင်းကို စစ်အောင်၍ ပြန်ရောက်မှ ချီးမွမ်းရာ၏။ ဥစ္စာစပါးကိုလည်း အိမ်သို့ရောက်၍ သိမ်းထားပြီးမှ ချီးမွမ်းရာ၏။ စားသောထမင်းကို အစာကြေပြီးမှ ချီးမွမ်းရာ၏။ ဇနီးမယားကို အရွယ်လွန်ပြီးမှ ချီးမွမ်းရာ၏။

●

## လက်နက်

မင်းတို့မှာ အမိန့်တော်ပြန်တမ်းသည် လက်နက်မည်၏။ ရဟန်းတို့မှာ ဓမ္မကိုပြောဆိုခြင်းသည် လက်နက်မည်၏။ သူဌေးသူကြွယ်တို့မှာ ဥစ္စာသည် လက်နက်မည်၏။ သူဆင်းရဲတို့မှာကား နွားသည် လက်နက်မည်ပေ၏။

●

http://www.dhammadownload.com



## မတင့်တယ်ခြင်း

ဟင်္သာပျိုသည် ကျီးငှက်တို့၏အလယ်၌ မတင့်တယ်သကဲ့သို့ ခြင်္သေ့သည်လည်း နွားတို့၏အလယ်၌ မတင့်တယ်ပေ။ မြင်းသည် မြည်းတို့၏အလယ်၌ မတင့်တယ်သကဲ့သို့ ပညာရှိသည် သူမိုက်တို့၏အလယ်၌ မတင့်တယ်ပေ။

●

## ကျော်စောခြင်း

အကြင်သူသည် ထကြွမှုရှိ၏။ ပျင်းရိခြင်းမရှိ။ ဘေးရန်တို့ ဖြစ်ပေါ်လတ်သော် မတုန်မလှုပ်။ မပြတ်အားထုတ်သော အသက်မွေးမှုရှိ၏။ အရာအားလျော်စွာ ပညာရှိ၏။ ထိုသို့သောသူသည် အကျော်အစောကို ရတတ်၏။

●

http://www.dhammadownload.com



## လူကောင်းသူကောင်း

အကြင်သူသည် ချီးမြှောက်တတ်၏၊ အဆွေခင်ပွန်းကောင်းကိုရှာတတ်၏၊ ကျေးဇူးကိုသိတတ်၏၊ ဝန်တိုမှုမရှိ၊ အကျိုးဆောင်တတ်၏၊ အကြောင်းပြ၍ဆုံးမတတ်၏၊ ခေါင်းဆောင်တတ်၏။ ထိုသို့သောသဘောရှိသူသည် အကျော်အစောကိုရတတ်၏။

●

## မရှိခြင်း

လယ်လုပ်သောသူအား ငတ်မွတ်ခြင်းသည်မရှိ။ သူတော်ကောင်းတို့အား ယုတ်မာခြင်းသည်မရှိ။ အ, သောသူအား ငြင်းခုံခြင်းသည်မရှိ။ နိုးကြားသောသူအား ဘေးသည်မရှိ။

●

http://www.dhammadownload.com



## ပုံရိပ်

မိန်းမနှင့် ရောနှောသောသူသည် အဘယ်မှာ သီလရှိကုန်အံ့နည်း။ သားငါးအစားကြူးသောသူသည် အဘယ်မှာ သနားကြင်နာခြင်းရှိအံ့နည်း။ သေသောက်ကြူးသောသူသည် အဘယ်မှာ စကားမှန်အံ့နည်း။ အမျက်ဒေါသကြီးသောသူသည် အဘယ်မှာ ခြိုးခြံချွေတာနိုင်အံ့နည်း။

●

## ဖျက်ဆီးခြင်း

အိုခြင်းသည် သတ္တဝါတို့ကိုဖျက်ဆီး၏။ မက်မောခြင်းတဏှာသည် ခပ်သိမ်းသောချမ်းသာကို ဖျက်ဆီး၏။ အကြံအစည်သည် ခပ်သိမ်းသောအားကို ဖျက်ဆီး၏။ သနားခြင်းသည် မိမိဥစ္စာကို ဖျက်ဆီး၏။

●

http://www.dhammadownload.com



# စည်းရုံးသိမ်းသွင်းခြင်း

ကျင့်ဝတ်တရားတို့၌ အကြင် ပေးကမ်းစွန့်ကြဲခြင်းသည်လည်းကောင်း၊ အကြင် ချစ်ဖွယ်သောစကားကို ဆိုခြင်းသည်လည်းကောင်း၊ အကြင် အကျိုးစီးပွားကို ကျင့်ဆောင်ခြင်းသည်လည်းကောင်း၊ ကိစ္စအားလျော်စွာ အကြင် မိမိနှင့် ထပ်တူညီမျှဆက်ဆံခြင်းသည်လည်းကောင်း ရှိ၏။ ထိုထိုပုဂ္ဂိုလ်တို့၌ သင်္ဂဟတရားတို့သည် 'သွားနေသောလှည်း နားစောင့်' ကဲ့သို့ ဖြစ်ကုန်၏။

●

http://www.dhammadownload.com



## မျိုးစေ့

အကြင်သို့ သဘောရှိသော မျိုးစေ့ကို စိုက်ပျိုး၏။ ထိုသို့သဘောရှိသော အသီးကိုရ၏။ ကောင်းမှုကို ပြုလေ့ရှိသောသူသည် ကောင်းသော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုရ၏။ မကောင်းမှုပြုလေ့ရှိသော သူသည်လည်း မကောင်းသော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်ဆင်းရဲကို ရတတ်၏။

●

## ပညာရှိ

ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း၊ မကောင်းမှုကို စက်ဆုပ်ခြင်း၊ မကောင်းမှုမှ ကြောက်တတ်ခြင်း၊ အကြားအမြင်များခြင်း၊ အားထုတ်ခြင်း၊ မမေ့မလျော့ခြင်း၊ အသိဉာဏ်ရှိခြင်း။ ဤခုနစ်ပါးသောကျေးဇူးတို့နှင့် ပြည့်စုံသောသူကို ပညာရှိဟူ၍ သိရာ၏။

●

http://www.dhammadownload.com



## ဘေး

သူယုတ်တို့အား စားခြင်းသည် ဘေးတည်း။ သတ္တဝါတို့အား သေခြင်းသည် ဘေးတည်း။ ခပ်သိမ်းကုန်သော မြင့်မြတ်သောသူတို့အား မထီမဲ့မြင်ပြုခြင်းသည်ကား လွန်ကဲသော ဘေးတည်း။

●

## အမြတ်

အကျိုးမရှိသောစကားကို ပြောဆိုခြင်းထက် ဆိတ်ဆိတ်နေခြင်းသည် မြတ်၏။ သူယုတ်တို့ကို အဆွေခင်ပွန်းဖွဲ့ခြင်းထက် တစ်ယောက်တည်းနေခြင်းက ပို၍မြတ်၏။ အဆင်းလှသောမယားကို ကြည့်ခြင်းထက် သူကန်းကဲ့သို့ မကြည့်ဘဲနေခြင်းသည် သာ၍မြတ်၏။ အဝေးမှ လာဘ်လာဘကို ရခြင်းထက် လာဘ်မရခြင်းက လွန်ကဲစွာမြတ်၏။

●

http://www.dhammadownload.com



## အောင်မြင်ခြင်း

တရားအလှူသည် ခပ်သိမ်းသောအလှူကို အောင်၏။ တရားအရသာသည် ခပ်သိမ်းသောအရသာကို အောင်၏။ တရား၌မွေ့လျော်ခြင်းသည် ခပ်သိမ်းသော မွေ့လျော်ခြင်းကိုအောင်၏။ တဏှာကုန်ခန်းခြင်းသည် ခပ်သိမ်းသောဆင်းရဲကို အောင်လေ၏။

●

## လူ့ဘဝ နေထိုင်နည်း

သူယုတ်နှင့်ပေါင်းဖက်ခြင်းကို စွန့်ခွာလော့။ ပေါင်းဖက်အပ်သော သူတော်ကောင်းကို ဆည်းကပ်ပါလော့။ နေ့ညမပြတ် ကောင်းမှုကိုပြုလော့။ သင်္ခါရတရားတို့၏ မမြဲခြင်းတရားကို စိတ်၌မပြတ်အောက်မေ့ကြလော့။

●

http://www.dhammadownload.com



## ကုသိုလ်နှင့် အကုသိုလ်

ကျေးဇူးရှိသော ကုသိုလ်တရား၊ ကျေးဇူးမရှိသော အကုသိုလ်တရား၊ ထိုကုသိုလ်၊ အကုသိုလ်တရား နှစ်ပါးတို့သည် တူသောအကျိုးမရှိပေ။ ကျေးဇူးမရှိသော အကုသိုလ်တရားသည် ငရဲဘုံသို့ဆောင်တတ်၏။ ကျေးဇူးရှိသောကုသိုလ်တရားအပေါင်းသည် လူ့ပြည်၊ နတ်ပြည်သို့ ရောက်စေတတ်၏။

●

## မပျင်းနဲ့

ပျင်းသောသူသည် အတတ်ပညာမရနိုင်။ အတတ်ပညာမရှိသောသူသည် ဥစ္စာပစ္စည်းမရနိုင်။ ဥစ္စာမရှိသောသူသည် မိတ်ဆွေမရနိုင်။ မိတ်ဆွေမရှိသောသူသည်လည်း ချမ်းသာမှုမရနိုင်။ ချမ်းသာမှုမရှိသောသူသည် ကောင်းမှုမပြုနိုင်။ ကောင်းမှုမရှိသောသူသည် နိဗ္ဗာန် မရနိုင်။

●

http://www.dhammadownload.com



## အတတ်ပညာ

အတတ်ပညာနှင့်တူသောဥစ္စာဟူသည် မရှိ။ အတတ်ပညာကို သူခိုး မခိုးနိုင်။ အတတ်ပညာသည် ဤလောက၌ မိတ်ဆွေကောင်းမည်၏။ အတတ်ပညာသည် တမလွန်၌ ချမ်းသာကိုဆောင်တတ်၏။

●

## ဗဟုသုတရှာပါ

အကြားအမြင်ပညာကို နည်းသည်ဟူ၍ မအောက်မေ့ရ။ စိတ်၌ သိုမှီးသိမ်းဆည်းထားရ၏။ ခြကောင်များစု၍ ကြီးထွားလာသောတောင်ပို့နှင့် အိုးစရည်း၌ ကျဖန်များ၍ ပြည့်လာသောရေပေါက်ကဲ့သို့ မှတ်အပ်၏။

●

http://www.dhammadownload.com



## အသက်မွေးခြင်း အခြေခံ

အသိပညာကိုဖြစ်စေ၊ လက်မှုပညာကိုဖြစ်စေ သေးငယ်၏ဟု တထစ်ချမထင်မှတ်ရ။ ကုန်စင်အောင် တတ်မြောက်ခဲ့ပါမူ မိမိတတ်မြောက်ထားသော အတတ်ပညာတစ်မျိုးမျိုးက အသက်မွေးဝမ်းကျောင်းအတွက် အထောက်အပံ့ဖြစ်နိုင်ရာ၏။

●

## ပညာသင်ခြင်း

သုတနှင့်ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်ရှိသည်ဟု သတင်းစကား ကြားငြားအံ့။ အချိန်မဆွဲဘဲ သုတကို ရှာမှီးသော အမျိုးကောင်းသားသည် လုံ့လဝီရိယ ကြီးမားစွာဖြင့် ပညာရှိရာအရပ်သို့ အရောက်သွား၍ ပညာရှိကို ရှာမှီးရာ၏။

●

http://www.dhammadownload.com



## ကိုယ်ပိုင်ဥစ္စာ

စာအုပ်၌ရှိသော အတတ်ပညာနှင့် သူတစ်ပါး၏ လက်၌ရှိသောဥစ္စာသည် မိမိကိုယ်ပိုင်မဟုတ်။ အကြောင်းကိစ္စ ပေါ်ပေါက်သော် အသုံးချ၍မရနိုင်။ မိမိဝမ်း၌ရှိသော အတတ်ပညာသည်သာ အတတ်မည်၍ မိမိလက်၌ရှိသော ဥစ္စာသည်သာ ဥစ္စာမည်သည်ဟု မှတ်ရာ၏။

●

## ဖြည်းဖြည်း

အတတ်ပညာကို ဖြည်းဖြည်းသင်ရာ၏။ ဥစ္စာကို ဖြည်းဖြည်းရှာရာ၏။ တောင်ကိုတက်သောသူသည် ဖြည်းဖြည်းတက်ရာ၏။ အမျက်ကို ဖြည်းဖြည်းထွက်ရာ၏။ ကာမဂုဏ်ကို ဖြည်းဖြည်းအလိုရှိရာ၏။ ဤငါးပါးတို့ကို တဖြည်းဖြည်း၊ တစ်စစသာအလိုရှိရာ၏။

●

http://www.dhammadownload.com



## စကားလုံးများ

လောကဥ္စ ပညာရှိမည်သည် သူ မမေးမူ စည်ကြီး သဖွယ်ဖြစ်၏။ သူမေးလာမူ မိုးကြီးသဖွယ်ဖြစ်၏။ သူမိုက်သည်ကား မေးသော်ရှိ၊ မမေးသော်ရှိ အခါခပ်သိမ်း များစွာပြောဟောတတ်၏။

●

## သဲလွန်စ

လောကဥ္စ ရေတိမ်ရေနက်ကို ကြာကိုမြင်သဖြင့် သိရ၏။ အမျိုးယုတ်၊ အမျိုးမြတ်ကိုကား ကိုယ်အမူအရာ၊ နှုတ်အမူအရာ အကျင့်အားဖြင့် သိရ၏။ ပညာရှိ မရှိကိုကား ဆိုသောစကားဖြင့် သိအပ်၏။ မြေကောင်း မကောင်းကိုကား မြက်ညှိုး မညှိုးကိုမြင်သဖြင့် သိရပေ၏။

●

http://www.dhammadownload.com



## အချိန်ဖြုန်းသူ

လောက၌ အကြင်သူသည် ပထမအရွယ်၌ အတတ်ပညာ၊ ဒုတိယအရွယ်၌ ဥစ္စာ၊ တတိယအရွယ်၌ တရားတို့ကိုမရအံ့။ ထိုသူသည် စတုတ္ထအရွယ်၌မူကား အသို့မူအံ့နည်း။ ဘာကိုမျှမရနိုင်တော့ပြီ။

●

## ပညာကျေးဇူး

တပည့်တို့...။ အတတ်ပညာကို ကြိုးစား၍ ရှာဖွေသင်ကြကုန်လော့။ အဘယ့်ကြောင့် ပျင်းရိနေကြကုန်သနည်း။ နေ့စဉ်...နေ့စဉ် တရွေ့ရွေ့နှင့်ပညာသင်ကြကုန်လော့။ ပညာမရှိသောသူသည် သူ၏ ဝန်ထမ်းဖြစ်တတ်၏။ ပညာရှိသောသူကို သူတစ်ပါးတို့ ပူဇော်အပ်၏ ။

●

http://www.dhammadownload.com



## အရသာမဲ့

ထုံးမရှိသောကွမ်း၊ ဆားမပါသောဟင်း၊ ဥစ္စာမရှိသောသူ၏ တန်ဆာဆင်ခြင်း၊ အတတ်ပညာမရှိသောသူ၏ ပျို့ကဗျာဖွဲ့ခြင်းတို့သည် အရသာမရှိနိုင်။

●

## လူ့နွား

လောက၌ မေထုန်မှီဝဲခြင်း၊ အိပ်ခြင်း၊ စားခြင်း ဤသုံးမျိုးကား နွား၌လည်းရှိ၏။ ယောကျ်ား၌လည်း ရှိ၏။ အတတ်ပညာသည်သာ ယောကျ်ား၏ အထူးဖြစ်၏။ ပညာမှ ယုတ်မူကား လူပင်ဖြစ်သော်လည်း နွားနှင့်တူတော့၏။

●

http://www.dhammadownload.com



## ညီမျှခြင်းများ

လောက၌ အတတ်ပညာနှင့်တူသော အဆွေခင်ပွန်းမည်သည်မရှိ။ အနာနှင့်တူသော ရန်သူမည်သည် မရှိ။ ကိုယ်နှင့်တူသော ချစ်သောသူမည်သည် မရှိ။ ကံနှင့်တူသော အားမည်သည် မရှိ။

●

## သူမိုက်

သူမိုက်သည် အသက်ထက်ဆုံး ပညာရှိကို ဆည်းကပ်စေကာမူ ထိုသူမိုက်သည် တရားကိုမသိနိုင်။ ဥပမာအားဖြင့် ယောက်ချိုဇွန်းသည် ဟင်း၏အရသာကို မသိသကဲ့သို့ဖြစ်၏ ။

●

http://www.dhammadownload.com



## သုခမိန်

ပညာရှိသည် တစ်ခဏမျှ ပညာရှိကို ဆည်းကပ်ငြားအံ့။ လျင်မြန်စွာ တရားကိုသိရာ၏။ ဥပမာအားဖြင့်လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ဖြစ်၏။

●

## အဖော်

ရဲရင့်သောသူသည် လက်နက်ကင်းလျက် စစ်မြေအရပ်သို့ မသွားရာ။ ပညာရှိသည်လည်း ကျမ်းဂန်ကိုကင်း၍ စကားမဆိုရာ။ အဝေးရှည်သောခရီးသို့ သွားသောကုန်သည်သည် အဖော်ကိုကင်း၍ မသွားရာ၏။

●

http://www.dhammadownload.com



## လျှို့ဝှက်အပ်သောအရာ

ဥစ္စာပျက်ခြင်းကိုလည်းကောင်း၊ စိတ်နှလုံးပူပန်နွမ်းနယ်ခြင်းကိုလည်းကောင်း၊ အိမ်၌ မကောင်းမှုကို ပြုကျင့်ခြင်းကိုလည်းကောင်း၊ မထီမဲ့မြင်ပြုခြင်းကို လည်းကောင်း၊ လှည့်ပတ်ခြင်းကိုလည်းကောင်း ပညာရှိသည် ထင်ရှားမပြတတ်။

●

## အသိ

အရေးကြုံလာသည်နှင့် လျော်သော်စကား၊ ကိုယ်နှင့် တန်ရုံသောအမျက်၊ ကိုယ်အား လျောက်ပတ်သော ချစ်သူ၊ ဤသုံးပါးကို သိတတ်သောသူသည် ပညာရှိ မည်၏။

●

http://www.dhammadownload.com



## သူရူး

ဥစ္စာမရှိဘဲ အရသာစားကြူးသောသူ၊ အားခွန်မရှိဘဲ အသတ်အပုတ်ကြိုက်တတ်သောသူ၊ ပညာမရှိဘဲ စကားလိုလားသောသူ။ ဤသူတို့ကား သူရူးနှင့် တူကုန်၏။

●

## အားနည်းချက်

အဆင်းမလှသောသူသည် စကားများတတ်၏။ ပညာနည်းသောသူသည် ထင်ရှားပြတတ်၏။ ရေမပြည့်သောအိုးသည် ချောက်ချားတတ်၏။ နို့ရည်မထွက်သောနွားမသည် ကျောက်ကန်တတ်၏။

●

http://www.dhammadownload.com



## အယောင်ဆောင်ခြင်း

ဖားသူငယ်သည် ဆောင့်ကြောင့်ထိုင်တတ်ကာမှု ခြင်္သေ့ဟုထင်ရ၏။ ကျီးသည် ချီမှုကား ချစ်ဆွေ ချစ်ဆွေဟု ပြသတတ်၏။ ပညာမရှိသောသူမိုက်သည်လည်း မိမိကိုယ်ကို ပညာရှိဟုထင်ပြီးလျှင် ပညာရှိတို့မေးသောအခါ "ငါ့ရှင် . . . ငါ့ရှင်" ဟု ချစ်ဖွယ်သောစကားကို ဆိုတတ်၏။

●

## မတူညီခြင်း

ဖားသူငယ်သည်လည်း ဆောင့်ကြောင့်ထိုင်ချင်းတူကာမှု ခြင်္သေ့မဖြစ်နိုင်။ ဝက်သည်လည်း အုတ်–အုတ်မြည်တတ်ကာမှု ကျားသစ်မဖြစ်နိုင်။ ကြောင်သည်လည်း အဆင်းသဏ္ဍာန်တူကာမှု ကျားမဖြစ်နိုင်။ ခပ်သိမ်းသောပညာရှိသည်လည်း အတတ်ချင်းမတူနိုင်။

●

http://www.dhammadownload.com



## လူ့ပေါက်ပန်း

အဆင်းအရွယ်နှင့်ပြည့်စုံ၍ ပြန့်ပြောကြွယ်ဝသော အမျိုး၌ ဖြစ်စေကာမူ အတတ်ပညာမရှိပါက အမှန်ပင် မတင့်တယ်။ ဥပမာအားဖြင့် ပေါက်ပန်းတို့သည် အဆင်းအရောင်အသွေး လှပသော်လည်း အနံ့မှ ကင်းကုန်သကဲ့သို့ဖြစ်၏။

●

## ယောကျ်ား

လောက၌ အမျိုးယုတ်သောသူ၏သားပင် ဖြစ်သော်လည်း မင်း၏အမတ်ဖြစ်တတ်၏။ သူမိုက်၏ သားဖြစ်လျက်လည်း ပညာရှိတတ်၏။ ဥစ္စာမရှိသော သူ၏ သားဖြစ်လျက်လည်း ဥစ္စာများတတ်၏။ ထို့ကြောင့် ယောကျ်ားတို့အား မထီမဲ့မြင် မပြုကုန်ရာ၏။

●

http://www.dhammadownload.com



## စေတနာ

အိုးထိန်းသည်သည် အိုးကို ကွဲစိမ့်သောငှာ မခတ်။ တင့်တယ်စိမ့်သောအလို့ငှာ ခတ်၏။ ဆရာသည် တပည့်တို့အား အပါယ်ဆင်းရဲတို့သို့ ကျစေခြင်းအလို့ငှာ မပုတ်ခတ်။ အတတ်ပညာအစီးအပွားဟူသော အကြောင်းကြောင့်သာလျှင် ပုတ်ခတ်၏။

●

## အတွင်းပုပ်

ရေသဖန်းသီးမှည့်တို့သည် အပင်နီမြန်းလျက် အဆင်းလှကုန်၏။ အတွင်း၌မူကား ပိုးလောက်အတိ ပြည့်ကုန်၏။ သူယုတ်မာတို့၏ စိတ်နှလုံးတို့သည် လည်း ဤနည်းတူဖြစ်ကုန်၏။

●

http://www.dhammadownload.com



## နှလုံးလှ

ပိန္နဲသီးမှည့်တို့သည် အပင်ဆူးသာ ထင်ရှားကုန်၏။ အတွင်း၌မူကား ချိုမြိန်သောအရသာနှင့် ပြည့်စုံကုန်၏။ သူတော်ကောင်းတို့၏ စိတ်နှလုံးတို့သည်လည်း ဤနည်းတူဖြစ်ရာ၏။

●

## စောင့်ထိန်းခြင်း

ခြင်္သေ့မည်သည် မွတ်သိပ်သော်လည်း သစ်ရွက်၊ မြက် စသည်တို့ကိုမစား။ ကြံုလှီသော်လည်း ဆင်သားကိုမစား။ အမျိုးအနွယ်ကို စောင့်တတ်၍ မြင့်မြတ်သော အမျိုး၌ဖြစ်သော အမျိုးကောင်းသားတို့မည်သည် ဆင်းရဲခြင်းသို့ရောက်သော်လည်း ယုတ်မာသောအမှုကို မပြု။

●

http://www.dhammadownload.com



## ချမ်းသာခြင်း

လောက၌ သစ်ပင်ရိပ်သည် ချမ်းသာ၏။ ထိုသစ်ပင်ရိပ်ထက် ဆွေမျိုးမိဘတို့၏အရိပ်သည် ချမ်းသာ၏။ ထိုဆွေမျိုးမိဘတို့၏ အရိပ်ထက် ဆရာသမားတို့၏ အရိပ်သည် ချမ်းသာ၏။ ထိုဆရာသမားတို့၏အရိပ်ထက် မင်း၏အရိပ်သည် ချမ်းသာ၏။ ထိုမင်း၏အရိပ်ထက် မြတ်စွာဘုရား၏အရိပ်ဟုဆိုအပ်သော တရားတော်သည် အများအပြားအားဖြင့် ချမ်းသာ၏။

●

## မြစ်နှင့်တူသော ပညာ

ထို့အတူ ကျမ်းဂန်စာပေနှင့် အထွေထွေအတတ်ပညာတို့သည် မကောင်းမြစ်တား ကောင်းရာညွှန်ပြ၍ သွန်သင်ဆုံးမတတ်သော ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံစေတတ်၏။

●

http://www.dhammadownload.com



## ချမ်းမြေ့မှု

လောက၌ စန္ဒကူးသည် ချမ်းမြေ့၏။ ထိုစန္ဒကူးထက် လသည် ချမ်းမြေ့၏။ ထိုလထက် ကောင်းစွာဆိုအပ်သော သူတော်ကောင်းတို့၏စကားသည် ချမ်းမြေ့၏ ။

●

## အလိုဆန္ဒ

ပိတုန်းတို့သည် ပန်းကို အလိုရှိကြကုန်၏။ သူတော်ကောင်းတို့သည် ဂုဏ်ကျေးဇူးကို အလိုရှိကုန်၏။ ယင်တို့သည် အပုပ်နံ့ကို အလိုရှိကုန်၏။ သူယုတ်တို့သည် အမျက်ကို အလိုရှိကုန်၏။

●

http://www.dhammadownload.com



## ယုတ်သောအကြောင်း

အမိယုတ်သောသူအား မကောင်းသောစကားရှိ၏။ အဖယုတ်သောသူအား မကောင်းသောအမူအကျင့်ရှိ၏။ မိဘနှစ်ပါးစုံယုတ်သူအား မကောင်းသောစကားလည်းရှိ၏။ မကောင်းသောအမူအကျင့်လည်း ရှိတတ်၏ ။

●

## မြတ်သောအကြောင်း

အမိမြတ်သောသူအား ကောင်းသောစကားရှိ၏။ အဖမြတ်သောသူအား ကောင်းသောအမူအကျင့်ရှိ၏။ မိဘနှစ်ပါးစုံမြတ်မှုကား ကောင်းသောစကားလည်း ရှိ၏။ ကောင်းသောအမူအကျင့်လည်းရှိနေ၏။

●

http://www.dhammadownload.com



# လူမသူတော်ကြီးများ

ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေထိုင်သူတို့၏ ငြိမ်းချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသူ လူနှစ်စားရှိ၏။ တစ်စားမှာ အရက်သမား၊ ဖဲသမား၊ ဘိန်းစား၊ သူခိုး၊ ဓားပြလူဆိုးဖြစ်၏။ နောက်တစ်စားမှာကား ပညာရှိ၊ ဥစ္စာရှိ၊ ဩဇာအာဏာရှိ၍ စိတ်ထားယုတ်မာသူ လူမသူတော်ကြီးများဖြစ်၏။ ပထမလူစားထက် ဒုတိယလူစားက ပို၍ကြောက်စရာကောင်း၏။

●

http://www.dhammadownload.com



## အလိုရှိခြင်း

စစ်မြေပြင်၌ ရဲရင့်သောသူကို အလိုရှိကုန်၏။ ခိုက်ရန်ဖြစ်သောအခါ စကား၌လိမ္မာသောသူကို အလိုရှိကုန်၏။ စားကောင်းသောက်ဖွယ်စားသောက်သောအခါတို့၌ ချစ်ခင်သောသူကို အလိုရှိကုန်၏။ အနက်သဒ္ဒါခဲခက်စွာသော ကျမ်းဂန်အမှုကိစ္စရှိသောအခါတို့၌ ပညာရှိကို အလိုရှိကုန်၏။

●

## ပုရွက်ဆိတ်ရဲ့ ပင်လယ်

ဆင်ပြောင်ကြီးကား အမှတ်မထင် ကျင်ငယ်စွန့်ခြင်းပင်ဖြစ်လင့်ကစား ပုရွက်ဆိတ်ခများမှာ ပင်လယ်ရေကြီး၍ ဖောင်စီးနေရသည်ဟူဘိသို့။

●

http://www.dhammadownload.com



## ရှိုးရှိုးမှန်မှန် ပြောပါ

ချိုသောအရသာသည် ကောင်း၏။ ချိုလွန်းသော အရသာသည် မကောင်း။ ရိုးရိုးမှန်မှန်ပြောသောစကား သည် လေးနက်၏။ ကျိန်ဆို၍ပြောသောစကားသည် ပေါ့၏။

●

## လိုက်ဖက်မှု

လူတစ်ယောက်မှာ ကြည့်ကောင်းသောအဝတ် သည် အခြားတစ်ယောက် ဝတ်ဆင်လျှင် ကြည့်ကောင်း ချင်မှ ကောင်းသည်။ သို့ကြောင့် အဝတ်အစား ဝတ် ဆင်ရာတွင် သူတစ်ပါး ဝတ်ဆင်၍လှသည်ကိုမကြည့် ဘဲ မိမိနှင့် တော် မတော်၊ သင့် မသင့် ချင့်ချိန်၍ ဝတ် ဆင်ရာ၏။

●

http://www.dhammadownload.com



## အန္တရာယ်

ဆာလောင်မွတ်သိပ်နေသူနှစ်ဦး ပေါင်းမိသော်လည်း တိုး၍တိုး၍ မဆာလောင်နိုင်။ မိုက်မဲသော သူယုတ်နှစ်ဦး ပေါင်းမိလျှင်သာ အဆပေါင်းများစွာ တိုး၍ မိုက်မဲနိုင်၏။

●

## သေချာခြင်း

သေချာခြင်းသည် ရွှေ၊ ငွေ၊ စိန်၊ ကျောက်တို့ထက် အဖိုးတန်၏။ ရွှေ၊ ငွေ၊ စိန်၊ ကျောက်တို့ကို တန်ဖိုးဖြတ်နိုင်သော်လည်း သေချာခြင်းကို တန်ဖိုးဖြတ်၍မရနိုင်။

●

http://www.dhammadownload.com



## ပီယနှင့် ဝီရ

လူတို့တွင် ချစ်ခင်ဖွယ်ပီယရုပ်နှင့် ရဲရင့်သော ဝီရ ရုပ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ပီယရုပ်သည် မိန်းမများအဖို့ အရေးကြီးသကဲ့သို့၊ ဝီရရုပ်သည် ယောကျ်ားများအဖို့ အရေးကြီးပြန်၏။

●

## ဖြည်းဖြည်းမှန်မှန် ပြုလုပ်ပါ

အမှုကိစ္စဟူသမျှကို လျင်မြန်စွာ မိမိလည်း မပြု သင့်၊ သူတစ်ပါးကိုလည်း မပြုစေသင့်။ အမှုကိစ္စကို အဆောတလျင်ပြုမိပါမူ ပညာနည်းသောပုဂ္ဂိုလ်သည် နောက်မှ ပူပန်ရတတ်၏။

●

http://www.dhammadownload.com



## ချီးမွမ်းအပ်သူ

အမျက်ဒေါသကို ဖျောက်နိုင်ပါက တစ်ရံတစ်ဆစ်မျှ မစိုးရိမ်မကြောင့်ကြရ။ သူ့ကျေးဇူးကို ထုတ်ဖော်ဆိုတတ်သောသူကို ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းကုန်၏။ ကြမ်းကြုတ်သောစကားကို သည်းခံတတ်သောသူကိုလည်း မြင့်မြတ်သောသူဟု ဘုရားစသော သူတော်ကောင်းတို့ ဆိုပြန်ကုန်၏။

●

## ဆုံးမခြင်း

ဆုံးမသွန်သင်သင့်သောအရာ၌ ဆုံးမသွန်သင်ရာ၏။ ယုတ်မာသောအကျင့်မှလည်းတားမြစ်ရာ၏။ ဆုံးမတတ်သောသူကို သူတော်ကောင်းတို့သည် ချစ်ခင်အပ်၏။ သူတော်မဟုတ် သူယုတ်တို့ကား မချစ်အပ်ပေ။

●

http://www.dhammadownload.com



## ဆင်းရဲခြင်း

အပုပ်နံ့အပြည့်နှင့် ကျဉ်းမြောင်းသော ဌာနေ၌ နေရခြင်းသည် ဆင်းရဲ၏။ ထို့ထက် မချစ်မနှစ်သက်လိုသော ရန်သူထံ၌ နေရခြင်းသည် ပိုဆင်းရဲ၏။ ထို့ထက် သူ့ကျေးဇူးကို မသိတတ်သောသူနှင့် အတူနေရခြင်းက သာ၍ဆင်းရဲ၏။

## အောင်ရာ အောင်ကြောင်း

ကိုယ့်ထက်မြတ်သောသူကို ကိုယ်ကိုနှိမ့်ချသဖြင့် အောင်ရာ၏။ ရဲရင့်သူကို သင်းခွဲခြင်းဖြင့် အောင်ရာ၏။ ကိုယ့်အောက်နိမ့်သောသူကို ကူညီပံ့ပိုးခြင်းဖြင့် အောင်ရာ၏။ ကိုယ်နှင့်တူသောသူကို လုံ့လပြုသဖြင့် အောင်ရာ၏။

http://www.dhammadownload.com



## အဆိပ်

လောက၌ ဝိသ(အဆိပ်)ကို အဆိပ်ဟူ၍ မဆိုကုန်။ သံဃာ၏ဥစ္စာကို အဆိပ်ဟုဆိုအပ်၏။ အဆိပ်ကား တစ်ကြိမ်သာ သတ်တတ်၏။ သံဃိက (သံဃာ့ပစ္စည်း) ဥစ္စာပစ္စည်းကား အကြိမ်ကြိမ်အဖန်ဖန် သတ်တတ်၏။

●

## စေ့ငှခြင်း

မြစ်တို့သည် ရေကိုမသောက်ကုန်။ သစ်ပင်တို့သည် အသီးကိုမစားကုန်။ မိုးတို့သည် အချို့သောအရပ်၌မရွာကုန်။ သူတော်ကောင်းတို့ဥစ္စာသည် သူတစ်ပါးအကျိုးငှာသာ ဖြစ်ရာ၏။

●

http://www.dhammadownload.com



## တောင့်တအပ်သော တရား

မတောင့်တအပ်သည်ကို မတောင့်တရာ၏။ မကြံ အပ်သည်ကို မကြံရာ၏။ တရားသဘောနှင့် စပ်ယှဉ် သည်ကိုသာလျှင် ကောင်းစွာတောင့်တရာ၏။ ကြံရာ ၏။ အချည်းနှီးသောအချိန်ကာလတို့ကို အလိုမရှိရာ။

●

## စည်းစိမ်အကြောင်း

မကြံစည်ဘဲလည်း ဖြစ်တတ်၏။ ကြံသော်လည်း ပျက်တတ်၏။ မိန်းမ၊ ယောကျ်ားတို့အား စည်းစိမ်တို့ သည်လည်း ကြံတိုင်းမပြီးကုန်ရာ၏။

●

http://www.dhammadownload.com



## ပျက်စီးခြင်းအကြောင်း

အကြင်သူသည် သူတော်မဟုတ်သောသူအား ချစ်ခင်၏။ သူတော်ကောင်းအား ချစ်ခင်ခြင်းကို မပြု။ မသူတော်တို့၏တရားကို နှစ်သက်၏။ ထိုသူ၏အမူအကျင့်တို့သည် ပျက်စီးခြင်း၏အကြောင်းတရားဖြစ်၏ ။

●

## အိပ်စက်ခြင်း

မင်းကား တစ်ယံသာအိပ်ရာ၏။ ပညာရှိကား နှစ်ယံသာအိပ်ရာ၏။ အိမ်ရာထောင်သော လူအပေါင်းကား သုံးယံသာအိပ်ရာ၏။ ဖုန်းတောင်းယာစကာကား လေးယံပတ်လုံး အိပ်ရာ၏။

●

http://www.dhammadownload.com



## မနေသင့်သောအရပ်

အကြင်အရပ်၌ ဥစ္စာရှိသောသူ၊ ပညာရှိသောသူ၊ မြစ်၊ ဧကရာဇ်မင်း၊ ဆေးသမား . . . စသော ဤငါးပါး တို့ မရှိကုန်အံ့။ ထိုထိုအရပ်တို့၌ တစ်နေ့တစ်ရက်မျှပင် မနေအပ်ရာ။

●

## မနေသင့်သောအရပ် (၂)

အကြင်အရပ်၌ မြတ်နိုးခြင်းလည်းမရှိ။ ချစ်ခြင်း လည်းမရှိ။ အဆွေခင်ပွန်းကောင်းလည်းမရှိ။ တစ်စုံ တစ်ယောက်မျှ အတတ်ပညာ သင်စိမ့်သောသူလည်း မရှိ။ ထိုထိုအရပ်၌ တစ်နေ့တစ်ရက်မျှပင် မနေအပ်ရာ။

●

http://www.dhammadownload.com



## ဆိတ်ငြိမ်မှု

သားသမီးမရှိသောအိမ်သည် ဆိတ်ငြိမ်၏။ မင်းမရှိသောတိုင်းနိုင်ငံသည် ဆိတ်ငြိမ်၏။ အတတ်ပညာမရှိသောသူ၏ ခံတွင်းနှုတ်သည် ဆိတ်ငြိမ်၏။ ဆင်းရဲခြင်းကား အလုံးစုံဆိတ်ငြိမ်၏။

●

## ဘာအလိုရှိသလဲ

လောက၌ ဥစ္စာပစ္စည်းအလိုရှိမူ ကုန်သွယ်ရာ၏။ အတတ်ပညာကို အလိုရှိမူ ပညာရှိပုဂ္ဂိုလ်ကို ဆည်းကပ်ရာ၏။ သားသမီးကိုအလိုရှိမူ မိန်းမငယ်ကို ပေါင်းသင်းနေထိုင်ရာ၏။ မင်းအမတ်ဖြစ်ခြင်းကို အလိုရှိမူ မင်းအလိုလိုက်၍ နေရာ၏။

●

http://www.dhammadownload.com



## ပျက်ခြင်း

ရဟန်းသည် မရောင့်ရဲမှု ပျက်၏။ မင်းသည် ရောင့်ရဲမှု ပျက်၏။ ပြည့်တန်ဆာမသည် ရှက်တတ်မှု ပျက်၏။ အမျိုးကောင်းသမီးသည် မရှက်တတ်မှု ပျက်၏။

●

## အား

ငှက်တို့၏အားကား ကောင်းကင်တည်း။ ငါးတို့၏အားကား ရေတည်း။ အားနည်းသောသူ၏အားကား မင်းတည်း။ သူငယ်တို့၏အားကား ငိုခြင်းတည်း။

●

http://www.dhammadownload.com



## ဂုဏ် (၆) ပါး

သည်းခံခြင်း၊ နိုးကြားခြင်း၊ ထကြွလုံ့လပြုခြင်း၊ သနားခြင်း၊ ဝေဖန်ပေးကမ်းခြင်း၊ မြော်မြင်တွေးခေါ်ခြင်း . . . စသော ဤ ၆ ပါးတို့ကား မင်းစသော လူကြီးမိဘတို့၏ ဂုဏ်ကျေးဇူးမည်ကုန်၏။ သူတော်ကောင်းတို့ အလိုရှိအပ်သော ဂုဏ်ကျေးဇူးတို့ ဖြစ်ကုန်၏ ။

●

## ကပ်ရော

နေကို ကျော့ဖြင့်သော ကပ်ရော၏။ မီးကိုကား ဝမ်းဖြင့်သာကပ်ရော၏။ အရှင်ကိုကား အလုံးစုံသောအဖိုးဖြင့် ကပ်ရော၏။ တမလွန်ဘဝကိုကား မမိုက်သဖြင့်သာ ကပ်ရော၏ဟူလို။

●

http://www.dhammadownload.com



## တစ်ကြိမ်တည်းသော စကား

ရဟန်းပုဏ္ဏားတို့သည် တစ်ကြိမ်သာဆိုကုန်၏။ မင်းတို့သည်လည်း တစ်ကြိမ်သာဆိုကုန်၏။ ဘုရားစသော သူတော်ကောင်းတို့သည်လည်း တစ်ကြိမ်သာဆိုကုန်၏။ ဤသို့သော သဘောတရားသည် ရှေးသူဟောင်းတို့၏ အကျင့်ဖြစ်သည်။

●

## မကောင်းသူများ

ပျင်းသောအိမ်ရာထောင်သောသူသည် မကောင်း။ ကိုယ်နှုတ်နှလုံးမစောင့်စည်းသော ရဟန်းသည်လည်း မကောင်း။ မဆင်မခြင်ပြုလေ့ရှိသော မင်းသည်လည်း မကောင်း။ အမျက်ထွက်တတ်သော ပညာရှိသည်လည်းမကောင်း။

●

http://www.dhammadownload.com



## မင်း မည်သည်

မင်းမည်သည်ကား အခွန်အတုတ်၏ ထွက် မထွက်ကိုလည်းကောင်း၊ မျိုးရိက္ခာ ကုန် မကုန်ကို လည်းကောင်း ကိုယ်တိုင်သိအောင်ပြုရာ၏။ အမှုထမ်း သည် မထမ်းသည်ကိုလည်း ကိုယ်တိုင်သိအောင် ပြု ရာ၏။ နှိပ်ခြင်းငှာထိုက်သောသူကို နှိပ်ရာ၏။ ချီး မြှောက်ခြင်းငှာထိုက်သောသူကို ချီးမြှောက်ရာ၏။

●

## အန္တရာယ် (၆) မျိုး

လောက၌ မိန်းမ၊ မီး၊ ရေ၊ သူမိုက်၊ မြွေ၊ မင်းမျိုး တို့ကို မထိမပါးရှောင်ရှားသဖြင့်သာ သွားအပ်၏။ အကြောင်းမူ လတ်တလောအသက်ကို ချတတ်ကုန်၏။

●

http://www.dhammadownload.com



## သေဆုံးခြင်း

မကောင်းသောမယားနှင့် ပေါင်းဖက်သောသူ၊ ကြမ်းလှစွာသော ကျွန်ကို စေသောသူ၊ မြွေရှိသောအိမ်၌ နေသောသူတို့သည် သေဆုံးခြင်းအမှန်တည်း။ ယုံမှားသံသယမရှိရာ။

●

## နှစ်မြုပ်ခြင်း

မိုက်မဲသောတပည့်အား အတတ်ပညာသင်ကြားပြသသူ၊ ယုတ်စွာသောမိန်းမကို အိမ်ထောင်ပြုသောသူ၊ မသူတော်တို့နှင့်ပေါင်းဖက်သော ပညာရှိသောသူပင်ဖြစ်သော်လည်း နှစ်မြုပ်တတ်ချေသည်သာတည်း။

●

http://www.dhammadownload.com



## မကောင်းမှုတရားခံ

လောက၌ ယုတ်မာသောအမှုကို သားသည်ပြုမူ အမိပြုသည်မည်၏။ တပည့်သည် မကောင်းမှုကိုပြု လျှင် ဆရာပြုသည်မည်၏။ မင်းသည် မကောင်းမှုကို ပြုလျှင် ပုရောဟိတ် ပြုသည်မည်၏။ တိုင်းသားပြည်သူ သည် မကောင်းမှုကိုပြုမူ မင်းပြုသည်မည်၏။

●

## ပေးကမ်းခြင်းနှင့် ဝန်တိုခြင်း

လောက၌ ပေးကမ်းခြင်းသည် ချစ်စေတတ်သော ဆေးမည်သည့်ပြင် အခြွေအရံများသောဆေးလည်း မည်၏။ ဝန်တိုခြင်းကား မုန်းစေတတ်သောဆေးဖြစ် သည့်ပြင် အထီးကျန်သောဆေးလည်း မည်ပေ၏။

●

http://www.dhammadownload.com



## ဖအောင်မြင်ခြင်းနည်းလမ်း

မင်းတို့မည်သည်ကား အမျက်မာန်စောင်ကြီးလှသောသူကို အမျက်နည်းသဖြင့် အောင်ရာ၏။ မတော်မမှန်သောသူကို မိမိက သူတော်ကောင်းလုပ်သဖြင့် အောင်ရာ၏။ ဝန်တိုသောသူကို ပေးကမ်းသဖြင့် အောင်ရာ၏။ စကားမမှန်သောသူကို မှန်သောစကားဆိုသဖြင့် အောင်ရာ၏။

●

## မင်းညွှံ

သူရဲကောင်းတို့နှင့် အဖော်သဟဲပြည့်စုံပါလျက် ရန်ကိုမအောင်၊ မစွမ်းနိုင်သောမင်းကား တန်ခိုးစွမ်းပကားဖြင့် အသို့ပြုနိုင်အံ့နည်း။ လေဟာသောအရပ်၌ ထွန်းညှိအပ်သောမီးသည် အလိုလိုသာငြိမ်းချေ၏။

●

http://www.dhammadownload.com



## ညီညွတ်ခြင်းအကျိုး

လောက၌ များစွာသောဂုဏ်ကျေးဇူးမှ ကင်းပစေကာမူ ညီညွတ်ကြသော် အောင်လိုသောရန်ကို အောင်မြင်နိုင်၏။ ပမာအားဖြင့် မြက်ပင်ဖြင့် လွန်ကြိုးကို ကျစ်ပြီးသော် ဆင်ပြောင်ကြီးကိုသော်လည်း ဖွဲ့ချည်နိုင်သကဲ့သို့တည်း။

●

## မင်းနှင့်အတူ မပြုရာ

စည်းစိမ်ကို မင်းနှင့်အတူ တစ်ရံတစ်ဆစ်မျှ မခံစားရာ။ အသွင်ကိုလည်းကောင်း၊ အရသာစားခြင်းကိုလည်းကောင်း၊ ပန်းပန်ခြင်း၊ နံ့သာထုံခြင်းကိုလည်းကောင်း၊ အဝတ်ပုဆိုးကိုလည်းကောင်း၊ တန်ဆာဆင်ခြင်းကိုလည်းကောင်း အလုံးစုံကို မင်းနှင့်အတူ မပြုရာ။

●

http://www.dhammadownload.com



## မင်းအပေါ် စိတ်ထား

ဤမင်းကား ငါ၏မိတ်ဆွေခင်ပွန်းမဟုတ်။ ဤမင်းကား ငါ၏ဂုဏ်ရည်တူသော အပေါင်းအဖော်မဟုတ်။ ဤမင်းကား ငါ၏အရှင်တည်းဟု စိတ်၌အပြီးကောင်းစွာထားရာ၏။

●

## မင်းစား ကျင့်ဝတ်

မင်းခစားသော ယောကျ်ားသည် မင်းထံခစားသောအခါ အလွန်ဝေးသောအရပ်၌ခစားခြင်း၊ အလွန်နီးသောအရပ်၌ခစားခြင်း၊ လေညာ၌ခစားခြင်း၊ ရှေ့တူရူ၌ခစားခြင်း၊ အလွန်နိမ့်သောအရပ်၌ခစားခြင်း၊ မြင့်သောအရပ်၌ခစားခြင်း ဤအပြစ် ၆ ပါးတို့ကို ရှောင်ကြဉ်ရာ၏။ မီးကဲ့သို့စောင့်စည်းလျက် ခစားရာ၏။

●

http://www.dhammadownload.com



## အမှို

သဗ္ဗညုမြတ်စွာဘုရားနှင့်တူသော ဂုဏ်ကျေးဇူး အထူးရှိသောသူပင်ဖြစ်လင့်ကစား မင်းတည်းဟူသော မှီခိုရာမရမူ မတင့်တယ်။ ပတ္တမြားသည် အဖိုးအတိုင်း မသိသော်လည်း ရွှေကိုမှီမှသာလျှင် တင့်တယ်၏။

●

## စည်းစိမ်ပျက်ခြင်းအကြောင်း

ပွဲလမ်းသဘင်အသွားအလာများသောသူ၊ သေသောက်ကြူးသောသူ၊ အခါမဟုတ်သွားလေ့သွားထရှိသောသူ၊ မကောင်းသောအဆွေခင်ပွန်းရှိသောသူ၊ လောင်းကစားကြူးသောသူ၊ ပျင်းရိဖင့်နွဲ့သောသူ။ ဤသူတို့ကား စည်းစိမ်တို့၏ ပျက်စီးအံ့သော အကြောင်းဖြစ်ကုန်၏။

●

http://www.dhammadownload.com



## စကားဆိုခြင်း

ညဉ့်အခါ၌ မမေးဘဲမဆိုအပ်။ နေ့အခါ၌ မရှုဘဲ မဆိုအပ်။ ဘေးမှကြောက်သော တောလိုက်မုဆိုးသည် တော၌ ရှေ့နောက်ရှုလျက်သွားသကဲ့သို့ ကျင့်ရာ၏။

●

## သေလူ

ရောဂါနှိပ်စက်သောသူ၊ ဆင်းရဲသောသူ၊ ကြွေးမြီများသောသူ၊ မင်းဝယ် ကိုယ်ခြုပ်ခစားသောသူ၊ မိုက်မဲသောသူ၊ ဤငါးယောက်တို့ကို အသက်ရှင်ကြကုန်သော်လည်း သေသူတို့ဟူ၍ဆိုရာ၏။

●

http://www.dhammadownload.com



## ပညာရှိတို့ သဘော

ပညာရှိတို့သဘောကား မရောက်သေးသောဘေးကို မြင်မှု အဝေးကလျှောင်ကြဉ်ရာ၏။ ရောက်ပြီးရောက်ဆဲသောဘေးကိုကား မြင်သည်ရှိသော ကြောက်ရွံ့တတ်သော သဘောမရှိ။

●

## ကျမ်းဂန်မှကင်းသူ

အအိပ်ကြူးသောသူ၊ မေ့လျော့သောသူ၊ အနာရောဂါရှိသောသူ၊ ပျင်းရိသောသူ၊ အလိုကြီးသောသူ၊ ချမ်းသာစွာနေတတ်သောသူ၊ အမှုသစ်၌ မွေ့လျော်သောသူ။ ဤခုနစ်ယောက်သောသူတို့သည် ကျမ်းဂန်မှ ကင်းကုန်၏။

●

http://www.dhammadownload.com



## တစ်ကွက်ချန်ပါ

လောက၌ ပြုဖွယ်ကိစ္စသည် ပြီးသည်ရှိသော် ပြုတတ်သောသူကို တစ်စုံတစ်ယောက်သောသူသည် တစ်ဖန်မရှုကြည့်တတ်။ ထို့ကြောင့် ခပ်သိမ်းသော အမှုကိစ္စတို့ကို အကြွင်းအားဖြင့် ပြုရာ၏။

●

## ပေါ့ပေါ့နေ ပေါ့ပေါ့စား

လောက၌လည်း ဝါတို့သည် ပေါ့ပါးကြကုန်၏။ ထို့ထက် လျှပ်ပေါ်လော်လည်နေတတ်သောသူသည် ပေါ့၏။ ထို့ထက် ဆရာမိဘတို့၏ အဆုံးအမကို မနာခံသောသူသည် ပေါ့၏။ ထို့ထက် မြတ်စွာဘုရားသာသနာတော်၌ မေ့လျော့သောသူတို့သည် ပေါ့၏။

●

http://www.dhammadownload.com



## ဓလေ့နက်ခြင်း

လောက၌ ကျောက်ထီးသည်လေး၏။ ထို့ထက် နတ်တို့၏ပြောကြားခြင်းသည် လေး၏။ ထို့ထက် ဆရာမိဘတို့၏အဆုံးအမသည် လေး၏။ ထို့ထက် မြတ်စွာဘုရား၏စကားတော်သည် လေး၏။

●

## ကွမ်းစားနည်း

ကွမ်းရွက်၏အလယ်၌ ကုဝေရနတ်မင်းစောင့်၏။ အရင်းဘက်၌ ဘီလူးစောင့်၏။ အဖျားဘက်၌ နတ်မိစ္ဆာ စောင့်၏။ ထို့ကြောင့် စားသောအခါ ထိုအရင်းအဖျား တို့ကိုဖြတ်၍စားလျှင် ဘုန်းကျက်သရေတိုးတက်၏။

●

http://www.dhammadownload.com



## စွန့်ခြင်း

အမျိုး၏အကျိုးငှာ တစ်ယောက်သောသူကို စွန့်ရာ၏။ ရွာ၏အကျိုးငှာ အမျိုးကိုစွန့်ရာ၏။ ဇနပုဒ်၏ အကျိုးငှာ ရွာကိုစွန့်ရာ၏။ မိမိအကျိုးငှာမူကား မြေ အလုံးကိုစွန့်ရာ၏။

●

## အကျိုးမရှိသောအရပ်

ခြင်္သေ့၊ သူတော်ကောင်း၊ ဆင် ဤသုံးဦးတို့သည် အကျိုးမရှိသော အရပ်ဒေသကိုစွန့်ခွာ၍ သွားတတ်ကုန်၏။ ကျီးကန်း၊ သမင်၊ သူယုတ်မာ ဤသုံးဦးတို့သည် မိမိတို့ကျင်လည်ရာဌာသာ ပျက်စီးခြင်းသို့ ရောက်ကုန်၏။

●

http://www.dhammadownload.com



## စူးစမ်းပြီးမှ စွန့်ပါ

ပညာရှိသဘောကား လှမ်းသောခြေတစ်ဖက်နှင့် တူသောအရပ်သစ်ကို မျှော်လင့်သောစိတ်ဖြင့် သွား၏။ ရပ်သောခြေတစ်ဖက်နှင့်တူသော အရပ်ဟောင်းကို မစွန့်ခွာသောစိတ်ဖြင့် ရပ်၏။ အရပ်သစ်ကို မစူးစမ်းဘဲ အရပ်ဟောင်းကို မစွန့်ရာ။

●

## မိန်းမတို့၏ လောဘ

မိန်းမတို့၏ အစာစားခြင်းသည် ယောကျ်ားတို့ထက် နှစ်ဆလွန်၏။ ပညာသည်လည်း လေးဆလွန်၏။ လုံ့လကား ခြောက်ဆလွန်၏။ ကာမဂုဏ်ကို တပ်မက်ခြင်းကား ရှစ်ဆပိုလွန်၏။

●

http://www.dhammadownload.com



## အညစ်အကြေး

ရွတ်ဖတ်သရဇ္ဈာယ်အမှု မပြုသောသူအား ပညာသည်ပျက်၏။ ထကြွလုံ့လဝီရိယမရှိသောသူ၏ အိမ်သည် ညစ်နွမ်းပျက်စီး၏။ အဆင်းလှသောသူအား ပျင်းရိခြင်းသည် အညစ်အကြေးဖြစ်၏။ ဣန္ဒြေကို စောင့်စည်းသောရဟန်းအား မေ့လျော့ခြင်းသည် အညစ်အကြေးဖြစ်၏။

●

## လုံ့လ

လောက၌ အချို့သော လုံ့လရှိကုန်သောလူတို့၏ ဥစ္စာကား တိုးပွားခြင်းအဖြစ်သို့ ရောက်တတ်၏။ ယုတ်မာသောသူတို့သည်ကား ရှေးကံသာပဓာနဟု ပြောဆိုကြကုန်၏။

●

http://www.dhammadownload.com



## ပဓာနမဟုတ်သော ဓရေးကံ

ပညာရှင်များကား ရေးကံသာပဓာနဟု ဘယ်တော့မှမဆိုကုန်။ ခပ်သိမ်းသောအမှုကိစ္စတို့ကို လုံ့လပြုကုန်သည်သာတည်း။ ထိုအမှုကိစ္စသည် မပြီးပြတ်အံ့။ အကျိုးမပြီးသည်သာဖြစ်၏။ ဘယ်အပြစ်မှမရှိ။

●

## ဤကာလ

အကြင် ယောကျ်ား၊ မိန်းမတို့သည် နှုတ်ပညာ၊ လက်မှုပညာမရှိ။ ရုပ်ရည်မတင့်တယ်၊ အစွမ်းလည်းမရှိ၊ ယုတ်နိမ့်သောအမျိုး၌လည်းဖြစ်၏။ သို့ပင်ဖြစ်သော်လည်း ဤကာလသည် ကာလဆုတ်ဖြစ်၏။ ဥစ္စာသည်သာ အထူးပြုသောကာလမည်၏။

●

http://www.dhammadownload.com



## အဆင်းတန်ဆာ

မြေကြီး၏အဆင်းတန်ဆာကား မြင့်မိုရ်တောင်မင်းတည်း။ ညဉ့်၏တန်ဆာကား လမင်းတည်း။ လူတို့၏တန်ဆာကား မင်းတည်း။ စစ်သည်တို့၏တန်ဆာကား ဆင်ပြောင်တည်း။

●

## တင့်တယ်ခြင်း

ရုပ်ဆင်းရူပကာအဆင်းလှစေကာမူ သီလရှိမှ တင့်တယ်၏။ အမျိုးကောင်းစေကာမူ အကျင့်ရှိမှ တင့်တယ်၏။ တောကြီးစေကာမူ ပန်းရှိမှတင့်တယ်၏။ စစ်သည်ဗိုလ်ပါများစေကာမူ ဆင်ပါမှ တင့်တယ်၏။

●

http://www.dhammadownload.com



## အဆင်း

ဥဩငှက်တို့၏အဆင်းကား အသံတည်း။ မိန်းမတို့၏အဆင်းကား လင်ကို လုပ်ကျွေးခြင်းတည်း။ အဆင်းမလှသောသူတို့၏အဆင်းကား အတတ်ပညာတည်း။ ရသေ့ရဟန်းတို့၏အဆင်းကား သည်းခံခြင်းတည်း။

●

## ဆိမီးတန်ဆောင်

လင်သည် မယား၏ ဆိမီးတန်ဆောင်မည်၏။ တရားသည် လူသုံးပါး၏ ဆိမီးတန်ဆောင်မည်၏။ သားကောင်းရတနာသည် အမျိုးနွယ်၏ ဆိမီးတန်ဆောင်မည်၏။

●

http://www.dhammadownload.com



## မတင့်တယ်သော ကင်းကွာမှု

လမင်းသည် ညဥ့်နှင့်ကင်းကွာမှုကား မတင့်တယ်။ သမုဒ္ဒရာသည်လည်း လှိုင်းတံပိုးနှင့်ကင်းကွာမှုကား မတင့်တယ်။ ရေပြည့်သော အင်းအိုင်ရေကန်တို့သည် ဟင်္သာငှက်နှင့်ကင်းမှုကား မတင့်တယ်။ ယောကျ်ားတို့သည် မိန်းမနှင့်ကင်းကွာမှုကား မတင့်တယ်။

●

## မင်းကျင့်ဝတ်

လိပ်၊ ငါး၊ ကြက်၊ နွား စသည့်သတ္တဝါတို့သည် ရင်၌ဖြစ်သောသားကို သနားသဖြင့် ကြီးပြင်းအောင် မွေးကျွေးကုန်သကဲ့သို့ ပြည့်ရှင်မင်းသည် သတ္တဝါတို့အား ချမ်းသာအောင် မွေးမြူရာ၏။

●

http://www.dhammadownload.com



## မင်း၏နှုတ်

ရေမြွေအရှင်မင်းသည် သားတော်ကို လည်းကောင်း၊ ညီတော်ကိုလည်းကောင်း ရွာ၊ နိဂုံး၊ တိုင်းနိုင်ငံ၊ ဇနပုဒ်တို့တွင် တစ်ပါးပါးဖြင့် ချီးမြှောက်ပေးကမ်းသည် ဖြစ်အံ့။ ဆိတ်ဆိတ်နေသည်ဖြစ်၍သာလျှင် ရှုရာ၏။ လူလိမ္မာ ပြုသဖြင့် ကောင်း၏ မကောင်း၏ဟူသော စကားကို မဆိုဘဲနေရာ၏။

●

## ဆိုရေးရှိမှ ဆိုအပ်စွ

အပိုင်းအခြားကိုလွန်၍ စကားမပြောရာ။ အခါခပ်သိမ်း ဆိတ်ဆိတ်နေသည်လည်း မဖြစ်ရာ။ ဆိုခွင့် ပြောခွင့်ကာလရောက်သည်ရှိသော် ဖရိဖရဲမရှိသော၊ အတိုင်းအရှည်နှင့်ယှဉ်သောစကားကို ပြောဆိုရာ၏။

●

http://www.dhammadownload.com



## တိုင်းရေး ပြည်ရေး

လျှို့ဝှက်ခက်ခဲသောအမှု အတိုင်အပင်ကို မှတ်သားကြည့်ရှုစိမ့်သောငှာ မင်းတစ်ပါးက စေအပ်သောသူလျှိုတမန်ကို ဝေးစွာကြဉ်ရှောင်ရာ၏။ ပြည့်ရှင်မင်းကိုသာလျှင် ကြည့်ရာ၏။ တစ်ပါးမင်းအား မကြည့်မငဲ့ရာ၏။

●

## ပေးလှူပြီ

ရဟန်း၊ ပုဏ္ဏားတို့အား လှူပြီတိုင်းသော ဒါနဝတ်ကို မယုတ်စေရာ၏။ ပေးလှူသောအခါကာလ၌ ဖုန်းတောင်းယာစကာတို့ကို စိုးစဉ်းမျှ မတားမြစ်ရာ။

●

http://www.dhammadownload.com



## ကျင့်ဆောင်ခြင်း

မင်း၏အလိုကို သိသည်လည်းဖြစ်ရာ၏။ မင်း၏ စိတ်အလိုဥ္စသာ တည်သည်လည်းဖြစ်ရာ၏။ မယုံမကြည်တွေးတောရှုံ့ရှာခြင်းကင်းအောင် ကျင့်ဆောင်လေ့လာခြင်းရှိသည်လည်း ဖြစ်ရာ၏။

●

## သူယုတ်လက္ခဏာ

နေဥစ္စာမရှိဘဲလျက် အရသာကို အစားကြူး၏။ ခွန်အားမရှိဘဲလျက် အဖန်တလဲလဲ ရန်ဘက်ရှာ သတ်ဖြတ်လို၏။ ပညာမရှိဘဲလျက် ကျမ်းဂန်လာ အတတ်ပညာတို့ကို ပြောဟောချင်၏။ ဤသုံးပါးသည် သူယုတ်တို့၏လက္ခဏာတည်း။

●

http://www.dhammadownload.com



## သီလနှင့် အသီလ

စက္ခုဒွါရအစရှိသော ဒွါရခြောက်ပါးကို ကောင်းစွာစောင့်သော ပညာရှိသောသူသည် သီလအားဖြင့် ခြောက်ပါးအပြားရှိ၏။ အသီလအားဖြင့်လည်း ခြောက်ပါးအပြားရှိ၏။

●

## မပစ်မှားအပ်သူ

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ လက်ယာရံ၊ လက်ဝဲရံ အဂ္ဂသာဝက၊ အမိ၊ အဖ၊ ဂုဏ်ရှယ်ကြီးသဖြင့် အလေးပြုအပ်သောသူ၊ ဆရာ၊ ပေးကမ်းသောသူ၊ တရားဟောပြောသူ။ ဤတစ်ကျိပ်သောသူတို့ကို ပညာရှိတို့သည် မပြစ်မှားအပ်သောသူတို့ဟူ၍ သိအပ်ကုန်၏။

●

http://www.dhammadownload.com



## ထမင်းစားပြီးနောက်

ထမင်းစားပြီးသည်၏နောက်အဖို့၌ ထိုင်နေခြင်းသည် ဆူဖြိုး၏။ ရပ်မူကား ခွန်အားတိုးပွား၏။ စင်္ကြံသွားမူကား အသက်ရှည်၏။ ပြင်းပြင်းသွားမူကား အနာကင်း၏။

●

## သည်းခံသင့်သည့်အချိန်

ပညာနှင့်ပြည့်စုံသောသူသည် မထင်ရှားသောနေခြင်းဖြင့် နေရသည်ရှိသော် မီးနှင့်အတူ တန်ခိုးကြီးသူဖြစ်ငြားလည်း ကျွန်မျှသောသူ၏ ခြိမ်းခြောက်သည်ကိုလည်း သည်းခံအပ်ရာ၏။

●

http://www.dhammadownload.com



## အဆွေခင်ပွန်းကောင်းနှစ်ယောက်

အကြင်သူသည် သူတစ်ပါးကျူးလွန်သောအပြစ်ကို သည်းခံ၏။ အကြင်သူသည်လည်း တရားတော်ကို သိအောင်ပြု၍ သိတိုင်းကျင့်၏။ ထိုသူနှစ်ယောက်တို့အား မိတ်ခင်ပွန်းသည်မပျက်။ ထိုသူနှစ်ယောက်တို့သည် အထပ်ထပ်ငြိမ်းချမ်းခြင်းသို့ ရောက်ကုန်၏။

●

## ရှောင်ကြဉ်ပါ

ဦးချိုရှိသောသတ္တဝါကို အတောင်ငါးဆယ်အရပ်က ကြဉ်ရှောင်ရာ၏။ မြင်းကို အတောင်တစ်ရာအရပ်က ကြဉ်ရှောင်ရာ၏။ ဆင်တို့ကိုကား အတောင်တစ်ထောင်အရပ်က ကြဉ်ရှောင်ရာ၏။ လူတော်မဟုတ် သူယုတ်တို့ကိုမူကား အရပ်ကိုစွန့်ခွာ၍ ကြဉ်ရှောင်ရာ၏။

●

http://www.dhammadownload.com



## အကြီးအမှူးများအတွက်

အကြီးအမှူးဖြစ်သောသူသည် အခါခပ်သိမ်း မျက်စိတရားကိုလည်းကောင်း၊ နားတရားကိုလည်းကောင်း ဆောင်အပ်၏။ ထိုသို့ နား၊ မျက်စိ တရားရှိသော်လည်း မမြင်သည်၊ မကြားသည်ကဲ့သို့ ပြုရာ၏။ ဤသို့ပြုခြင်းသည် အကြီးအမှူးတို့၏ သဘောတည်း။

●

## သက်သေ

ကောင်းမှု၊ မကောင်းမှုကိုပြုသောသူသည် အစေ့ငယ်လျက် အသီးများသော ပညောင်ပင်ကြီး အစရှိသည်ကို သက်သေပြု၍ ဆင်ခြင်ကြည့်ရှုလော့။

●

http://www.dhammadownload.com



## ဆင်ခြင်အောက်မေ့ပါ

အမျက်သည် အကယ်၍ ထွက်အံ့။ ဤအမျက်သည် လွှနှင့်အတူ ကြမ်းကြုတ်၏ဟု ဆင်ခြင်လော့။ အရသာ၌တပ်မက်မောခြင်းသည် အကယ်၍ ဖြစ်အံ့။ သား၏အသားကိုစားရသည်နှင့်အတူ အောက်မေ့လော့။

●

## နှိမ့်ချခြင်း

အကြင်သူသည် အလေးပြုအပ်သောဆရာသမား၊ မိနှင့်ဘစသော သူတို့ကို နှိမ့်ချရိုသေသော အမူပြု၏။ ထိုသူသည် ယုတ်သောအဖြစ်ကို ဖျောက်၍ မြတ်သော အကျိုးစီးပွား၌တည်၏။

●

http://www.dhammadownload.com



## အကျိုးစီးပွား ပျက်သုဉ်းခြင်း

ဤအခါသည် အလွန်ချမ်းသာသည် ဖြစ်၏၊ အလွန်ပူသည်ဖြစ်၏၊ အလွန်မိုးချုပ်သည်ဖြစ်၏။ ဤသို့ နှလုံးပြု၍ အမှုလုပ်ဆောင်ခြင်းကို စွန့်လွှတ်ကုန်သော လုလင်တို့အား အကျိုးစီးပွားများအံ့သောခဏတို့သည် လွန်ကုန်၏။

●

## သူတစ်ပါးမကောင်းကြံ ကိုယ်ပဲခံ

သူတစ်ပါးကို ဖျက်ဆီးသောသူသည် သူတစ်ပါး မပျက်စီးမီ ရှေးဦးလျှင် မိမိသာ ပျက်စီးရာ၏။ အဘယ်ကဲ့သို့ဟူမူကား ပြာသာဒ်ကိုလောင်သော မြက်မှိုက်မီးသည် ပြာသာဒ်မကျွမ်းခင် လျင်မြန်စွာပျောက်ပျက်ခြင်းကို ရောက်သကဲ့သို့တည်း။

●

http://www.dhammadownload.com



## ပေါင်းသင်းဆက်ဆံရေး

ရန်သူအား အကျွမ်းတဝင်မပြုရာ၊ အဆွေခင်ပွန်းကိုလည်း အကျွမ်းဝင်သမှု လွန်ကဲစွာမပြုရာ။ တစ်ရံတစ်ခါ မိတ်ခင်ပွန်းသည် အမျက်ထွက်မူကား ခပ်သိမ်းသောအပြစ်ကို ထင်စွာပြုတတ်၏။

●

## မထီမဲ့မြင် မပြုသင့်သော ယောကျ်ား

ပုစွန်သည် ဦးခေါင်းမရှိဘဲ သွားတတ်၏။ မြွေသည် ခြေမရှိဘဲ သွားတတ်၏။ ကြက်မသည် နို့မထွက်ဘဲ သားတစ်စုကို မယိုမယွင်းကြီးပြင်းအောင် မွေးမြူစောင့်ရှောက်နိုင်၏။ ယောကျ်ားတို့အား မထီမဲ့မြင်မပြုရာ။

●

http://www.dhammadownload.com



## မိတ်ဆွေကောင်းကိုလိုလျှင်

အကြင်သူနှင့် မိတ်ဆွေခင်ပွန်းဖွဲ့စပ်ခြင်းကို အလိုရှိ၏။ ထိုလူနှင့် ငြင်းခုံခြင်းကိုလည်းကောင်း၊ ဥစ္စာ စပ်ယှက်ခြင်းကိုလည်းကောင်း၊ မျက်ကွယ်၌ သူ့မယားနှင့် တွေ့မြင်နှီးနှောခြင်းကိုလည်းကောင်း ဤသုံးပါးသော အမှုတို့ကိုမပြုရာ။ ကြဉ်ရာ၏။

●

## အေးရန်ရှိသော အကြွင်း

မီးကြွင်းသည်လည်းကောင်း၊ မီးကြွင်းသည် လည်းကောင်း၊ ရန်ကြွင်းသည်လည်းကောင်း အဖန်တလဲလဲ ပွားတတ်ကုန်၏။ ထို့ကြောင့် မြီ၊ မီး၊ ရန် ကြွင်းကို မပြုရာ၏။

●

http://www.dhammadownload.com



## အမြဲသေခြင်းအကြောင်း

မသင့်လျော်သောအမှုကိစ္စကို ကြိုးစားအားထုတ်ခြင်းသည်လည်းကောင်း၊ အများတကာနှင့် ဆန့်ကျင်ပြုခြင်းကိစ္စသည်လည်းကောင်း၊ အင်အားများသော စစ်သည်ဗိုလ်ပါများနှင့် စစ်ပြိုင်၍စစ်ထိုးခြင်းသည်လည်းကောင်း၊ မိန်းမတို့နှင့် အကျွမ်းဝင်သမှုပြုခြင်းသည်လည်းကောင်း အမြဲသေခြင်း၏အကြောင်းသို့တည်း။

●

## ရှားပါးသောအရာ

တောင် တောင်ဟူတိုင်း ပတ္တမြားရတနာမရှိ။ ဆင် ဆင်ဟူတိုင်း အမြဲတေမရှိ။ တောတောဟူတိုင်း စန္ဒကူးနံ့သာမရှိ။ အရပ်အရပ်ဟူတိုင်း ပညာရှိသုခမိန်မရှိ။

●

http://www.dhammadownload.com



## ပူဇော်မြတ်နိုးရာ

မိန်းမတို့ကို စင်စစ်ယုံကြည်၍မမှီဝဲရာ။ စည်းစိမ်ဥစ္စာအရသာကို ကောင်းမြတ်ချိုမြိန်သည်ဟု မသုံးဆောင်ရာ။ လူကြီးမိဘတို့ကိုသာ ပူဇော်ရာ၏။ မြတ်နိုးရာ၏။

●

## အကျိုးမဲ့

အကြင်သူသည် ချိုမြိန်သောသစ်ပင်ကြီး၏ အသီးစိမ်းကိုဆွတ်၏။ ထိုအသီးစိမ်းကိုဆွတ်သောသူသည် သစ်သီးစိမ်း၏ ချိုမြိန်သောအရသာကို မခံစားရ။ ထိုအသီးစိမ်း၏မျိုးစေ့တို့လည်း ပျက်စီးရာ၏။

●

http://www.dhammadownload.com



## အကျိုးရှိသော ခူးဆွတ်ခြင်း

အကြင်သူသည် အသီးရှိသောသစ်ပင်ကြီး၏ အသီးမှည့်ကိုဆွတ်၏။ ထိုသစ်သီးမှည့်၏ ချိုမြိန်သော အရသာကို ခံစားရ၏။ ထိုသစ်သီးမှည့်၏ မျိုးစေ့သည်လည်း မပျက်စီး။ တိုးပွားရာ၏။

●

## ပျက်စီးခြင်း

အသီးရှိသောသစ်ပင်ကြီးနှင့်တူသော တိုင်းနိုင်ငံကို ပြည့်ရှင်မင်းသည် မတရား ဆုံးမစီရင်၏။ ထိုပြည့်ရှင်မင်းသည် အသီးရှိသောသစ်ပင်ကြီးနှင့်တူသည့် တိုင်းနိုင်ငံ၏ အခွန်အတုတ်အရသာကိုလည်း မသုံးဆောင်ရချေ။ တိုင်းနိုင်ငံသည်လည်း ပျက်စီးခြင်းသို့ ရောက်ရာ၏။

●

http://www.dhammadownload.com



## တိုးပွားခြင်း

အကြွင်းပြည့်ရှင်မင်းသည် အသီးရှိသော သစ်ပင်ကြီးနှင့်တူသော တိုင်းနိုင်ငံကို တရားသဖြင့်ဆုံးမစီရင်၏။ ပြည့်ရှင်မင်းသည် ထိုအသီးရှိသောသစ်ပင်ကြီးနှင့်တူသော တိုင်းနိုင်ငံ၏ အခွန်အတုတ်ကို သုံးဆောင်ရ၏။ တိုင်းနိုင်ငံလည်း မပျက်စီးဘဲ တိုးပွားရာ၏။

●

## အသက်

သူမိုက်၏အသက်ရှည်ခြင်းသည် တိုတောင်း၏။ ပညာရှိ၏ အသက်ရှည်ခြင်းသည် ပွားများ၏။ လူအပေါင်း၏အသက်ကား မင်းပင်တည်း။ မင်းတို့၏ အသက်ကား မင်းကျင့်တရားဆယ်ပါးတည်း။

●

http://www.dhammadownload.com



## ကံနှင့်တမလွန်

အကယ်၍ အကြင်သူသည် တမလွန်၌ ဖြစ်လတ္တံ့သောအကျိုးကို မယုံကြည်သည်ဖြစ်အံ့။ ထိုလူသည် သေသည်၏အခြားမဲ့၌ နတ်ရွာလားကုန်သောသူတို့၏ နေရာ လဗိမာန်၊ နေဗိမာန်၊ ကြယ်ဗိမာန်တို့ကို အဘယ်ကြောင့် မမြင်လေဘိသနည်း။ တမလွန်ဘဝ၌ ဖြစ်လတ္တံ့သောကံ၏အကျိုးကို ယုံကြည်ရာ၏။

●

## ပညာရှိ

ပေပုရပိုက်၊ စက္ကူ စသည်တို့ကို လယ်ယာကဲ့သို့ ပြု၏။ ကညစ်၊ ကန့်ကူဆံတို့ကို ထွန်တုံးကဲ့သို့ပြု၏။ ပြုစုပြီးသောကျမ်းဂန်တို့ကို မျိုးစေ့ကဲ့သို့ ပွားစီးသောသူသည် ပညာရှိမည်၏။

●

http://www.dhammadownload.com



## စာတစ်လုံး ဘုရားတစ်ဆူ

စာလုံးတစ်လုံးသောအက္ခရာတို့သည် ဘုရားဆင်းတုတစ်ဆူတစ်ဆူနှင့် တူသည်ဖြစ်၏။ ထို့ကြောင့် ပညာရှိသော ယောက်ျားသည် ပိဋကတ်သုံးပုံကို ရေးရာ၏။

●

## ပိဋကတ်သုံးပုံ ပို့ချသူ

ပိဋကတ်သုံးပုံကို ပို့ချသင်ကြားသောပုဂ္ဂိုလ်သည် ကြွယ်သော၊ များသော ဥစ္စာရှိသော၊ ပွင့်လင်းသော၊ မြတ်သောအမျိုး၌သာဖြစ်၏။ မြတ်သောအားဖြင့်သာလျှင် အပေါင်းအဖော်အခြံအရံရှိ၏။

●

http://www.dhammadownload.com



## ထိုးထွင်းဉာဏ်

ထိုးထွင်းဉာဏ်အစွမ်းရှိသော၊ အမြော်အမြင်နှင့် ပြည့်စုံသော ပညာရှိသည် အနည်းငယ်မျှသော အရင်းအနှီးဥစ္စာဖြင့်လည်း များစွာသော မိမိအကျိုးစီးပွားကို ဖြစ်စေနိုင်၏။

●

## ကောင်းမှုနှင့် မကောင်းမှု

မကောင်းမှုကို ပြုဖူးသောသူအား ဆင်းရဲသည် ရောက်တတ်၏။ ကောင်းမှုကိုပြုဖူးသောသူအား ချမ်းသာခြင်းသည်ရောက်၏။ ကောင်းမှု၊ မကောင်းမှု နှစ်ပါးစလုံးကို ပြုဖူးသောသူအား ဆင်းရဲတစ်ခါ၊ ချမ်းသာတစ်လှည့် ရောက်တတ်၏။

●

http://www.dhammadownload.com



## ရှေးဘဝ အကျိုးဆက်

ယခုဘဝမှစ၍ ယုတ်မာခြင်းမဟုတ်တန်ရာ။ ယခုဘဝမှစ၍ မြင့်မြတ်ခြင်းမဟုတ်တန်ရာ။ ရှေးရှေးဘဝဘဝက မကောင်းမှုကံကြောင့်လည်းကောင်း၊ ရှေးရှေးဘဝဘဝက ကောင်းမှုကံကြောင့်လည်းကောင်း ယုတ်မာခြင်း၊ မြင့်မြတ်ခြင်းဖြစ်ရာ၏။

●

## မင်းနှင့် သုခမိန်

ပြည့်ရှင်မင်းသည်လည်းကောင်း၊ ပညာရှိသုခမိန်သည်လည်းကောင်း တစ်ရံတစ်ဆစ်မျှမတူညီကြသည်သာ။ ပြည့်ရှင်မင်းသည် မိမိတိုင်းနိုင်ငံအတွင်းမှာသာ အပူဇော်ခံရ၏။ ပညာရှိသုခမိန်သည်ကား ခပ်သိမ်းသောအရပ်ရပ်တို့၌ အပူဇော်ခံရ၏။

●

http://www.dhammadownload.com



## တစ်ခုတည်း

ကျေးဇူးအပြစ်တို့တွင် တစ်ခုနှင့်တစ်ခု ကင်းကွာသော တစ်စုံတစ်ယောက်ဟူသည်မရှိ။ နူးညံ့သိမ်မွေ့သော ပဒုမ္မာကြာ၏အရိုးတံသည် ကြမ်းသည်သာတည်း။

●

## ယဉ်ကျေးသူ

သိကြားလိမ္မာယဉ်ကျေးသောသူသည် ပညာရှိနှင့် တစ်ကြိမ်သာပေါင်းဖက်ခြင်းကို ပြုရသည်ဖြစ်အံ့။ မိမိအကျိုးစီးပွားကိုလည်းကောင်း၊ သူတစ်ပါး၏အကျိုးစီးပွားကိုလည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း ရအောင်ဆောင်ရွက်နိုင်ရာ၏။

●

http://www.dhammadownload.com



## ပညာရှိ(၃)ယောက်

စာပေကျမ်းဂန်တို့၌ ပညာရှိသုံးယောက် ပါလာကုန်၏။ ငါသာပညာရှိဟုလည်းကောင်း၊ ငါလည်းပညာရှိဟုလည်းကောင်း၊ ငါပညာရှိမဟုတ်ဟု လည်းကောင်း . . . ဤသုံးယောက်တည်း။

●

## ကိုယ်ချင်းစာသူ ပညာရှိ

အကယ်၍ အကြင်သူသည် သူ့မယားကို အမိကဲ့သို့ ရှုနိုင်၏။ သူ့ဥစ္စာကို ကျောက်ခဲ၊ အုတ်ခဲကဲ့သို့ ရှုနိုင်၏။ ခပ်သိမ်းသောသတ္တဝါတို့အား မိမိကိုယ်ကဲ့သို့ ရှုနိုင်၏။ ထိုသူသည် ပညာရှိမည်၏။

●

http://www.dhammadownload.com



## သူတော်ကောင်းစကား

မီးသည် အရှိန်အဝါကြီးမားတောက်လောင်သော်လည်း မြေစိုင်ကို နူးညံ့အောင်မပြုနိုင်။ ရေသည် နူးညံ့ခြင်းသို့ ရောက်အောင်ပြုနိုင်၏။ သူတော်ကောင်းစကားသည်လည်း ကြမ်းကြုတ်ခက်ထန်သောသူအား နူးညံ့ခြင်းသို့ ရောက်စေတတ်၏။

●

## အခါသင့်

အခါသင့်ရောက်ချိန်တွင် ဆိုအပ်သောစကားသည် အနည်းငယ်ဖြစ်သော်လည်း စကားကောင်းမည်၏။ ငတ်မွတ်သူသည်စားအပ်သော မကောင်းသော ထမင်းသည်ပင် မြိန်မြတ်သောအရသာမည်၏။

●

http://www.dhammadownload.com



## လိမ္မာခြင်း

စကားပြောဆိုရာ၌ လိမ္မာခြင်းသည် အလိုရှိအပ်သောကိစ္စ၏ အကြောင်းရင်းတည်း။ လိမ္မာခြင်းကင်းသည်ရှိသော် လိုအပ်သောအမှုကိစ္စ၌ အစီးအပွားသည် မပြီးမြောက်နိုင်။

●

## စကားပြောဆိုနည်း

အခါလေးမြင့်စွာ စကားမပြောရာ။ အခါခပ်သိမ်း စကားမပြောဘဲ တိတ်တိတ်နေသည်လည်း မဖြစ်ရာ။ ပြောခွင့်ရှိလျှင် ဖရိုဖရဲမဖြစ်ဘဲ နှိုင်းယှဉ်၍ စကားကို ပြောဆိုရာ၏။

●

http://www.dhammadownload.com



## စကားများခြင်းအပြစ်

စကားများစွာပြောလေ့ရှိသောသူ၏ စကားကို အကျိုးရှိလျှင်မှုလည်း အရိအသေမပြုကြ။ ကောင်းသောကျေးဇူးရှိလျက်လည်း မြစ်ရေကို လျစ်လျူရှုကြသည်ကို မြင်ရသည်မဟုတ်သလော။

●

## ခုနစ်ရက်မြောက်ဥစ္စာ

သဒ္ဓါတည်းဟူသော၊ သီလတည်းဟူသော၊ ဟိရိတည်းဟူသော၊ ဩတ္တပ္ပတည်းဟူသော၊ သုတတည်းဟူသော၊ စာဂတည်းဟူသော ဥစ္စာတစ်ပါးပါး၏ ခုနစ်ခုမြောက်သောဥစ္စာကား ပညာလျှင်တည်း။

●

http://www.dhammadownload.com



## အဖော်သဟဲရှာပါ

သဗ္ဗညုဘုရားနှင့်အတူ ဂုဏ်ကျေးဇူးရှိသော သူပင် ဖြစ်လင့်ကစား တစ်ယောက်ထီးတည်း အဖော်သဟဲ အမှီမရှိမူကား နစ်တုတ်၏။ အဖိုးမဖြတ်နိုင်သော ပတ္တမြားရတနာသည် ရွှေကိုမှီ၍တင့်တယ်ရာ၏။

●

## အရှိန်အဝါမဲ့ခြင်း

တန်ခိုးအရှိန်အဝါနှင့် စွမ်းအားသတ္တိရှိသော်လည်း အဖော်သဟဲ၊ အထောက်အပံ့ အခြံအရံကင်းမူ အဘယ်မှာ တန်ခိုးအရှိန်အဝါကြီးအောင် ဆောင်ရွက်နိုင်ပါအံ့နည်း။

●

http://www.dhammadownload.com



## အမှီပြုခြင်း

သစ်ပင်တို့၏ အပွင့်အသီးတို့သည် မြေကောင်းကို အမှီပြု၍ ပွားများကုန်၏။ သူတော်ကောင်းကို အမှီပြု၍ ကြီးစွာသောကောင်းမှုသည် ပွားများရာ၏။

●

## မပြည့်ခြင်းနှင့် ပြည့်ခြင်း

အကြင်အိုးသည် ရေမပြည့်။ ထိုရေမပြည့်သောအိုးသည် ဘောင်ဘင်ခတ်၏။ အကြင်အိုးသည် ရေပြည့်၏။ ထိုရေပြည့်သောအိုးသည် ငြိမ်သက်၏။

●

http://www.dhammadownload.com



## သူယုတ်တို့တွင် အဆွေခင်ပွန်း မရှိ

လေသည် တောကိုလောင်သောမီး၏ အဆွေခင်ပွန်းဖြစ်၏။ ထိုလေသည်ပင်လျှင် ဆီမီးကို ငြိမ်းတတ်၏။ သူယုတ်တို့၌ အဆွေခင်ပွန်းအဖြစ်သည် မရှိသည်သာတည်း။

●

## ဖျက်ဆီးသူ

ငှက်တို့၌ ဖျက်ဆီးတတ်သည်ကား ကျီးတည်း။ အိမ်တို့၌ ဖျက်ဆီးတတ်သည်ကား ကြွက်တည်း။ တော၌ဖျက်ဆီးတတ်သည်ကား မျောက်တည်း။ လူတို့၌ ဖျက်ဆီးတတ်သည်ကား ပုဏ္ဏားတည်း။

●

http://www.dhammadownload.com



## သူမိုက်ဆို ရှောင်

သူမိုက်ကိုကြည့်ပင် မကြည့်နှင့်။ ဤအရပ်၌ သူမိုက်ရှိ၏ဟု နားမျှမထောင်နှင့်။ သူမိုက်ကို မပေါင်းဖော်ပါနှင့်။ သူမိုက်ကို စကားပြောဟောခြင်းမပြုနှင့်။ သူမိုက်ကို မနှစ်သက်နှင့်။

●

## မိတ်ဆွေကောင်းကိုပေါင်း

မတုန်မလှုပ်ခိုင်ခံ့သော ချမ်းသာသုခကို တောင့်တသောအမျိုးသားသည် ခင်ပွန်းယုတ်တို့ကို ဝေးစွာကြဉ်၍ မြတ်သောခင်ပွန်းကောင်းကို ဆည်းကပ်လော့။ ထိုမိခင်နှင့်တူသော ခင်ပွန်းကောင်း၏ အဆုံးအမ၌လည်း တည်လေလော့။

●

http://www.dhammadownload.com



## ပညာရှိကိုရှာ

ပညာရှိကို ဖူးမြင်လော့။ ပညာရှိစကားကို နားထောင်လော့။ ပညာရှိနှင့် အတူတကွပေါင်းဖော်လော့။ ထိုပညာရှိနှင့်ပင် စကားပြောဟောခြင်းကို ပြုလေလော့။ ပညာရှိကိုသာ နှစ်သက်မြတ်နိုးလော့။

●

## ပညာအား

လက်ရုံးအား၊ မှူးမတ်အား၊ စည်းစိမ်ဥစ္စာအား၊ အမျိုးအား စသော ဤလေးပါးသောအားတို့ထက် ပညာအားကား စင်စစ်သာ၍မြတ်၏ ။

●

http://www.dhammadownload.com



## လားရာ

တောအုပ်သည် သားရဲတို့၏ လားရာတည်း။ ကောင်းကင်သည် ငှက်အပေါင်း၏ လားရာတည်း။ ရာဂကင်းခြင်းသည် တရားဓမ္မတို့၏ လားရာတည်း။ နိဗ္ဗာန်သည် ရဟန္တာတို့၏ လားရာတည်း။

●

## ဆုံးမပါ

မဆုံးမခြင်းကြောင့် အပြစ်များ၏။ ဆုံးမခြင်းကြောင့် ကျေးဇူးများ၏။ ထို့ကြောင့် သားသမီးနှင့် တပည့်တို့အား ဆုံးမသင့်သည့်အခါ ဆုံးမပေးရာ၏။

●

http://www.dhammadownload.com



## အစစ်အမှန်

ဆွေမျိုးမည်သည် စီးပွား၌ယှဉ်မှ ဆွေမျိုးမည်၏။ အဖမည်သည် ကျွေးမွေးသုတ်သင်မှ အဖမည်၏။ ခင်ပွန်းမည်သည် အကျွမ်းဝင်မှ ခင်ပွန်းမည်၏။ မယားမည်သည်ကား ငြိမ်းချမ်းမှုပေးနိုင်မှ မယားမည်၏။

●

## သတိရှိပါ

လောက၌ လူတို့ ကိစ္စအကြောင်းတို့ကြောင့် သတ္တဝါတို့သည် အသက်ကို ယုတ်စေကုန်လျက် နေ ရက်သည် ကုန်လွန်၏။ ထို့ကြောင့် ဘုရားသာသနာ တော်၌ မေ့လျော့ခြင်းသို့ မရောက်စေနှင့်။

●

http://www.dhammadownload.com



## ယောကျာ်းကောင်း

အမျိုးကောင်း၊ အမျိုးနွယ်ကို ကောင်းစွာစောင့်ရှောက်သော အမျိုးသားသည် မိမိဆင်းရဲခြင်းသို့ ရောက်သော်လည်း ယုတ်သောအမှုကို မပြုရာ၏။

●

## လောင်ကျွမ်းခြင်း

ထင်းခြောက်သည် မီး၏ လောင်ကျွမ်းခြင်းကို ခံရ၏။ သူမိုက်သည်လည်း ငရဲမီး၏ လောင်ကျွမ်းခြင်းကို ခံရသည်သာတည်း။

●

http://www.dhammadownload.com



## မြတ်သောအရာ

ဆယ်နှစ်လရာသီတို့တွင် တန်ဆောင်မုန်းလသည် မြတ်၏။ ဇနီးမယားတို့တွင် အဆင်းလှသူသည် မြတ်၏။ သားသမီးတို့တွင် အကြီးဆုံးသားသမီးသည် မြတ်၏။ အရပ်ရှစ်မျက်နှာတို့တွင် မြောက်အရပ်သည် မြတ်၏။

●

## အားထုတ်သူသာ

ကိုယ့်ဥစ္စာနှင့်ကိုယ်ရှုပ်၊ သူ့ဥစ္စာနှင့် သူရှုပ်ဆိုသလို အကြင်တဏှာတည်းဟူသော အပြင်ရှုပ်၊ အတွင်းရှုပ်ကို ပင်ကိုပဋိသန္ဓေက ဉာဏ်ပညာပါရှိ၍ သီလ၌တည်ပြီးလျှင် သမာဓိပညာကို တိုးပွားစေလျှင် အပူတပြင်း အားထုတ်သူသာ ဖြေရှင်းနိုင်ရာ၏။

●

http://www.dhammadownload.com



## အနိစ္စမြင်ကွင်း

ကဆုန်၊ နယုန်၌ ရွက်နုများကို မြင်ရ၍သော်လည်းကောင်း၊ မိုးတွင်းမှာ စိုနေသော သစ်ရွက်များကို မြင်ရ၍သော်လည်းကောင်း၊ တပေါင်းလလောက်၌ ဝါနေသော သစ်ရွက်တို့ကို မြင်ရ၍သော်လည်းကောင်း၊ တန်ခူးလလောက်၌ ကြွေကျသည်ကို မြင်ရ၍သော်လည်းကောင်း မမြဲသောအနိစ္စသည် စိတ်၌ အလိုလို ထင်လာနိုင်ရာ၏။

●

## အပြုံအမည်း

လောကတွင် ဆင်ဖြူမျိုးဖြစ်သော ဥပေါသထဆင်၊ ဆဒ္ဒန္တဆင်များသည် ဖောက်ပြန်သောအားဖြင့် ဆင်မည်းဖြစ်သည်ဟု ထုံးစံစကား မကြားဖူးရာ၏။

●

http://www.dhammadownload.com



## ဟန်ဆောင်ခြင်းဒုက္ခ

သာယာဖွယ်မဟုတ်ပါဘဲ သာယာဖွယ် ဟန်ဆောင်လျက်၊ ချစ်စရာမဟုတ်ပါဘဲ ချစ်စရာ ဟန်ဆောင်လျက်၊ ဆင်းရဲစရာတွေကို ချမ်းသာစရာ ဟန်ဆောင်လျက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေသူကို ဒုက္ခသည် ဖိစီးရာ၏။

●

## ကဲ့ရဲ့မှာမကြောက်သင့်

အလုပ်မှန်လျှင် သူများကဲ့ရဲ့ခံမှာ မကြောက်သင့်။ တောဝက်တို့သည် မြဂုအတွင်း၌နေသော ကေသရာဇာခြင်္သေ့မင်းကို မြင်နေရသဖြင့် ကြောက်သောကြောင့်သာ မြဂုအရောင်ညှိုးအောင် ရွှံ့ဗွက်၌လူး၍ ပွတ်ကြဖူးလေ၏ ။

●

http://www.dhammadownload.com



## ကိုယ်တိုင်ယဉ်ကျေးခြင်း

ယဉ်ကျေးသောဆင်တော်၊ မြင်းတော်ကိုသာ ရှင်ဘုရင်တို့ စီးလေ့ရှိသောကြောင့် ယဉ်ကျေးသော ဆင်ရတနာ၊ မြင်းရတနာသည် အဖိုးတန်၏။ ထိုဆင်မြင်းတို့ထက် မိမိကိုယ်၏ ယဉ်ကျေးခြင်းက သာ၍အဖိုးတန်၏ ။

●

## ပါရမီတိုးပွားရေး

မိမိကိုယ်ကို အချစ်ဆုံးဟု နားလည်လျှင် ဤတစ်ဘဝ တွေ့ရသူများအပေါ်ဝယ် ဝတ္တရားကျေအောင် ဆောင်ရွက်၍ မိမိအတွက် ပါရမီတိုးပွားအောင် ကြိုးစားသင့်ရာ၏။

●

http://www.dhammadownload.com



## လောကဓံအတွေ့တွင်

လောက၌ တွေ့ရကြုံရတတ်သော သဘောအမျိုးမျိုးကို လောကဓံဟု ခေါ်ဆိုရာ၏။ လာဘ်ရခြင်း မရခြင်း၊ အခြွေအရံ ပေါခြင်း မရှိခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဟု အကောင်း ၄ ပါး၊ မကောင်း ၄ ပါး ရှိ၏။ အကောင်းတွေ့လည်း မကြွနှင့်။ မကောင်းတွေ့လည်း မကျနှင့်။ ကြွလည်း တုန်လှုပ်၏။ ကျလည်း တုန်လှုပ်ရာ၏။

●

http://www.dhammadownload.com



## ငွေ၏သတ္တိ

ငွေသည် အလွန်သတ္တိရှိ၏။ လူဖျင်းလူကိုလည်း လူတော် လူတတ်နေရာရောက်အောင် ပို့ဆောင်နိုင်ရာ၏။ အဆင်းမလှသူကိုလည်း အဆင်းလှသူနှင့်တန်းတူ ဖြစ်အောင် ပို့ဆောင်နိုင်ရာ၏။ အဘိုးကြီးကိုလည်း အပျိုအရွယ်သူငယ်မတို့နှင့် ရွယ်တူဖြစ်အောင် ရွက်ဆောင်နိုင်ရာ၏။ ထို့ကြောင့် ငွေရှိလျှင် ဘာမဆိုဖြစ်နိုင်သည်ဟု လောက၌ လူတို့ ယူဆကြလေ၏။

●

http://www.dhammadownload.com



## အလုပ်ကိစ္စဟူသမျှ

အလုပ်သစ်ကို ခက်တယ်ဟု ကြောက်နေလျှင် ဘယ်တော့မှ မလွယ်နိုင်သောကြောင့် ထိုအခက်ကိုပင် စထွင်လုပ်သင့်၏။ ပြုလုပ်ပါများလျှင် တဖြည်းဖြည်း အကျင့်ရသဖြင့် လွယ်ကူလာပါလိမ့်မည်။ ထို့ကြောင့် မိမိနှင့်ထိုက်တန်သော အလုပ်ကိစ္စဟူသမျှဝယ် ဘယ်အခါမျှ နောက်မဆုတ်ဘဲ ရဲရဲဝံ့ဝံ့ပြုလုပ်သင့်၏။

●

http://www.dhammadownload.com



## မီးနှင့်ရေ

ဤလောက၌ လူမိုက်တို့သည် မီးလျှင် ဥပမာ ရှိကုန်၏။ ပညာရှိမှုကား ရေလျှင် ဥပမာရှိကုန်၏။ အကြောင်းမူကား မီးသည် မိမိလောင်သွားရာအရပ်ကို မည်းနက်မွဲခြောက်သွားဘိသကဲ့သို့လည်းကောင်း၊ ရေသည် မိမိစီးသွားရာ အရပ်ကို သန့်ရှင်းစင်ကြယ်သွားဘိသကဲ့သို့လည်းကောင်း နှိုင်းရာ၏။

http://www.dhammadownload.com



# လှည့်လည်ဘိလော့

မင်းမြတ် ချောင်းမြောင်း၍ နားထောင်ခြင်းငှာ အလုံးစုံသော တိုင်းနိုင်ငံ၌လည်းကောင်း၊ ဇနပုဒ်၌ လည်းကောင်း လှည့်လည်ဘိလော့။ ထိုတိုင်း ဇနပုဒ်၌ လှည့်လည်သောမင်းသည် မြင်အပ်သည်ကိုမြင်၍၊ ကြားအပ်သည်ကို ကြား၍ အစီးအပွားကို ကျင့်ရာ၏။

●

http://www.dhammadownload.com



## ပျက်စီးခြင်း

မင်းမြတ် ရှေးရှေးမင်းတို့သည် တံစိုးလက်ဆောင်ကို ယူကုန်၍ သီလရှိကုန်သော ရဟန်းသူတော်ကောင်းတို့ကို အချင်းချင်း ငြင်းခုံခြင်းကို ပြုစေကုန်၏။ မိမိ၏တိုင်းနိုင်ငံကို အစိုးမရသည်ဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဖူးလေ၏။

●

## မတိုင်ပင်အပ်၊ မစေအပ်ရာ

မမြင့်ရာသည် ဆေးသမား၊ မကြားရာသည် တရားသူကြီး၊ မနီးနှောရာသည် မင်းလုလင်၊ မတိုင်ပင်ရာသည် ရှေ့နေရှေ့ရပ်၊ မစေအပ်ရာသည် မိန်းမလျှာ၊ မသွားမလာရာသည် နတ်ဝင်သည် ဖြစ်ရာ၏။

●

http://www.dhammadownload.com



# ထုတ်နှုတ်ကိုးကားသော ကျမ်းစာအုပ်များ

၁။ သေကျှတောင်ဆရာတော် – ဒီပနီပေါင်းချုပ်
၂။ သေကျှတောင်ဆရာတော် – ပဏ္ဍိတဝေဒနိယ ဒီပနီကျမ်း
၃။ လယ်တီပဏ္ဍိတဦးမောင်ကြီး – စာဏကျနီတိ ကျမ်း
၄။ သင်္ဂဇာဆရာတော် – စကားပုံပေါင်းချုပ်
၅။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ – ဂါထာပေါင်းချုပ်
၆။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ – သင်္ဂြိုဟ်ဘာသာဋီကာ
၇။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ – ကိုယ်ကျင့်သိက္ခာ
၈။ လယ်တီဆရာတော် – ဒီပနီပေါင်းချုပ်
၉။ ကျွဲခြံရွာဆရာတော် အရှင်ပဏ္ဍိတာဘိဓဇ – လောကဓမ္မရေးရာ စကားပုံကျမ်း
၁၀။ မင်္ဂလာဗျူဟာအသင်းချုပ် – အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း သင်ရိုးအညွှန်းမှတ်စု
၁၁။ ဟံသာဝတီဆုံးမစာ

http://www.dhammadownload.com



၁၂။ မြင့်ဆွေနှင့် ရှင်ဉာဏိဿရ – မြင့်ဆွေနီတိနှင့် ဉာဏိဿရနီတိ

၁၃။ ဆုထူးပန် ဦးကျော် – ဆရာကြီး၏ ကမ္ဘာကမ္ဘည်းခေါ် နီတိသစ်

၁၄။ ဦးသော်ဇင် – နီတိစွယ်စုံ

၁၅။ မောင်ကြည်ရှင် – ဓမ္မနီတိ

၁၆။ ပါရဂူ – ဓမ္မစကား

၁၇။ ညောင်ကန်ဆရာတော်ဦးကဝိန္ဒ – ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု(ပ–ဒု–တ–စ–ပဥ္စမ)

၁၈။ အရှင်စန္ဒိမာ – ဓမ္မပဒဝတ္ထုတော်ကြီး (ပ–ဒု)

၁၉။ အရှင်ဓမ္မသာမိဘိဝံသ – ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး (ပ–ဒု)

၂၀။ မင်းသုဝဏ် – လောကသာရပျို့အဖြေအဘိဓာန်

၂၁။ မောင်းထောင်ဆရာတော် – ရာဇသေဝကဒီပနီကျမ်း

၂၂။ ရှင်မဟာရဋ္ဌသာရ – သံဝရပျို့

၂၃။ ဆရာပွား(တည်းဖြတ်သည်) – ကျည်းကန်ရှင်ကြီးမေတ္တာစာနှင့် ခက်ဆစ်အဖြေ

၂၄။ ကျီးသဲလေးထပ်ဆရာတော် – ဇိနတ္ထပကာသနီကျမ်း

၂၅။ မန်လည်ဆရာတော် – မဃဒေဝလင်္ကာသစ်

http://www.dhammadownload.com



၂၆။ မောင်းထောင်ဆရာတော် – အမေးတော်ဖြေ
၂၇။ မုံရွေးဇေတဝန်ဆရာတော် – ရာဇောဝါဒကျမ်း
၂၈။ ကန်တော်မင်းကျောင်းဆရာတော် – လောက
သာရပျို့
၂၉။ ကောင်းကြွယ် – ဗုဒ္ဓဝင်နှင့် လောကနီတိ
၃၀။ ရှင်မဟာရဋ္ဌသာရ – ကိုးခန်းပျို့

●